စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# အလယ်တန်းအဆင့်
# ဂုဏ်ထူးလွှန်
# စာစီစာကုံးများ

ဦးကျော်မိုးမြင့်(မြန်မာစာ)



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

# အလယ်တန်းအဆင့် ဂုဏ်ထူးလွှန် စာစီစာကုံးများ

ဦးကျော်မိုးမြင့်(မြန်မာစာ)



LLT0057

2,500.00 KS

အလယ်တန်းအဆင့်ဂုဏ်ထူးလွန်စာစီစာကုံးများ။ ဦးကျော်မိုးမြင့်(မြန်မာစာ)
တမျက်နှာ ၂၇၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းဟာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အလယ်တန်းအဆင့် ဂုဏ်ထူးလွှန်စာစီစာကုံးများ

ဦးကျော်မိုးမြင့်(မြန်မာစာ)

စာစီစာကုံးတိုင်းတွင် မေးခွန်းဟောင်း
ပုံကြမ်းအချက်အလက်များဖြင့်
ရေးသားဖြေဆိုထားသည်။

စနစ်သစ် အဌမတန်း စာစီစာကုံးအမှတ်ပေး
စည်းမျဉ်းနှင့်အညီ ရေးသားပြုစုထားသည်။

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၂၀၁၅ အဋ္ဌမတန်း မြန်မာစာမေးခွန်းပုံစံသစ်က
ခွင့်ပြုချိန် (၂) နာရီ၊ ပေးမှတ် (၁၀၀) ရယ်လို့ဖြစ်လာတယ်။

စာစီစာကုံး (၃) ပုဒ်မေးပါတယ်။ နှစ်သက်ရာတစ်ပုဒ်ကို ရွေးချယ်ဖြေဆို ရမှာပါ။ တစ်ပုဒ်ကိုပေးမှတ် (၂၀) ။ တက္ကသိုလ်ဝင်တန်း စာစီစာကုံး မေးခွန်းပုံစံနဲ့ တစ်ထပ်တည်း၊ တစ်ပုံစံတည်းပါပဲ။ ပေးထားတဲ့ အောက်လိုင်းတွေကအစ တစ်သဘောတည်းပါပဲ။

တစ်ခု သတိပြုရမှာက -

တက္ကသိုလ်ဝင်တန်း စာစီကုံးဖြေချိန်က (၃) နာရီအထဲက တွက်ချက်ယူတာမို့ မြန်မာစာဂုဏ်ထူးရှင်တွေက မိနစ် (၅၀)၊ မိနစ် (၆၀) စသည် ရေးကြပါတယ်။

အဋ္ဌမတန်း စာမေးပွဲက ခွင့်ပြုချိန် (၂) နာရီဆိုတော့ စာစီစာကုံးရေးချိန်ဟာ အကြမ်းဖျင်း (၄၀) ၊ (၄၅) မိနစ်သာ ဖြစ်သင့်တယ်။ စာစီကုံးတစ်ပုဒ်ချင်းကို (၂၀) မှတ်ဆိုပေမယ့် အသုံးပြုရမယ့်အချိန် လုံးဝမတူဘူးဆိုတာ သတိပြုဖို့လိုမယ်။

အချိန်မရလို့ တိုလွန်းနေရင် ဂုဏ်ထူးစာစီစာကုံး မဖြစ်နိုင်သလို၊ ရှည်လျားလွန်း အချိန်အသုံးမချတတ်၊ နိဂုံးမချုပ်နိုင်ရင် ထုံးမိစံမျှ စာစီကုံး မဖြစ်နိုင်တော့ပါဘူး။

**"ထူးချွန်ထက်မြက်တဲ့လူဆိုတာ အချိန်ကို အသုံးချတတ်ရတယ်"**

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဆရာတို့၏ ဂုဏ်ကျေးဇူး | ၁ |
| ၂။ | ကိုယ့်အကျိုး သူ့အကျိုး | ၇ |
| ၃။ | စိတ်ဝင်စားဖွယ်ခရီးတစ်ခေါက်၊ ရထားစီးခရီးတစ်ခေါက် | ၁၂ |
| ၄။ | စာကြည့်တိုက်မှာ ပညာရှာ | ၁၇ |
| ၅။ | အမိကျေးဇူး | ၂၁ |
| ၆။ | ဆရာနှင့်တပည့် | ၂၇ |
| ၇။ | ဝီရိယနည်းခြင်း၏ ဆိုးကျိုးများ | ၃၂ |
| ၈။ | တစ်လုပ်စားဖူး သူ့ကျေးဇူး | ၃၇ |
| ၉။ | ခေတ်မီတိုးတက်နေသော ကျွန်ုပ်တို့၏ပတ်ဝန်းကျင် | ၄၂ |
| ၁၀။ | လူငယ်နှင့် အနုပညာ | ၄၈ |
| ၁၁။ | ဘုရားဖူးခရီးတစ်ခေါက်၊ စိတ်ဝင်စားဖွယ်ခရီးတစ်ခေါက် | ၅၃ |
| ၁၂။ | ကျွန်ုပ်နှစ်သက်သော အားကစားတစ်ခု | ၅၈ |
| ၁၃။ | ပျင်းရိခြင်း၏ဆိုးကျိုးများ | ၆၃ |
| ၁၄။ | မမေ့နိုင်သောနေ့တစ်နေ့၊ မိုးရွာသောနေ့တစ်နေ့ | ၆၈ |
| ၁၅။ | နိုင်ငံ့သားကောင်း | ၇၄ |
| ၁၆။ | လူငယ်နှင့် စာပေလေ့လာမှု၊ လူငယ်နှင့်စာပေ၊<br>အလိမ္မာစာမှာရှိ၊ စာဖတ်ဝါသနာ<br>စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ လူငယ်နှင့်စာဖတ်ခြင်း | ၈၀ |
| ၁၇။ | လူငယ်နှင့်ယဉ်ကျေးမှု | ၈၅ |
| ၁၈။ | လူငယ်နှင့်စည်းကမ်း၊ ကျောင်းသားနှင့်စည်းကမ်း<br>အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက | ၉၀ |
| ၁၉။ | ကျောင်းစာကြည့်တိုက်၊ စာကြည့်တိုက်မှာ ပညာရှာ | ၉၅ |
| ၂၀။ | ကျေးရွာနှင့် စာကြည့်တိုက် | ၁၀၀ |
| ၂၁။ | ကိုယ်ချင်းစာနာစိတ် | ၁၀၄ |
| ၂၂။ | ရိုးသားဖြောင့်မတ်ခြင်း | ၁၀၉ |
| ၂၃။ | ဆောင်းရာသီအလှ၊ လေပြန်လောင်းသည့် ဟေမာန်ဆောင်း | ၁၁၄ |


mgyoe.com

mgyoe.com


၂၄။ လူမှာအဝတ် တောင်းမှာအကွပ်၊ ၁၁၉
ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်
မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှု
၂၅။ သည်းခံစိတ် ၁၂၃
၂၆။ ပညာရဲရင့် ပွဲလယ်တင့် ၁၂၈
၂၇။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ၁၃၃
၂၈။ နောင်တ တရား ၁၃၈
၂၉။ ညနေခင်းကျေးရွာအလှမြင်ကွင်း၊ ကျေးလက်ညနေခင်းမြင်ကွင်း ၁၄၃
၃၀။ လရောင်ရွှန်းပ ညတစ်ည ၁၄၈
၃၁။ ဝသန်ခါဆီမိုးပန်းချီ ၁၅၃
၃၂။ အချိန်၏တန်ဖိုး၊ အချိန်ရှိခိုက်လုံ့လစိုက် ၁၅၈
၃၃။ မေ့လျော့ခြင်း၏ဆိုးကျိုး ၁၆၃
၃၄။ စည်းကမ်းဟူသည် လူ၏တန်ဖိုး ၁၆၈
၃၅။ အတာသင်္ကြန်၊ မြန်မာ့ရိုးရာရေသဘင်ပွဲ ၁၇၃
၃၆။ စွဲထင်ရစ်သောမြင်ကွင်း ၁၇၈
၃၇။ မြန်မာ့ဆယ့်နှစ်လရာသီ ပွဲတော်များ ၁၈၃
၃၈။ ဆောင်းရာသီ နံနက်ခင်းအလှ ၁၈၉
၃၉။ ဈေးမြင်ကွင်း ၁၉၄
၄၀။ စာဖတ်ဝါသနာ၊ စာဖတ်ခြင်း၏အကျိုးကျေးဇူး ၁၉၉
အလိမ္မာစာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ
၄၁။ ပျက်အစဉ် ပြင်ခဏ ၂၀၅
၄၂။ လူငယ်နှင့်အားကစား၊ ကျောင်းသားနှင့်အားကစား ၂၁၀
၄၃။ အရုဏ်ကျင်းချိန်၊ နေထွက်ချိန် ၂၁၄
၄၄။ စွဲထင်ရစ်သောမြင်ကွင်း၊ မေ့မရသောမြင်ကွင်း ၂၁၉
၄၅။ နေဝင်ချိန်၊ နေဝင်ဆည်းဆာ၊ ညနေဆည်းဆာ ၂၂၄
၄၆။ မိတ်ဆွေများခြင်းအကျိုး၊ မိတ်ဆွေကောင်း မိတ်ဆွေစစ် ၂၂၉
၄၇။ အလှညောင်းသည့် လတပေါင်း ၂၃၄
နွေဦးရာသီ အလှပန်းချီ၊ ဆန်းစခါနွေ
၄၈။ စည်းလုံးညီညာ အောင်ကြောင်းဖြာ၊ ညီညွတ်ခြင်းအင်အား ၂၃၉
၄၉။ ကြိုတင်ပြင်မှ အောင်ပွဲရ၊ ပွဲမဝင်ခင် အပြင်ကကျင်းပ ၂၄၄
၅၀။ နှုတ်ချို သျှိုတစ်ပါး ၂၄၉
၅၁။ မိဘကျေးဇူး ၂၅၄


mgyoe.com

mgyoe.com

၅၂။ ကျွန်ုပ်၏ သူငယ်ချင်းတစ်ဦး၊ မေ့မရသော သူငယ်ချင်းတစ်ဦး ၂၆၀
၅၃။ ဝါလကင်းလွတ် သီတင်းကျွတ် ၂၆၅
၅၄။ ကြိုးစားမှု၏ရလဒ်၊ ဇွဲလုံ့လ၏အားမာန် ၂၆၉
ဇွဲကိုရင်းလျှင် အောင်ပွဲဆင်၊ လှေခွက်ချည်းကျန် အလံမလဲ
၅၅။ ရိုးရိုးကျင့် မြင့်မြင့်ကြံ ၂၇၄

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## ဆရာတို့၏ဂုဏ်ကျေးဇူး

ပုံကြမ်း

- ဆရာဟူသည်
- မိဘသည် လက်ဦးဆရာဖြစ်ပုံ
- ဆရာတို့၏တာဝန်များ
- ဆရာတို့၏ ဂုဏ်ကျေးဇူးကြီးမားပုံ
- ဆရာတို့၏ ဂုဏ်ကျေးဇူးကို သိသင့်ပုံ
- ဆရာတို့၏ ဂုဏ်ကျေးဇူးကြောင့် အောင်မြင်ရပုံသာဓကများ
- ဆရာ့ကျေးဇူးမသိ၍ ဒုက္ခရောက်ရပုံ သာဓကများ
- ဆရာ့ကျေးဇူးတို့ကို ပြန်လည်ပေးဆပ်သင့်ပုံ



mgyoe.com

mgyoe.com

ဆရာတို့တွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ သုံးမျိုးရှိပါသည်။ သင်ဆရာဟူသည် "ကိုယ်ထိလက်ရောက် ကျကျနန သင်ကြားပေးသောဆရာမျိုး" ဖြစ်သည်။ မြင်ဆရာဟူသည် "သူလုပ်ကိုင်နေသည်ကို တွေ့ကာမြင်ကာမျှဖြင့် တတ်မြောက်ခြင်းရှိသူဆရာကို" ခေါ်သည်။ ကြားဆရာဟူသည် "သူပြောဆိုရွတ်ဖတ်နေသည်ကို ကြားရသဖြင့် တတ်မြောက်ခြင်းရှိသူ၏ဆရာကို" ခေါ်သည်ဟူ၍ သုတေသန သရုပ်ပြအဘိဓာန်တွင် ပြည့်ဝစုံလင်စွာ ဖွင့်ဆိုပြထားပါသည်။ မည်သို့ပင် တီထွင်ကြံဆ အဓိပ္ပာယ်ဖွင့်ဆိုကြစေကာမူ ဆရာဟူသည် "ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ" များပင်ဖြစ်ကြပေသည်။

ဆရာဟူသည် "စေတနာ၊ ဝါသနာ၊ အနစ်နာ" ဟူသော နာသုံးနာနှင့် ပြည့်စုံရမည်ဟု ရှေးကပညာရှင်တို့ ဆိုမိန့်ကြပါသည်။ ဆရာတို့မည်သည် သင်ကြားခြင်းအတတ်ပညာကို ဝါသနာထုံသူလည်းဖြစ်ရမည်။ တပည့်တို့အပေါ်တွင် စေတနာကောင်းထားသူလည်းဖြစ်ရမည်။ တပည့်တို့အကျိုးနှင့် ပတ်သက်လာလျှင် အနစ်နာခံနိုင်သူလည်းဖြစ်ရမည်။ သင်ကြားပို့ချရာတွင် ထိမိပိုင်နိုင်စွာ သင်ကြားနိုင်ရန်အတွက် စာဖတ်နာသူလည်းဖြစ်ရမည်။ မိမိတပည့် ထူးချွန်စွာ တတ်မြောက်စေရေးကို ရှေ့တန်းတင်၍ ပင်ပန်းသည်ဟု သဘောမထားဘဲ အကြင်နာတရား အပြည့်အဝနှင့် ဆုံးမနိုင်သူလည်းဖြစ်ရမည်။ သို့မှသာ "အနန္တော အနန္တ ဂိုဏ်းဝင်" ဆရာကောင်း


mgyoe.com

mgyoe.com
ဆရာမြတ်ဟူ၍ ခေါ်တွင်ထိုက်ပေမည်။

တစ်ဖန် ဆရာတို့မည်သည် "ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤခြောက်ခု" ဟူသော နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသင့်လှသည်။ "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပ" တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့်လည်း ပြည့်စုံစွာ ကျင့်ကြံနေထိုင်သင့်လှသည်။ ထို့နောက်တစ်ဖန် "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့" ဟူသော ဆရာကျင့်ဝတ်ငါးပါးနှင့်လည်း ညီညွတ်စွာ ပြုမူသင့်လှပေသည်။ သို့မှသာ ဘုရားနှင့်တစ်ဂိုဏ်းတည်း အမိအဖနှင့် တစ်တန်းတည်းထားကာ တပည့်တို့က ချစ်ကြည်ညိုလေးစားကြပေမည်။

မြန်မာအဘိဓာန်တွင် "ဆရာဟူသည် ပညာသင်ပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်တစ်ခုခု၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်တတ်မြောက်သူ" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ" ဟူ၍ မိဘနှစ်ပါးသည် လူသား၏ပထမဦးဆုံးသော ဆရာများဖြစ်ကြောင်းလည်း ဖွင့်ဆိုကြပါသည်။ မိဘနှစ်ပါးသည် မိမိတို့ရင်သွေးရတနာကလေး မျက်စိဖွင့်နားပွင့်လာကတည်းက မိမိတို့ဘာသာ၊ စာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှုတို့ကို သင်ပေးကြမြဲ ဓမ္မတာပင်ဖြစ်ကြသည်။ ပထမအရွယ် ငယ်သော်ကစ၍ လူလားမြောက်သည့်အချိန်အထိ မိဘတို့သည် သားသမီးတို့အပေါ် ဆိုဆုံးမ၍ သင်ကြား၍နေကြရပေသည်။ မိဘသည် ဆရာဖြစ်ကြောင်းကို "သားသမီးမကောင်း မိဘခေါင်း" ဟူသောစကားက သက်သေခံပေသည်။

ဆရာတို့သည် ကရုဏာတရား မေတ္တာတရား ကြီးမားကြသူများ ဖြစ်ကြပေသည်။ ကျောင်းသို့ရောက်စက ကလေးသူငယ် လူမမည်ကလေးကို ကျောင်းနေပျော်၍ စာတော်စေရန်အတွက် ဂရုတစိုက်ဆက်ဆံ သင်ကြားကြရပေသည်။ "ကျောင်းသို့ရောက်လာ၊ မြတ်ဆရာလည်း၊ သို့မှာသို့ရေး၊ နူတ်သံလေးနှင့်၊ ညီထွေးသည့်နှယ်၊ လက်သန်းကြွယ်နှင့်၊ လက်လယ်ကိုကား၊ ဤသို့ထားမှ၊ လက်မသို့ထိပ်၊ လက်ညှိုးပိတ်၍၊ နှိပ်ကာလည်းကြွ၊ မကာလည်းရေး" ဟု အေးအေးသံရှင်ဖြင့် လက်ထားက စသင်ပေးခဲ့သည်မှာ ဆရာတို့၏ အစပထမ ကျေးဇူးရှင်တို့ပေသည်။

ဆရာတို့မည်သည် တပည့်တို့ကို အတတ်ပညာသင်ကြားရုံသာ မဟုတ်သေး။ လိမ္မာယဉ်ကျေးစွာလူတောတိုးနိုင်ရန်၊ ပညာရဲရင့်ပွဲလယ်တင့်နိုင်ရန် ဆုံးမညွှန်ပြကြရသေးသည်။ "တပုံမှတ်ကိန်း၊ အိုးထိန်းတို့မှာ၊ အိုးခတ်ရာဝယ်၊ ကွဲငှာမခတ်"၊ "ရင်ဝယ်ဖြစ်ညား၊ မွေးသည့်သားကို၊ မယ်ဖွားမိခင်၊ ဆုံးမသင်သို့၊ အကြင်ဆရာ၊ တို့သူငါဆို၊ လိမ္မာစေကြောင်း၊ ကောင်းပါစေလို၊ ဆိုပါသမျှ"ဆရာတို့၏ပဲ့ပြင်ဆုံးမတတ်သည့် ကျေးဇူးကား အထူးပင်ကြီးလှပါသည်။


mgyoe.com

mgyoe.com


ရှေးပညာရှိတို့က ဆရာတို့ကို ဓားသွေးကျောက်နှင့် တင်စားဂုဏ်ပြုကြသည်။ တပည့်တို့သည် သွေးသောဓားကဲ့သို့ ထက်မြက်သွားကြပြီး ဓားသွေးကျောက်သည်ကား တဖြည်းဖြည်း ပါးလျားသွားရချေသည်။ အချို့ကလည်း ဆရာတို့အား ဖယောင်းတိုင်နှင့် နိုင်းနှိုင်းကြပြန်ပါသည်။ တပည့်တို့အတွက် အလင်းရောင်ကို ဖြန့်ဝေပေးရင်း တို၍တို၍ အို၍အို၍သွားကြပုံကို ပုံဆောင်၍ ပြတတ်ကြပါသည်။ မိမိ၏တပည့်များ ကြီးပွားချမ်းသာကြ၊ ရာထူးဂုဏ်သိန် မြင့်မားသွားကြသည်ကို ကြည့်ရှုပြီး ဝမ်းသာပီတိဖြစ်နေကြရရှာသည်။ ဤသည်ကိုပင်လျှင် "တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား၍၊အားရှိပါ၏" ဟူ၍ ဆရာတို့၏ ဂုဏ်ကျေးဇူးကို ဝိသေသပြုဆိုရိုးစကား ပေါ်ပေါက်လာရလေတော့သည်။

လောကဌ် ဆရာကောင်းဆရာမြတ်တို့နှင့် တွေ့ရှိပညာသင်ခွင့်ရရန်မှာလည်း ဒုလ္လဘတရားတစ်ခု ဖြစ်မည်ထင်ပါသည်။ ဆရာကောင်းလျှင် တပည့်ထက်၍ ဆရာတော်လည်း တပည့်တို့ချွန်တတ်ကြပါသည်။ ဆရာစာသင်ကောင်းလျှင်တပည့်တို့စာကျက်ရ သက်သာစေပါသည်။ ဆရာအသင်ပြတော်လျှင် တပည့်လည်း မှတ်သားရ ရှင်းလင်းလွယ်ကူစေပါသည်။ ပြည်တန်ပတ္တမြားပင် ဖြစ်လင့်ကစား ကျောက်သွေးဆရာကောင်း၏ လက်သို့ရောက်မှသာအဖိုးထိုက်သည့် မကိုဋ်သရဖူတွင် ပန်ဆင်အသုံးပြုခံရပေမည်။ ထို့ကြောင့်ယနေ့ခေတ်တွင် မိဘတို့သည် မိမိတို့ရင်သွေးများအတွက် ကျောင်းကောင်းကောင်းကို ရွေးချယ်အပ်နှံလာကြသည်ကို တွေ့ရှိရပါသည်။ တပည့်တို့သည်လည်း ဆရာကောင်းကို ရွေးချယ်၍ ပညာဆည်းပူး လေ့လာကြပါသည်။

လောကတွင် ဆရာကောင်းဆရာမြတ်တွေ့ရှိမှု အရေးပါလှပုံကို သာဓကများစွာတို့ဖြင့် တွေ့ရှိမှတ်သားရဖူးပါသည်။ ပညာချွန်သောအင်္ဂုလိမာလသည် ယုတ်မာသောဆရာကြောင့် လူသတ်မားကြီးလုံးလုံး ဖြစ်ခဲ့ရရှာသည်။ ကံကောင်း ထောက်မ၍သာ ဆရာကောင်းဗုဒ္ဓနှင့်တွေ့ရှိရသဖြင့် အာသဝေါတရားကုန်ခန်းသော ရဟန္တာအဖြစ်ကို ရရှိခဲ့ရပေသည်။ ဗိမ္ဗိသာရမင်းကြီး၏သားအရင်း အဇာတသတ်သည် ဆရာယုတ် ဒေဝဒတ်နှင့်တွေ့သဖြင့် အပါယ်လားရပြီး မွေးစားသား ဇီဝကသည် ဆရာမြတ်ဗုဒ္ဓနှင့်တွေ့သဖြင့် "ဆေးကုသရာတွင်အတော်ဆုံး" တေဒဂ်ရပြီး သတင်းမွှေးခဲ့ရပေသည်။ ထို့ကြောင့် "ကုန်ရှုံးလျှင်တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက်လုံးမှောက်၊ ဆရာကုန်ရှုံးတော့သံသရာမှောက်" မဖြစ်မိစေရန် လောကဌ် ဆရာရွေးချယ်မှုသည်ကား အရေးကြီးလှပါသည်။

ဆရာတို့သည် ဥယျာဉ်မှူးကောင်းနှင့်လည်း တူကြပြန်ပါသည်။ ဥယျာဉ်မှူးတို့သည် ရေလောင်းပေါင်းသင် မြေဩဇာကျွေး၍ သစ်ပင်ပန်းမန်တို့ကို ဖူးပွင့်ကြီးထွားစေကြသကဲ့သို့ ဆရာတို့သည် တပည့်တို့ကို လူလားမြောက်စေရပါသည်။ သံဝ


mgyoe.com

ရမင်းသားသည် ဆရာမြတ်၏ဂုဏ်ကျေးဇူးကြောင့် နောင်တော် ကိုးဆယ့်ကိုးယောက်ကို ကျော်လွန်ကာ ထီးနန်းကိုရရှိခဲ့ပေသည်။ မိလိန္ဒမင်းသည် ဆရာကောင်း ရှင်နာဂသိန်နှင့်တွေ့ရှိခဲ့ရသဖြင့် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ရသည်။ အနော်ရထာသည်ဆရာကောင်းဆရာမြတ် ရှင်အရဟံနှင့်တွေ့ရှိရသဖြင့် မြန်မာနိုင်ငံတော်ကြီးကို ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ခဲ့ပါသည်။

ဆရာတို့၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပေသည်။ ကျေးဇူးကြီးလှသော ဆရာတို့ကိုပစ်ပယ်ခဲ့သဖြင့် ကျေးဇူးကန်းခြင်းအမှု ပြုခဲ့မိသဖြင့် ဘဝပျက်ခဲ့ရသူ၊ အသက်သေခဲ့ရသူ၊ အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ရသူတို့သည်လည်း များစွာရှိပါသည်။ ဘီမသေနသည် မိမိအပေါ် ကျေးဇူးကြီးမားသူ ဆရာဖြစ်သူ စူဠဓနုဂ္ဂဟကို ပစ်ပယ်မိသသဖြင့်အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ရဖူးပါသည်။မူသိကဇောင်းသမားသည်လည်း မိမိဆရာကို ဂုဏ်တုဂုဏ်ပြိုင်ပြုခဲ့မိသဖြင့် လူပုံအလယ်တွင် အရှက်ကွဲခဲ့ရဖူးသည်။

နရသီဟပတေ့သည် မိမိကို ထီးနန်းတင်ပေးခဲ့သည့် ဆရာအမတ်ကြီး ရာဇသင်္ကြံကို ဒလသို့နှင်ခဲ့မိသဖြင့် အသက်ပါဆုံးရှုံးခဲ့ရုံမက ပုဂံပြည်ကြီးလည်း ပျက်စီးခဲ့ရသေးသည်။ ဗျိုင်းဆရာအား တိရစ္ဆာန်ဖြစ်လေသောကြောင့် ရှက်ဖွယ်ဟု ထင်မိကာ ဆရာကိုကာပြန်သဖြင့် အာခေါင်ကိုလှံစူး၍ သေရသူလည်း ရှိဖူးလေသည်။ ဆရာတို့ဂုဏ်ကျေးဇူးကို ပစ်ပယ်မိလျှင် "ဆရာကိုပယ်၊ ကိုယ်ဝယ်လှံစူး၊ အထူးမျက်မှောက်၊ မန္တန်ပျောက်နှင့်၊ အုတ်ကျောက်ခဲပြို၊ မြေခွဲမျို၍" ဟူ၍ မန်လည်ဆရာတော်က မိန့်ဆိုခဲ့ပါသည်။

ဆရာတို့၏ ဂုဏ်ကျေးဇူးကြီးမားလှပုံကို မီးဖိုချောင်တွင် အသေးအဖွဲ့ကိစ္စဖြစ်သော ငါးပိဖုတ်သည်ပင်လျှင် "ဆရာမပြနည်းမကျ"ဟု အဆိုရှိပါသည်။ တိုင်းပြည်၏အမြင့်ဆုံး အရေးပါဆုံးဖြစ်သော ဘုရင်သည်ပင်လျှင် မင်းဆရာပညာရှိအမတ်ကြီးများထား၍ တိုင်ပင်ရ မေးမြန်းရ နည်းနာခံယူရပါသေးသည်။ ဤလောကဌ် ဘုရားမှတစ်ပါး ဆရာနှင့်ကင်းသူဟူ၍မရှိကြပါ။ ဆရာတို့ထံမှပညာကို ဆရာ့လက်ငုတ် ဆုပ်ဆုပ်ပိုင်ပိုင်ရရှိသူတို့သည် ဆရာကောင်းတပည့် ပန်းကောင်းပန်ဆင်နိုင်ကြပေသည်။ ဘုရားသော်မှ အမှီရှိမှပွင့်ရဟူသကဲ့သို့ ကြီးပွားတိုးတက်လိုသူသည် ဆရာကောင်းတည်းဟူသော အမှီသဟဲကောင်းကိုရရှိရန် အရေးကြီးလှပေသည်။ ဤလောကဌ် ဆရာကောင်းကို ဆည်းကပ်မိသဖြင့် စိန်နားကပ်ရောင်ကြောင့် ပါးပြောင်နေကြသူတို့ အပုံအပင်ရှိကြလေသည်။ ဆရာတို့၏ ဂုဏ်ကျေးဇူးပေတည်း။

ဆရာတို့၏ ဂုဏ်ကျေးဇူးကြီးမားလွန်ကဲလှပုံကို လောကနီတိတွင် "သစ်ပင်တောတောင်၏ အရိပ်သည်အေးမြ၏။ သစ်ပင်၏အရိပ်ထက် ဆွေမျိုးတို့၏



mgyoe.com

mgyoe.com



အရိပ်ကပို၍အေးမြ၏။ ဆွေမျိုးတို့အရိပ်ထက် မိဘအရိပ်သည်ပို၍အေးမြ၏။ မိဘအရိပ်ထက် ဆရာ၏အရိပ်က ပို၍အေးမြ၏" ဟု ညွှန်ပြထားပါသည်။ ဆရာတို့၏အရိပ်သည် လောကကိုလည်းအေးမြစေပါသည်။ ဘဝကိုလည်းအေးမြစေပါသည်။ လက်ရှိပစ္စုပ္ပန်ဘဝကိုသာမက သံသရာကိုပါအေးမြစေသော ဆရာတို့၏အရိပ်ပင်ဖြစ်ပါသည်။ ကြီးပွားတိုးတက်လိုသော လူသားသည် ထိုမျှဂုဏ်ကျေးဇူးကြီးလှလေ၊ ဆရာတို့၏ကျေးဇူးကို အထူးသတိရနေရန် လိုအပ်လှပေသည်။ ။



mgyoe.com

## ကိုယ့်အကျိုးသူ့အကျိုး

ပုံကြမ်း

- လောကတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံရပုံ
- ကိုယ့်အကျိုးဟူသည်
- သူ့အကျိုးဟူသည်
- သူ့ကျိုး ကိုယ်အကျိုး မျှတအောင် ဆောင်ရွက်သင့်ပုံ
- ကိုယ့်အကျိုးချည်း မကြည့်သင့်ပုံ
- အပေးအယူမျှမှ အဆင်ပြေနိုင်ပုံ
- စာတွေ ကိုယ်တွေသာဓကများ
- မိမိအမြင်



mgyoe.com

mgyoe.com



လူဟူသည် ပေါင်းသင်းဆက်ဆံနေသတ္တဝါဟု ခေါ်ဆိုကြသည်။ဤသတ္တကမ္ဘာလောကကြီးတွင် လူသားတို့သည် တစ်ဦးနှင့်တစ်ဦး အကျိုးတရား၊ အကြောင်းတရားများ အပြန်အလှန် ပတ်သက်ဆက်နွယ် နှီးနှောလျက်ရှိကြသည်။ ထိုအခါ တစ်ဦး၏အကျိုးကို တစ်ဦးကလိုလားစွာ ကူညီဖေးမစောင့်ရှောက်ခြင်း၊ တစ်ဦးနှင့် တစ်ဦး ရင်းရင်းနှီးနှီး ညီညီညွတ်ညွတ် ပေါင်းစည်းဆောင်ရွက်ခြင်း စသည့်အကျိုးတရား အကြောင်းတရားများသည် လောကကောင်းကျိုးပြုတရားများ ဖြစ်လာကြရပေသည်။ ကိုယ့်အကျိုးသူ့အကျိုး နှစ်ဦးနှစ်ဖက် မျှတညီညွတ်စွာ ဆောင်ရွက်ပြုမူကြခြင်းဖြင့် ဤကမ္ဘာမြေသည် စိမ်းလန်းစိုပြေသော သာယာအေးချမ်းသော လူ့ဘောင်သစ်ကြီး ဖြစ်လာမည်မှာမလွဲတည်း။

ကိုယ့်အကျိုးဟူသည်မှာ "အတ္တဟိတ" ဟူ၍ခေါ်တွင်ပါသည်။ လူ၏အတ္တစိတ်မှာ မွေးရာပါဗီဇ ပါလာပြီးဖြစ်သည်။ ကိုယ့်အကျိုးတည်းဟူသော အတ္တဟိတစိတ်ကို လောဘကဦးဆောင်ပါသည်။ လိုချင်တပ်မက်ခြင်းတည်းဟူသော လောဘစိတ်သည်လည်း လူသားတိုင်းမှာ ရှိနေမည်သာဖြစ်သည်။ သို့ရာတွင် မတော်လောဘမဖြစ်မိစေရန် သတိဉာဏ်ပညာစွမ်းဖြင့် ကြည့်ရှုဆင်ခြင်နိုင်တတ်ရန် လိုပါသည်။ မိမိတစ်ဦးတည်း ကောင်းစားချမ်းသာရေး၊ မိမိဆွေမျိုးတစ်စုသာ ကြီးပွားချမ်းသာစေရေးစသည်တို့မှာ ကိုယ့်အကျိုးကိုကြည့်ရှုသော မိမိကောင်းစားရေးသာ မြင်တတ်သော အောက်တန်းစား စိတ်ဓာတ်များပင်ဖြစ်သည်။



mgyoe.com

သူ့အကျိုးဟူသည်မှာ "ပရဟိတ" ဟူ၍ ခေါ်တွင်ပါသည်။ ဤစိတ်ဓာတ်ကို ကိုယ်ကျိုးစွန့်၍ ရဲရဲရင့်ရင့် ဆောင်ရွက်တတ်သော လူငယ်အများစုတွင် တွေ့ရှိရတတ်ပေသည်။ သူတစ်ပါး၏ လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စေရန် အများသူငါ ကိုယ်စိတ်ချမ်းသာရှိကြစေရန် စေတနာပြဋ္ဌာန်းပြီး ပြုမူဆောင်ရွက်ပေးခြင်းမှာ သူ့အကျိုးကို ဆောင်ရွက်ခြင်းတည်းဟူသော "ပရဟိတ" စိတ်ထားများပင်ဖြစ်သည်။ ဥပမာအားဖြင့် NGO ခေါ် အစိုးရနှင့်မပတ်သက်သည့် အများအကျိုးဆောင်ရွက်ပေးသော အဖွဲ့အစည်း၏ စိတ်ဓာတ်များ၊ နာရေးကူညီမှုအသင်း၊ မိဘမဲ့ကလေးများ တည်ထောင်ဖွင့်လှစ်၍ စောင့်ရှောက်ပေးသူ၊ လူအိုရုံများတည်ထောင်၍ စောင့်ရှောက်ပေးမှု၊ သွေးလှူရှင်များအသင်း၊ ကြက်ခြေနီအဖွဲ့ဝင်များစသည်တို့မှာ ပရဟိတလုပ်ငန်းများဖြစ်ကြပြီး သူ့အကျိုးကို ဆောင်ရွက်သူများ ဖြစ်ကြပါသည်။ ပြည်သူလူထုအကျိုးပြု၊ အများအကျိုးပြု ဆောင်ရွက်မှုများမှာ "သူ့အကျိုး" ပင်ဖြစ်သည်။

လူအများနှင့် နေထိုင်ဆက်ဆံကြရသောအခါ အတ္တဟိတ၊ ပရဟိတစိတ်တည်းဟူသော ကိုယ့်အကျိုးသူ့အကျိုးကို ညီညွတ်မျှတအောင် ပြုမူပြောဆိုဆက်ဆံနေကြရပေသည်။ ကိုယ့်အကျိုး သူ့အကျိုးနှင့်ပတ်သက်၍ ဂရုစိုက်သင့်ပုံကို မြန်မာတို့သည် ဆိုရိုးစကား၊ စကားပုံများနှင့် သတိပေးဆုံးမလေ့ရှိကြပေသည်။ "ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ" "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" ဟူ၍ စကားပုံ ရှိပေသည်။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာမှာ နှစ်ဦးနှစ်ဖက် သည်းခံစိတ်ဖြင့် ညီညွတ်မျှတစွာပြုမူသောသဘောကိုဆောင်ပြီး ကိုင်းကျွန်းမှီကျွန်းကိုင်းမှီမှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကျေးဇူးပြုနေကြပုံကို ဖော်ညွှန်းပါသည်။

အမြော်အမြင်ရှိသော အောင်မြင်လိုသောလူသားသည် သူ့အကျိုး ကိုယ့်အကျိုး၊ သူ့ဘက်ကိုယ့်ဘက်ကို မျှတညီညွတ်အောင် ကြည့်ရှုတတ်၊ ပြုမူဆောင်ရွက်တတ်လေ့ရှိပါသည်။ "ကိုယ်မေတ္တာရှိမှသူ့မေတ္တာရှိ" ၊ "သူ့ဖျာထိုင်မှကိုယ့်ဖျာထိုင်" ဟူသောစကားကဲ့သို့ပင် သူ့အိမ်တွင် အရေးအကြောင်းရှိလာသောအခါ အခေါ်အပင့်မစောင့်ဘဲ သွားရောက်ဝိုင်းဝန်း ကူညီထားဖူးမှသာ မိမိတွင် အရေးအကြောင်းရှိလာသောအခါ မိမိထံသို့လည်း လာရောက်ဝိုင်းဝန်းကူညီကြပေလိမ့်မည်။ "မေတ္တာဟူသည်မှာ အလျားအနံမရှိသော်လည်းအသွားအပြန်ရှိ" ဟူ၍လည်းဆိုစကား ထားခဲ့ကြပါသည်။ "ဆန်ပေးလို့ဆီရ"၊ "ကျိုးဘုတ်ရိုသေ၊ ဘုတ်ကျိုးရိုသေ" ဟူသည်တို့မှာလည်း သူ့အကျိုးကိုယ့်အကျိုး၊ သူ့ဘက်ကိုယ့်ဘက် မျှတညီညွတ်စွာ ဆက်ဆံတတ်မှု၏ သင်္ကေတပြယုဂ်များပင်ဖြစ်သည်။ "သူ့ကိုချီးမြှောက်ကိုယ်ဂုဏ်မြောက်" ပြီးဖြစ်ပါသည်။

လူနှင့်လူချင်း ပေါင်းသင်းဆက်ဆံကြရာတွင် နှုတ်လက်အမူအယာ ချို

mgyoe.com


သာယဉ်ကျေးပျူငှာဖို့လိုပါသည်။ အပြောချည်းဖြင့်လည်း မပြီးသေး၊ "လက်ရောက်" မှုလည်း လိုပြန်ပါသည်။ "ဖေးကမ်းခြင်းသည်ချစ်ဆေး" ဟူ၍ဆိုပါသည်။ မိမိက "သောင်သာ" သောအခါ မိမိတစ်ဦးတည်းမစားသုံးဘဲ ပတ်ဝန်းကျင်ရှိ ချို့ငဲ့သူကို ခွဲချပေးရပေသေးသည်။ သို့မှသာ ဆင်းရဲနွမ်းပါးသူတို့က သူ့ကျေးဇူးကို အထူးသိကာ အရေးအကြောင်းရှိသောအခါ ဝန်းရံသိုင်းဝိုင်း၍ လာကြပေလိမ့်မည်။ ၄င်းကို ပင်လျှင် "အခြွေအရံ" ဟု ခေါ်တွင်ကြရပေသည်။

ညွှန်ပြပေးနိုင်စွမ်းသူ၊ ဆိုဆုံးမနိုင်စွမ်းသူ၊ ဖေးကမ်းချီးမြှောက်နိုင်သူ၊ ကူညီပံ့ပိုးပေးနိုင်သူတို့ကို "အရိပ်ထွက်သူ" ဟူ၍ခေါ်တွင်ကြပေသည်။ လူတို့သည် အရိပ်ထွက်သူကိုသာ ခိုကိုးကြရိုးထုံးစံရှိပါသည်။ ဤလောကသည် "သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ"၊ ခေါက်ရှာငှက် ပျံသန်းသကဲ့သို့ နိမ့်တစ်ခါ မြင့်တစ်လှည့် ဆင်းရဲချမ်းသာ အနိမ့်အမြင့် မညီတတ်သောသဘောရှိသည်။ ထို့ကြောင့် မိမိက ကူညီနိုင်စွမ်းသခိုက် ဖေးကမ်းစွန့်ကြနိုင်စွမ်းသခိုက် ကူညီစောင့်ရှောက် ဖေးကမ်းကြရမည်ကို သဘောပေါက်ထားဖို့လိုပါသည်။

ကိုယ်အကျိုး သူ့အကျိုးကို မျှမျှတတ ကြည့်ရှုဆောင်ရွက်နိုင်သူတို့မှာ" ကိုယ်ချင်းစာစိတ်" ရှိသူ လူကောင်းဟု ဆိုရပေမည်။ ကိုယ့်အကျိုးကို ကျော်လွန်ပြီး သူတစ်ပါးအကျိုးကို ဆောင်ရွက်ပေးနိုင်သူတို့မှာ အများအကျိုးဆောင်ရွက်လိုစိတ် ရှိသူများပင်ဖြစ်သည်။ အများအကျိုး သယ်ပိုးဆောင်ရွက်သူများမှာ မြင့်မြတ်သော စိတ်ထားရှိကြသူများဖြစ်သည်။ မြင့်မြတ်သော စိတ်ထားရှိကြသူများမှာ လူသေသော်လည်း နာမည်မသေ၊ ဂုဏ်သတင်းမွှေး၍ ကျန်နေတတ်ပေသည်။ လက်ရှိသက်ရှိ ထင်ရှားဘဝမှာလည်း "အများအကျိုးဆောင်ကိုယ်ကျိုးအောင်" ဟူသကဲ့သို့ လူ့အထက်တန်းသို့ ရောက်ရှိသွားတတ်ကြပေသည်။ လူ့လောကတွင် လူနှင့်လူချင်း ပေါင်းသင်းဆက်ဆံကြရာတွင် ကိုယ်ကျင့်တရားတည်းဟူသော စိတ်ကောင်း စိတ်မြတ်ရှိသူကို ရွေးချယ်ပေါင်းသင်းတတ်ကြပါသည်။ အများအကျိုးကို ဆောင်ရွက်ပေးတတ်သူများမှာ အထက်တန်းစား စိတ်ဓာတ်ပိုင်ရှင်များ ဖြစ်ကြလေသည်။

ထိုကဲ့သို့ မိမိကိုယ်ကျိုးစွန့်လွှတ်ကာ အများအကျိုးကို ဆောင်ရွက်သယ်ပိုးကြသော လူ့သူတော်စင်များဟု ခေါ်တွင်ကြရမည့် ပုဂ္ဂိုလ်များလည်း ရှိကြပါသည်။ ဒေါက်တာ နော်မန်ဘက်သွန်း၊ ပါမောက္ခဒေါက်တာရွိုက်ဇာ၊ ဟင်နရီဒူးနန့်၊ မီးအိမ်ရှင်မဟု တင်စားခံရသူ ဖလောရင့်နိုက်တင်ဂေး၊ တစ်ကမ္ဘာလုံးက လေးစားခြင်းခံခဲ့ရသည့်မာသာထရီဇာစသူတို့မှာမိမိကိုယ်ကျိုးကို လုံးလုံးလျားလျားမရှုကြည့်ဘဲအများကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြပေသည်။ ထိုပုဂ္ဂိုလ်ကြီးများ ကွယ်လွန်ခဲ့ကြသည်မှာကြာမြင့်လှလေပြီ။သို့ရာတွင်ဆောင်ရွက်ချက်များနှင့်အမည်နာမသတင်းတို့သည်ကား ကမ္ဘာတည်သရွေ့ မွှေးပျံ့လန်းဆန်းနေမည်သာ ဖြစ်ကြ


mgyoe.com

mgyoe.com

ပေသည်။

သူတစ်ပါးအကျိုး၊ အများအကျိုးကို ရွက်ဆောင်ပေးရန် ဝါသနာပါသူ ကိုမြဖေကို ကျွန်တော်တို့မြို့တွင် မသိသူ အလွန်ရှားပါးလိမ့်မည်။ ကိုမြဖေသည် ဘွဲ့ရပညာတတ် အစိုးရဝန်ထမ်းဖြစ်ခဲ့ဖူးသော်လည်း တစ်စုံတစ်ခုသောအကြောင်းကြောင့် အလုပ်ဖြုတ်ခံထားရသူဖြစ်သည်။ ကိုမြဖေသည် လောကခံကို မဖြုံတမ်း၊ မတုန်လှုပ်စတမ်းရင်ဆိုင်ရဲသူဖြစ်သည်။ သူရုံးသွားရာတွင် အသုံးပြုသော ဆိုင်ကယ်ဖြင့် ကယ်ရီခေါ် အငှားလိုက်မောင်းသူမှာ ကျွန်တော်တို့မြို့တွင် ကိုမြဖေဦးစွာလုပ်ခဲ့ခြင်းဖြစ်သည်။ ကိုမြဖေသည် သွေးလှူရှင်များကိုလိပ်စာနှင့် စာရင်းဇယားနှင့်တကွ ပြုလုပ်ထားပြီး သွေးလိုအပ်သူများကို အကူအညီပေးသည်။ မြေရောင်း၊ မြေဝယ်၊ အိမ်ရှင်အိမ်ငှား ပွဲစားကိစ္စလည်းပေါ်လာလျှင် ပေါ်လာသကဲ့သို့ လုပ်တတ်လေသေးသည်။ ကိုမြဖေသည် ဆိုင်ကယ်ပေါ်မှ မဆင်းရစတမ်း အလုပ်ရှုပ်နေသူတစ်ယောက်ပင်ဖြစ်သည်။ အများအကျိုးဆောင်ရွက်သည့်အတွက် ကိုမြဖေ လူသိပေါသည်။ လူချစ်လူ ခင်များသည်။ ထို့ကြောင့် ဆိုင်ကယ်တက္ကစီမောင်းသမားအလုပ်နှင့် ပွဲစားအလုပ်မှာ သူမတူအောင် ဖြစ်မြောက်အောင်မြင်လေတော့သည်။

အချို့သော အတ္တဟိတကိုယ်ကျိုးရှာ ငါ့ဖို့သမားများသည် လောကအပေါ် အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား စိတ်ဓာတ်များရှိကြသည်။ မျက်စိတစ်ဆုံးမြင်အောင်မကြည့်တတ်၊ မျက်တောင်တစ်ဆုံးမျှသာ ကြည့်မြင်တတ်ကြပေသည်။ ပရဟိတခေါ် အများအကျိုးဆောင်ရွက်လိုသူတို့မှာ နေရာတကာတွင် မျှတသော စိတ်ထား၊ ကိုယ်ချင်းစာတရား ထားတတ်ကြသည်။ ဒေါသရှေ့မထား၊ မေတ္တာတရားလက်ကိုင်ထားကာသည်းခံနိုင်စွမ်းကြ၊ နားလည်ခွင့်လွှတ်နိုင်စွမ်းကြသည်။ တစ်ဘဝတစ်ခန္ဓာအတွက်မကြည့်၊ နောက်ဘဝ နောင်ခန္ဓာ နောင်သံသရာကိုပင် မြော်တွေးထောက်ချင့်ကြည့်နိုင်စွမ်းကြသည်။ လူ့လောက လူ့ပတ်ဝန်းကျင်ကြီး သာယာစိမ်းလန်းစေရန်အတွက် သူ့အကျိုးကိုယ့်အကျိုး မျှမျှတတညီညီညွတ်ညွတ် ပြုမူဆက်ဆံကြရန် လိုအပ်လှပေသည်။ ။


mgyoe.com

mgyoe.com



## စိတ်ဝင်စားဖွယ်ခရီးတစ်ခေါက်
## ရထားစီးခရီးတစ်ခေါက်

ပုံကြမ်း

- ခရီးသွားခြင်းကို စိတ်ဝင်စားပုံ
- ခရီးထွက်ရန် အကြောင်းပေါ်လာပုံ
- ဆွေမျိုးများရှိရာ မြို့တစ်မြို့သို့ ခရီးထွက်ခဲ့ပုံ
- လမ်းခရီးအတွေ့အကြုံများ (မြင်ကွင်း၊ လူများ၊ အဖြစ်အပျက်များ)
- ကိုယ်တိုင်ပြုမူ လှုပ်ရှားခဲ့ပုံများ
- ဆွေမျိုးများထံရောက်၍ ပျော်ရွှင်ရပုံ



mgyoe.com

ကျွန်တော်ပဥ္စမတန်း ဖြေပြီးနှစ်က ဖြစ်သည်။ ကျွန်တော်နှင့်ညီလေးကို ရှင်ပြုပြီး ညီမလေးကို နားသမ်းလားပြုလုပ်ရန်အတွက် ဖခင်၏ဇာတိဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ အထက်နဂါးပေါ် ရွာသို့ မိသားစုလိုက် သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့မွေးဖွားနေထိုင်ရာ ပြင်ဦးလွင် တောင်ပေါ်မြို့ကလေးမှ မန္တလေးမြို့သို့ "ရွှေမန်းမေဗင်ကား" လေးဖြင့် ပျော်ရွှင်စွာ ဆင်းခဲ့ကြပါသည်။

အလယ်တန်းစာမေးပွဲကြီးများဖြေဆိုပြီးချိန်ကျောင်းများပိတ်စအချိန် ဖြစ်လေသောကြောင့် စိတ်ရောကိုယ်ပါ လွတ်လပ်ပေါ့ပါးနေချိန်ကဖြစ်ပြန်၊ ကျွန် တော်မရောက်ဖူးသောဒေသသို့ မစီးဖူးသေးသော မီးရထားစီးပြီး သွားရမည်ဖြစ် သဖြင့် ပျော်ရွှင်လိုက်သည်မှာ ပြောမပြတတ်အောင်ပင် ဖြစ်၍နေလေတော့သည်။ ထို့ထက် ဤကဲ့သို့ မိသားစုကလေးတစ်စုတစ်စည်း ခရီးသွားရသည်ကပင် အပျော် ခရီးထွက်သကဲ့သို့ ဖြစ်၍နေလေတော့သည်။

မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုခ်ရှိ ဘုန်းတော်ကြီး ကျောင်းတိုက်တစ်ခုတွင်ညအိပ်တည်းခိုကြပြီး မဟာမြတ်မုနိဘုရားကြီးဖူးရ၊ ပြတိုက် အတွင်းမှ အရုပ်များကြည့်ရသည်ကလည်း ပျော်ရွှင်ဖွယ်ကောင်းလှပါသည်။ အထူး သဖြင့်ငါးကန်၊ လိပ်ကန်တို့ကို လည်ပတ်ကြည့်ရှုကြရင်း ရေခဲမုန့်စားရသည်က ပို၍ အရသာထူးပါသည်။ အရှေ့မုခ်စောင်းတန်းမှ ကစားစရာအရုပ်ကလေးများ ဝယ်ရ



mgyoe.com

mgyoe.com


သောကြောင့် ညီလေးနှင့်ညီမလေးတို့ကလည်း မြူးထူး၍နေကြလေတော့သည်။

နောက်တစ်နေ့ နံနက်စောစော လေးနာရီခန့်တွင် စစ်ကိုင်းရွာထောင်ဘူတာသို့ ဗိုင်နာကားစီးပြီး ကူးခဲ့ကြပါသည်။ မန္တလေး ဈေးချိုကုန်စိမ်းတန်းမှ ထွက်သောကုန်စိမ်းဈေးသည်များအကြား တိုးဝှေ့၍စီးရသောလိုင်းကားတစ်မျိုးပင်ဖြစ်သည်။ ကျွန်တော်တို့သည် ထိုကဲ့သို့နံနက်စောစောအချိန်မျိုးကို တစ်ခါမျှ အိပ်ရာမှ မထခဲ့စဖူးပါ။ သို့ရာတွင် စိတ်ဆန္ဒက ရွှင်မြူးပေါ့ပါးနေ၍လားမသိ၊ ကျွန်တော်သည် ဖေဖေ့အလျင်ပင် နိုးထ၍နေလေတော့သည်။ စစ်ကိုင်းတံတားကြီးပေါ် မော်တော်ကားဖြတ်ကျော်စဉ်မှာတော့ စစ်ကိုင်းတောင်တော်၏ ဆီမီးရောင်စုံကိုရှုမျှော်ရင်း လေနုအေးကိုလန်းဆန်းလတ်ဆတ်စွာ ရှူရှိုက်ရပါသည်။ ကားသည်စစ်ကိုင်းဈေးတွင် ကုန်စိမ်းသည်နှင့် ကုန်များကိုချပြီး ရွာထောင်ဘူတာသို့ ဆက်မောင်းခဲ့ပါသည်။

ကျွန်တော်တို့ စီးရမည့်ရထားမှာ ရွာထောင်ဘူတာမှ စတင်ထွက်ခွာပြီး ကောလင်းမြို့တွင် ခရီးစဉ်ဆုံးသောကြောင့် "ကောလင်းရထား" ဟူ၍ခေါ်သော လော်ကယ်ရထားဖြစ်ပါသည်။ ပုံမှန်အားဖြင့် နံနက် ၆ နာရီတွင် စတင်ထွက်ခွာပြီး ကောလင်းမြို့သို့ ညနေ ၆ နာရီခန့်တွင် ဆိုက်ရောက်ရပါမည်။ ကျွန်တော်တို့ မိသားစုသည် ကောလင်းမရောက်မီ "ချပ်ကြီး" ဟူသော ဘူတာကလေးတွင် ဆင်းရပါမည်။ ချပ်ကြီးဘူတာတွင် "နဘားရထား" လည်း ရပ်နားထားပါသည်။ သို့ရာတွင် နဘားရထားသည် အချိန်မမှန်သောကြောင့်သော်လည်းကောင်း၊ ညအချိန်မတော် ဆိုက်ကပ်သောကြောင့်သော်လည်းကောင်း ချပ်ကြီးဘူတာဆင်းသူတို့က စီးလေ့မရှိဟု သိရပါသည်။ မန္တလေး၊ မြစ်ကြီးနား အမြန်ရထားကြီးများရှိသော်လည်း ချပ်ကြီးဘူတာတွင်ရပ်မပေးကြသဖြင့် ဖေဖေ့ရွာသို့သွားမည်ဆိုလျှင် ကောလင်းရထားသည်သာ အဆင်ပြေဆုံးဟု သိရပါသည်။

ရထားတွဲများသည် ရွာထောင်ဘူတာအလွန် ကုန်ရုံများအနီးတွင် ရပ်နားထားပြီး ကုန်များတင်၍နေပါသည်။ အချို့ခရီးသည်တို့က ညအိပ်၍ပင် နေရာယူထားနှင့်ကြပါသည်။ အလှူအတွက် ဈေးဝယ်လာကြသော ဖေဖေ့အစ်မများ၊ ရွာကဆွေမျိုးများက စောစွာသွားနှင့်ပြီး ထိုင်စရာနေရာယူထားနှင့်ကြသဖြင့် ကျွတော်တို့မိသားစုအတွက် နေရာအဆင်သင့်ပင်ရရှိပါသည်။ ရထားမထွက်ခွာမီ အိပ်စက်လဲလျောင်း နေနိုင်လောက်အောင်ပင် ချောင်ချိပါသည်။ ငါးနာရီခွဲခန့်တွင် မီးရထားတွဲသည် ကုန်ရုံပလက်ဖောင်းမှသည် ဘူတာအတွင်းသို့ နောက်ဆုတ်ပြီးတွဲထိုးကာ ခြောက်နာရီထိုးသည်နှင့် ရွာထောင်ဘူတာမှ စတင်ထွက်ခွာပါတော့သည်။

ညီလေးနှင့်ညီမလေးကား ပုခက်လွှဲ၍ချော့သိပ်နေသော အနေ့ရထားပေါ်တွင် ကလေးများပီပီအိပ်မောကျ၍ လိုက်ပါလာကြသည်။ ကျွန်တော်ကား အိပ်မပျော်နိုင်ပါ။ ရောင်နီလာ နံနက်ခင်းအလှကိုခံစားရင်း မင်းဝံတောင်တန်းကြီးကို


mgyoe.com

ငေးမောကြည့်ရှု၍ ခံစားနေမိပါသည်။ လောကဓာတ်ကြီးတစ်ခုလုံးသည်လည်း အိပ်မောကျနေရာမှ နိုးထလာခဲ့ပေပြီ။ ငှက်ကလေးတို့သည်လည်း "စိုးစီ စိုးစီ" နှင့် အိပ်တန်းထကြပေပြီ။ ရထားလမ်းအနောက်ဘက် အတန်ဝေးသောအရပ်တွင် "ကောင်းမှုတော်ဘုရား" ကိုလည်း ထူးထူးခြားခြား ဖူးမြင်ရလေသည်။

ပေါက်ကန်အမည်ရသော ဘူတာငယ်တစ်ခုတွင် မီးရထားသည် စက်ခေါင်းကိုစက်သပ်ပြီး ရပ်နားလိုက်စဉ်တွင် လူအများသည် ရထားတွဲပေါ်မှ အလျှိုလျှိုဆင်းကြပြီး တပိုတပါးသွားကြသည်။ မိန်းမများလည်း ရထားတွဲနှင့်ခပ်လှမ်းလှမ်းချုံကွယ်တွင် အန္တရာယ်ကိုကြုံသလို ဖြေရှင်းကြရသည်။ အဘယ့်ကြောင့်ဆိုသော် ရထားတွဲတွင် အိမ်သာမပါသောကြောင့်ပင်ဖြစ်သည်။ အိမ်သာရှိသော်လည်း ပိတ်ရန် တံခါးရွက်မပါ။ ပါသော်လည်းပိတ်မရ။ ပိတ်၍ရသော်လည်း လူများ၊ ကုန်ပစ္စည်းများနှင့် ပိတ်ကျပ်နေသောကြောင့် သွားရန်မလွယ်ကူပါ။ စက်ခေါင်းက စက်သတ်ရပ်နားခြင်းမှာ မန္တလေးကထွက်ခွာလာသော "တရုတ်မ" ခေါ် တရုတ်လုပ် အမြန်မီးရထားကြီးက ကျော်တက်မည်ဖြစ်သောကြောင့်ဟု သိရပါသည်။ သူ့ဓလေ့နှင့် သူ့အတွေ့၊ သူ့အရပ်နှင့် သူ့ဇာတ်သည်ကား ပန်ရလှပါတော့သည်။ မီးရထားပြတင်းပေါက်မှ ဖေဖေ၏ပွေ့ချခြင်းအားဖြင့် ကျွန်တော်တို့မောင်နှမသည်လည်း အများနည်းတူ ရှူးရှူးပေါက်ခြင်းအမှုကို ပြုရပါသည်။

ရထားကြီးသည် အတန်ငယ် ခရီးပေါက်လာသည်နှင့် ပို၍ကျပ်ညပ်လာပါသည်။ ဈေးသည်များကား အလွန်ပေါလှသည်။ တစ်တွဲမှတစ်တွဲသို့ ကူးလူးပြီး အော်ဟစ်ကာ ခရီးသည်များအပေါ် ဟိုကျော်ဒီခွနှင့် ဈေးရောင်းကြသည်။ နေသည်လည်း ခေါင်းပေါ်ကျော်ခဲ့ပြီမို့ တွဲပေါ်တွင် ထန်းရည်နှင့် လယ်ကြွက်ကြော်ကို ဟဲသူကလည်းဟဲကုန်ကြပြီ။ ကွမ်းစားသူကလည်းတပျစ်ပျစ်၊ ဆေးလိပ်သောက်သူကလည်း အခိုးအငွေ့ တထောင်းထောင်းဖွာရှိုက်ကြသည်။ သူတို့ခမျာ လူများအလယ်တွင် ဆေးလိပ်သောက်၊ ကွမ်းတံတွေး ထွေးခြင်းအမှုကို "မပြုလုပ်အပ်" ဟူသည်ကိုပင် သိရှိပုံမရကြပါ။

တတိယမြန်မာနိုင်ငံတော်ကြီး ထီးနန်းစိုက်ရာ ဦးအောင်ဇေယျ၏ ငါးမည်ရပြည်ရွှေဘို အရောက်သော်ကား ရထားသည် အကျပ်ဆုံးသို့ရောက်တော့သည်။ ဖေဖေသည် ရထားပေါ်မှဆင်းပြီး ဒံပေါက်ထမင်းဘူးများကို သွားရောက်ဝယ်ပါသည်။ ပြန်အတက်သော်ကား ခဲရာခဲဆစ် တက်ရလေတော့သည်။ ထိုင်ရန်နေရာလည်း မရှိတော့ပြီ။ ဖေဖေ့ခမျာ ဒံပေါက်ထမင်းကို မတ်တပ်ရပ်၍ စားရရှာသည်။ ကျွန်တော်လည်း မျောက်သတ္တဝါကဲ့သို့ ဆောင့်ကြောင့်ထိုင်ကာ ဒူးပေါ်တွင် ထမင်းဘူးတင်စားရသဖြင့် ထမင်းလုပ်နှင့်ပါးစပ် အနီးဆုံး ထမင်းတစ်နပ်ပါပေဟု မှတ်တမ်းတင်ထားလိုက်ပါသည်။



mgyoe.com

mgyoe.com


နေကလည်းအတန်ပြင်းခဲ့ပြီ။ ရထားတွဲပေါ်တွင်ကား မည်သူ့ကိုကြည့်ကြည့် ချွေးတဒီးဒီး၊ ယပ်တောင်တခတ်ခတ်နှင့် ဒုက္ခကြီးစွာရှိကြလေ၏။ ကလေးငယ်တို့ ငိုလိုက်ကြသည်မှာလည်း ပွက်ပွက်ညံနေတော့၏။ ဆောင်းအကုန်နွေအကူး လေရူးတို့ဆော်နေပြီဖြစ်သော်လည်း လေသည်ကား ရထားတွဲအတွင်းသို့ မဝင်နိုင်။ လယ်ကွင်း ယာကွက် ကျွဲနွား စာကျက် တောတောင်အလှကို ကြည့်ရှုခံစား လိုက်ပါခဲ့သော စိတ်ကူးယဉ်ကလေးလည်း ဘယ်ပျောက်သွားလေပြီမသိနိုင်။

ကျပ်တည်းအိုက်စပ် ပူလောင်လှသောကြောင့် ညီလေးကာငိုလေပြီ။ ဖေဖေ့ရွာအသွား မီးရထားစီးခရီးသည်ကား အပျော်ကြီးပျော်ခဲ့ရာမှ စိတ်အပျက်ကြီးပျက်ရလေတော့၏။ ရှေ့ဘူတာရောက်တော့မည်။ ရှေ့တစ်ဘူတာလွန်လျှင် ရောက်ပြီနှင့် ဖေဖေကားချော့ရှာပါ၏။ ညီလေး၊ ညီမလေးတို့ နေရာချောင်ချိစေရန်အတွက် မတ်တတ်ရပ်နေရရှာသော ဖေဖေ့မျက်နှာကား ချွေးသီးချွေးပေါက်တို့နှင့် မသက်မသာရှိလှသည်။ ပူအိုက် မူးမော်လှလေသောကြောင့် နို့အေးချောင်း၊ ရေခဲထုပ်တို့ဝယ်စား၍လည်း မရေတွက်နိုင်ပြီ။ စိတ်ပျက်ခြင်း၏ ဒုက္ခအဆုံးစွန်သို့ရောက်ပြီးနောက် ညနေငါးနာရီခန့်တွင် "ချပ်ကြီး" ဟူသောဘူတာသို့ ရောက်လေတော့သတည်း။

ပုပ်အဲ့အဲ့ ညှီစို့စို့ ရနံ့ကြီးမှလည်း လွတ်မြောက်ပြီ။

ရထားစီးခရီးတစ်ခေါက်ကား အပြီးအဆုံးသို့ ရောက်လေပြီ။ ရထားပေါ်မှ ဆင်းလိုက်သည်နှင့် ကျွန်တော်တို့ လေကိုအားပါးတရ တဝကြီးရှူရှိုက်မိ၏။ လွတ်လပ်ခြင်း၏ ထူးခြားလှသော အရသာတစ်ခုပါတကားဟု ကျွန်တော်သိရှိလိုက်၏။ ဆွေမျိုးများက ဘူတာသို့ နွားလှည်းများနှင့် လာကြိုဆိုကြ၏။ "သစ်ရိပ်ဝါးရိပ်တို့ထက် ဆွေရိပ်မျိုးရိပ်က ပို၍အေးမြ၏" ဟူသော နီတိစကားသည်ကား မှန်လှပေသည်။ နွားလှည်းနှင့်လာကြိုနေသော ဆွေမျိုးတို့၏အပြုံးကို မြင်လိုက်ရသည်နှင့် ရထားပေါ်ကြုံခဲ့ရသော စိတ်ပျက်ညစ်ညူးမှုမှန်သမျှ ကင်းပပျောက်ကွယ် သွားလေတော့သည်။ ကျွန်တော် ပထမဦးဆုံး ကြုံတွေ့ခဲ့ရသော ရထားစီးခရီးတစ်ခေါက်ပေတည်း။ မကြုံဖူးမြဲ ထူးကဲလှသော စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက်ပါပေတည်း။ ။


mgyoe.com

## စာကြည့်တိုက်မှာပညာရှာ

ပုံကြမ်း
- စာကြည့်တိုက်က ပညာပေးရန် အမြဲဖိတ်ခေါ်ပုံ၊
  စာဖတ်ခြင်းဖြင့် ပညာတိုးပွားနိုင်ပုံ
- ကျောင်းစာကြည့်တိုက်၊ ရပ်ကွက်စာကြည့်တိုက်တို့မှ စာအုပ်များ ငှားဖတ်နိုင်ပုံ
- မဂ္ဂဇင်း၊ ဂျာနယ်များ၊ သတင်းစာများ၊ စာအုပ်များ ခင်းကျင်းထားပုံ
- ရှာပါးစာအုပ်များကို စာကြည့်တိုက်မှာပင် ဖတ်ရှုရပုံ
- စာကြည့်တိုက်အသုံးပြု၍ အကျိုးရှိပုံ
- ကိုယ်တွေ့သာဓကများ၊ မိမိအမြင်



mgyoe.com

mgyoe.com



"စာကြည့်တိုက်ဟူသည် လေ့လာကြည့်ရှုရန်၊ ငှားရမ်းရန် စာအုပ်များကို သိမ်းဆည်းထားရာ အဆောက်အအုံဖြစ်သည်" ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပါသည်။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၄) ကမူကား "ရှေးဌွေ စသောအဖိုးတန်ဘဏ္ဍာများကို ဘဏ်တိုက်များ၌ စုဆောင်းထားပေးသည်။ ထို့ကြောင့်လည်း စာကြည့်တိုက်များကို 'ပညာ့ဘဏ်တိုက်' ဟုခေါ်သင့်လှပေသည်" ဟူ၍ ပညာ့ဘဏ်တိုက် စာကြည့်တိုက်၏အဓိပ္ပာယ်ကို ပေါ်လွင်လေးနက်အောင် ဖွင့်ပြထားပါသည်။

အသိဉာဏ်ပညာ ဗဟုသုတတိုးပွားလိုသော လူသားအတွက် စာကြည့်တိုက်သည် တက္ကသိုလ်ကြီးတစ်ခုနှင့် ပမာတူညီလှပေသည်။ တက္ကသိုလ်တစ်ခုသို့ တက်ရောက်ပညာသင်ကြားရန်အတွက် ပညာအရည်ချင်း၊ အသက်ကန့်သတ်ချက်၊ ငွေကြေးမြောက်မြားစွာ လိုပေဦးမည်။ စာကြည့်တိုက်မှာသော်ကား ထိုသို့မဟုတ်ပြီ။ ပညာ၊ ငွေကြေး၊ အသက် ကန့်သတ်ချက်တို့ မရှိပါ။ ပညာရင်နို့သောက်စို့လိုသူတို့အတွက် လာပါလှည့်၊ ရှုပါလှည့်၊ ဖတ်ပါလှည့်ဟူ၍ ဖိတ်ခေါ်နေသကဲ့သို့ပင် ရှိလေသည်။

ပြင်ပလောက ကမ္ဘာကြီးနှင့်နှိုင်းယှဉ်ပါလျှင်သော်ကား ကျောင်းသင်စာသည် စာအုပ်တစ်အုပ်၏ မာတိကာသဘောမျှသာ ရှိချေမည်။ ကြီးပွားတိုးတက်လိုသူတို့သည် စာကြည့်တိုက်များ၊ စာအုပ်စာပေများမှ အသိဉာဏ်ပညာတို့ကို ကြီးပွားရင့်သန်အောင် ဖတ်ရှုအားထုတ်ကြရပေသည်။



mgyoe.com

စာကြည့်တိုက်တို့မည်သည် အမျိုးမျိုးအစားစား ရှိကြပေသည်။ ဆေးတက္ကသိုလ်စာကြည့်တိုက်သည်ဆေးပညာနှင့်ပတ်သက်သောရည်ညွှန်းစာအုပ်တို့ကို ဦးစားပေး၍ ထားရှိပေးလိမ့်မည်။ စက်မှုတက္ကသိုလ်ဆိုလျှင်လည်း အင်ဂျင်နီယာတို့နှင့်ပတ်သက်သော၊ စစ်တက္ကသိုလ်ဆိုလျှင်လည်း စစ်တိုက်ခိုက်မှုအတတ်ပညာ၊ စစ်သမိုင်းစသည့် သင့်လျော်ရာပတ်သက်ရာတို့ကိုဦးစားပေး၍ တင်ထားကြပေမည်။ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာသော ယနေ့ကမ္ဘာတွင် ကျောင်းမှာလည်း ကျောင်းစာကြည့်တိုက်တို့ ရှိကြသကဲ့သို့ အလုပ်ရုံ၊ စက်ရုံ၊ ရုံး၊ ဌာနဆိုင်ရာအသီးသီးတို့တွင်လည်း စာကြည့်တိုက်များ ဖွင့်လှစ်ထားကြမြဲဖြစ်ပါသည်။ ယနေ့ခေတ်တွင် ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းနီးပါးမျှ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ထား နိုင်ကြပြီးဖြစ်သဖြင့် မိမိတို့ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန် အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ကြပြီ ဖြစ်သည်။

ယနေ့ မီဒီယာခေတ်ဟုခေါ်သော ဆက်သွယ်ရေးသတင်းလောက၊ စာနယ်ဇင်းသမားတို့အကြားတွင် "ထမင်းငတ်သည်ကိုခံနိုင်၊ သတင်းငတ်သည်ကို မခံနိုင်" သည်အထိ အသိဉာဏ်နှင့် မြော်မြင်တရားတို့ ကြီးထွားဖွံ့ဖြိုးလာခဲ့ကြပေပြီ။ တိုးတက်နေသူတို့သည် နံနက်လင်းသည်နှင့် ကမ္ဘာ့ပြတင်းပေါက်တည်းဟူသော သတင်းစာကို ကောက်ကိုင်ကြပေသည်။ ထို့နောက် ဂျာနယ်တစ်စောင်စောင်ကို လှန်လှောဖတ်ရှုခြင်းဖြင့် နေ့သစ်၏အစကို မင်္ဂလာရှိသော စာဖတ်ခြင်းဖြင့် စတင်လိုက်လေသည်။ ထို့ကြောင့် မည်သည့်စာကြည့်တိုက်မဆို သတင်းစာဂျာနယ်တို့ကို အလွယ်တကူဖတ်ရှုနိုင်အောင် စီစဉ်ထားပေးကြပေသည်။ မဂ္ဂဇင်းတို့သည် သုတရသနှစ်မျိုးစလုံးနှင့် စာပေပုံသဏ္ဌာန်မျိုးစုံတို့ကို အရောင်အသွေးစုံလင်စွာဖြင့် ဖတ်ချင်စဖွယ် အကောင်းဆုံးပင်ဖြစ်သည်။ စွဲမြဲစွာ ဖတ်ရှုမည်ဆိုလျှင် မဂ္ဂဇင်းများသည် လူကိုတိုးတက်စေသော စာအုပ်အမျိုးအစားပင်ဖြစ်လေသည်။

စာကြည့်တိုက်များတွင် ဗီရိုပေါင်းမြောက်မြားစွာတို့ဖြင့် စာအုပ်စာပေအမျိုးမျိုး၊ ဘာသာရပ်နယ်ပယ်၊ စာအုပ်အမျိုးအစား စသည်တို့ကို ကဏ္ဍအလိုက်ခွဲခြားစီစဉ်ထားကြရပေသည်။ အဘိဓာန်များ၊ ရည်ညွှန်းစာအုပ်များ၊ စွယ်စုံကျမ်းများနှင့် အဖိုးတန်ရှားပါးစာအုပ်များကိုမူ ပြင်ပသို့ ငှားရမ်းခွင့်မပြုဘဲ စာကြည့်တိုက်အတွင်းမှာသာလျှင် ကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းတို့ကို အသုံးပြုကြရပါသည်။ ထိုကဲ့သို့ စာအုပ်များသည်ကား အရေအတွက်များပြားစွာ မထားနိုင်သောကြောင့် နောက်ထပ်တစ်စုံတစ်ဦး အသုံးပြုလိုက အလွယ်တကူကြည့်ရှုနိုင်ရန် အတွက်သော်လည်းကောင်း၊ ကြီးမားထူထဲလှသောကြောင့် သယ်ယူရာတွင် ကြိမ်ဖန်များလာသောအခါ ပျက်စီးနိုင်သောကြောင့်သော်လည်းကောင်း ပြင်ပသို့ သယ်ယူခွင့်မပြုခြင်း ဖြစ်ပေသည်။



mgyoe.com

mgyoe.com


"စာမဖတ်ရသောနေ့ကို အမင်္ဂလာနေ့ဟုအယူရှိသည်" ဟူ၍ အမေရိကန်သမ္မတကြီး ရုစဗဲ့က ဆိုညည်းခဲ့ဖူးပါသည်။ "စာအုပ်ကောင်းများကို ဖတ်ရှုခြင်းသည် ကုန်လွန်ခဲ့သော ရာစုနှစ်များမှ အတော်ဆုံးလူသားများနှင့် စကားပြောရသည်နှင့် တူပေသည်" ဟူ၍လည်း ရေနီဒေးကား (ပြင်သစ်)က ဆိုဖူးလေသည်။ စာကြည့်တိုက်ကိုအသုံးချခြင်း၊စာဖတ်ခြင်းတို့ဖြင့်အနိမ့်ဆုံးဘဝမှ အမြင့်ဆုံးသို့၊ အမှေးမှိန်ဆုံးဘဝမှ ကမ္ဘာ့စံပြုရသူ အထွန်းတောက်ဆုံးအဖြစ်သို့ ရောက်ရှိသွားကြသူတို့ကား မရေတွက်နိုင်အောင် ရှိလှပေသည်။ ကျီစောင့်သမားဘဝမှ ပညာရှိဖြစ်လာသော ကွန်ဖြူးရှပ်၊ ကျွန်ဘဝမှ ပညာရှိဖြစ်လာသော ဒေါက်တာမာဒင်၊ သတင်းစာဝေသမားဘဝမှ ကမ္ဘာကျော်ပညာရှင်ဖြစ်လာသော ဘင်ဂျမင်ဖရင်ကလင်၊ အစေခံဘဝမှသမ္မတဖြစ်လာသောဂျေအေဂါဖီး၊ သစ်ခုတ်သမားဘဝမှ သမ္မတဖြစ်လာသောလင်ကွန်း၊ လယ်သမားဘဝမှ ဝန်ကြီးဖြစ်လာသောဝန်ဇင်းမင်းရာဇာ စသည်တို့သည်ကား ထင်ရှားသော သာဓကတို့ပေတည်း။ ထို့ကြောင့် စာကြည့်တိုက်သည်ကား ဘဝအထက်တန်းတက်လှမ်းနိုင်ရန်အတွက် အားထားမှီခိုရာ ဘဏ္ဍာတိုက်ကြီးပင် ဖြစ်ပေတော့သည်။

ကိုလိုနီခေတ်တွင် တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း၊ ကိုနုတို့သည် စာကြည့်တိုက်ကို အသုံးချပြီး ကမ္ဘာကို လှမ်းကြည့်နိုင်သည်အထိ ချွန်ထွက်နေကြသဖြင့် အင်္ဂလိပ်အစိုးရတို့ မျက်လုံးပြူး မျက်ဖြူဆိုက်ခဲ့ကြရလေသည်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းသည် ကမ္ဘာ့စစ်မီးတောက်မည့်အရိပ်ကို ကြိုတင်မြင်သိသဖြင့် ကျောင်းစာကိုမကြည့်တော့ဘဲ နိုင်ငံရေးလောကအတွင်းသို့ ခြေစုံပစ်ဝင်ခဲ့သည်ဟု နောင်ဗိုလ်ချုပ်ဖြစ်လာသောအခါ ကိုယ်တိုင်ရေးသားဖော်ပြထားပေသည်။ အတွေ့အကြုံရင့်ကျက်လှသော အသက်ကြီး နိုင်ငံရေးသမားကြီးများကို ဗိုလ်ချုပ်အောင်ဆန်း ဖြတ်ကျော်တက်နိုင်ခဲ့သည်မှာ စာဖတ်အားကောင်းခြင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိခြင်း၊ စွန့်လွှတ်စွန့်စားရဲသော သတ္တိရှိခြင်းတို့ကြောင့်ပင် ဖြစ်သည်။

စာဖတ်ခြင်းဖြင့် ပြည့်ဝသောသူ ဖြစ်စေပါသည်။ စာဖတ်ခြင်းသည် လူကိုတည်ငြိမ်စေပါသည်။ စာဖတ်ခြင်းဖြင့် ကြောက်ရွံ့ခြင်းမှ ကင်းဝေးစေပါသည်။ "လူကိုစိတ်ကအုပ်စိုးသည်။ စိတ်ကို အသိဉာဏ်က အုပ်စိုးသည်၊ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုးသည်၊ ဗဟုသုတကို စာပေကအုပ်စိုးသည်" ဟူ၍ ဦးဗဂျီဒိုက မိန့်ဆိုခဲ့ပါသည်။ ကျွန်တော်ကလည်း မရဲတရဲထပ်ဆင့်တက်၍ ဆိုလိုက်ချင်ပါသည်။ "စာအုပ်စာပေကိုစာကြည့်တိုက်က အုပ်စိုးသည်။ထို့ကြောင့် အသင်စာကြည့်တိုက်ကို ဝင်၍ ပညာသင်လေလော့" ။ ။


mgyoe.com

mgyoe.com


## အမိကျေးဇူး

ပုံကြမ်း

- လူသားတိုင်းအတွက် အမိကျေးဇူးကြီးမားပုံ
- ကိုယ်ဝန်ဆောင်
- မွေးဖွားပြီးနောက် ချစ်မြတ်နိုးစွာ ပြုစုစောင့်ရှောက်ပုံ
- သားသမီးအတွက် အနစ်နာခံပုံ၊ လက်ဦးဆရာဖြစ်ပုံ
- အမိကျေးဇူးနှင့်ပတ်သက်သော စာတွေ့ကိုယ်တွေ့သာဓကများ
- အဆိုအမိန့်များ၊ အမိကျေးဇူးကို အလေးအနက်နှလုံးသွင်းသင့်ပုံ


mgyoe.com

mgyoe.com



လောကတွင် ရွတ်ဆိုပြောကြားရသော စကားတို့တွင်အချိုမြိန်ဆုံး အရာမှာ "အမေ" ဟုခေါ် တွင် မြည်တမ်းရခြင်းပင်ဖြစ်သည်။ အေးမြသောအရိပ်ကို ပေးစွမ်းနိုင်သည့် အရာတို့တွင် အမေ့မေတ္တာရိပ်သည် အအေးမြဆုံးဖြစ်သည်။ မွှေးလွှန်းသောပန်းတို့တွင်လည်း ဘယ်သောအခါမျှ ရနံ့မခန်းခြောက်သည့် အမေ့မေတ္တာပန်းရနံ့သည်သာ အမွှေးမြဆုံးဖြစ်ပါလိမ့်မည်။ ဂုဏ်ကျေးဇူး အထူးကြီးမြတ်ကြသော အနန္တဂုဏ်အင်ကျေးဇူးရှင် မိခင်မေတ္တာသည်ကား ကျေးဇူးဆပ်၍ မကုန်နိုင်အောင် ကြီးမားလှပါသည်။

သက်ရှိသတ္တဝါတိုင်း အမေနှင့်မကင်းကြ။ လူသားမှန်သမျှ အမေနှင့်မကင်းနိုင်ကြပါ။ ဤလောက၌လူဟူသမျှ မိခင်မရှိတော့ပြီဖြစ်သော သားဟူ၍သာရှိမည်။ အမေမရှိခဲ့ဖူးသော သားဟူ၍ကား မရှိနိုင်ပါ။ ထို့ကြောင့် အမေတို့မည်သည် ကမ္ဘာတည်သ၍ ရှိနေကြပေဦးမည်။ အမေတို့၏ မေတ္တာပန်းရနံ့သည်လည်း ကမ္ဘာလေထုတည်ရှိနေသ၍ ပွင့်လန်းနေပေဦးတော့မည်။ မိခင်တို့၏ မေတ္တာစမ်းရေယာဉ်သည်လည်း ကမ္ဘာရေထုတည်ရှိနေသမျှ ဆက်လက်စီးဆင်းနေပေဦးတော့မည်။ ထို့ကြောင့် အမေတို့၏ ကျေးဇူးဂုဏ်ပမာဏသည်ကား ကမ္ဘာမြေတည်ရှိနေသမျှ ကမ္ဘာမြေထုပမာဏကဲ့သို့ ကြီးမားစွာ ခိုင်မြဲနေဦးမည်သာတည်း။

- သမုဒ္ဒရာရေတို့မည်သည် ဘယ်သောအခါမှ မခန်းခြောက်သကဲ့သို့ အမေတို့၏ မေတ္တာစမ်းရေယာဉ်သည်လည်း အမြဲတစေ တသွင်သွင်စီးဆင်းနေမည်



mgyoe.com

mgyoe.com

သာတည်း။ အမေမျိုးနွယ်ဝင် "ဣတိယ"တို့သည် မွေးကတည်းက မိခင်စိတ်ကိန်းတည် ပါလာပြီးသားဖြစ်သည်။မွေးလာကတည်းကပင် မိခင်ရနံ့ သင်းပျံ့ပြီးသားပင်ဖြစ်သည်။

လောကဟူသည် အကန်းပကတိမျှသာတည်း။ ထိုအမိုက်တိုက်လောကအတွင်းသို့ အမိဝမ်းမှကျွတ်လွတ်စ လူသားတို့သည် အကန်းကလေးမျှသာတည်း။ ဘာမျှ မမြင်စွမ်းနိုင်ကြသော ထိုအကန်းကလေးများ၏ မျက်စိ၊ နားတို့ကို ပထမဆုံး ဖွင့်လှစ်ပေးသူမှာ အမေတို့သာလျှင်တည်း။ ဤလောကသို့မမြင်မကန်း ရောက်လာသောလူသားဟူသမျှကို ဆီးကြိုနှုတ်ဆက်ပွေ့ဖက် ယုယင်ကြသူတို့မှာလည်း အမေတို့သာလျှင်ဖြစ်ကြပေတည်း။ ထို့ကြောင့်ပင်လျှင် "လက်ဦးဆရာ မြည်ထိုက်စွာ ဗုဗ္ဗာစရိယ မိနှင့်ဖ" ဟူ၍ စကားရှိလာရပေသည်။

အမိရင်ခွင်ထက်ဝယ်နေသော သားငယ်အဖို့ အမိရင်ခွင်သည် ကောင်းကင်ပြင်ထက်ကျယ်ပြောသည်။ အမိနို့ရည်တို့သည်လည်း ပင်လယ်ရေတို့ထက် များပြားသည်။ ဘယ်သောအခါမှ မခန်းခြောက်နိုင်။ အမေ့ရင်ခွင်သည် မွေ့ရာဂွမ်းခပ်တို့ထက် နူးညံ့နွေးထွေးသည်။ အိစက်ညက်ညောသည်။ အမေ့ရင်ခွင်သည် ရင်သွေးငယ်အတွက်အနွေးထွေးဆုံးနှင့်အလုံခြုံဆုံးဖြစ်သည်။ဤလောက၌ရင်သွေးရတနာတို့အတွက် အချိုသာဆုံးအနွေးထွေးဆုံးတေးမှာ အမိရွှေလက်တေးပုခက်မှ အိုအိုအေးအေး သားချော့တေးတို့ပင်တည်း။ ဤကမ္ဘာပေါ်တွင် လူမျိုးပေါင်းမြောက်မြားစွာရှိကြသည်။ သို့အတွက် ဘာသာစကားတို့သည်လည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားကြပေသည်။ သို့ရာတွင် မိခင်တို့၏သားချော့တေးကား ကမ္ဘာတစ်ဝန်းလုံးတစ်ပြေးညီတူညီကြပေသည်။

မိခင်တို့ သားသမီးအပေါ်ထားရှိသော မေတ္တာကား ကလလရေကြည်တည်ဦးစကပင် စတင်ခဲ့ကြပေသည်။ ချိုချဉ်စပ်ငန်ဖန်ခါးတို့ကို ဆင်ခြင်ရှောင်ရှား၍ စားကြရသည်။ ဆေးဝါး၊ အနှီးပိတ်စတို့ကို ရှာဖွေစုဆောင်းကြရသည်။ အအိပ်အနေအသွားအလာတို့ကို ဆင်ခြင်ကြရသည်။ ဖြစ်ပေါ်မလာသေးသော ရင်သွေးရတနာလေးအတွက် နာမည်လှလှကလေးများကို နေ့သင့်နံသင့် ရွေးချယ်ရသည်ကလည်း မမောနိုင်မပန်းနိုင်။ မိမိ မဖြစ်ခဲ့ရသော၊ မဖြည့်စွမ်းနိုင်ခဲ့သော လိုအင်ဆန္ဒတို့အား ထိုသားသမီးတို့ကို ဆက်လက်အကောင်အထည်ဖော်စေလိုကြသည်။ ဆရာဝန်ကြီးဖြစ်စေရမည်။ အင်ဂျင်နီယာကြီး ဖြစ်စေရမည်ဟူသော အတွေးတို့ဖြင့် ပီတိတို့ဝေကြရသည်မှာလည်း အတောမသတ်နိုင်။

မျက်နှာကို ခြေတို့ဖြင့် ကန်ကျောက်၊ ဆံပင်ကိုဆွဲ၍ ရင်ခွင်၊ ပါး၊ နားတို့ကိုလက်ဖြင့်ရိုက်ပုတ်သော်ငြား ထိုရိုက်ပုတ်ကန်ကျောက်သော ခြေလက်တို့ကို ငုံခဲရှိုက်နမ်းကာ ချစ်မဝရှာသူတို့မှာ အမေတို့ပင်ဖြစ်ကြသည်။ မစင်ကျင်ငယ်ဟူသမျှ စက်


mgyoe.com

mgyoe.com


ဆုပ်ရွံ့ရှာဖွယ်ဖြစ်သည်။ သို့ရာတွင် အမေတို့သည်ကား မရွံရှာနိုင်အားကြ။ ထမင်းစားနေလျက်ကပင် မိမိရင်သွေး၏မစင်ကို ကိုင်တွယ်ယူငင် ဖယ်ရှားပုံ့ကြသည်မှာ အမေတို့ဖြစ်ကြသည်။ အဘယ်မှာ ရွံ့ရှာနေနိုင်အံ့နည်း။ ရင်သွေးဟူ၍ မိမိရင်မှဖြစ်သော သွေးပေတကား။ မိမိဝမ်းနှင့် တစ်ဆက်တည်း၊ မိမိချက်နှင့် တစ်ဆက်တည်း၊ မိမိအသက်နှင့်တစ်ဆက်တည်း ကိုယ်ပွားကလေးပင် မဟုတ်ပါလား။

မည်မျှပင် အိပ်မောကျနေပါစေ၊ ရင်သွေးငယ် အဲ့ခနဲငိုသည်နှင့် သဲ့ခနဲနိုးထပြီးဖြစ်သည်မှာ အမေတို့ပင်ဖြစ်ကြသည်။ လှချင်ရဲ့စက်စက်ယိုနေသော အပျိုသည်ပင် မိခင်ဖြစ်လာပါက မိမိ၏လှချင်ပါသည်ဟူသော စိတ်တို့ ပျောက်ကွယ်ကာ မိမိရင်သွေး၏ဘဝကို လှပစေချင်သောစိတ်တို့ တစက်စက်ယိုဖိတ်၍ ကျလာရတော့သည်။ မိမိခန္ဓာကိုယ် နဂိုရေပျက်ယွင်းခဲ့ရသည်ကိုပင် မမှုနိုင်အားကြပါ။ ရိုးလှအေးလှ ရှက်ကြောက်လှပါသည်ဆိုသော မိန်းမတို့သည်ပင် သားသမီးအတွက်ဆိုပါက ထဘီစွန်တောင်ဆွဲကာ လူပုံအလယ်မှာ ရန်ဖြစ်ရဲသည်မှာ အမေ့မေတ္တာပင်ဖြစ်သည်။

အဟိတ် တိရစ္ဆာန်ပင်ဖြစ်ပါစေ၊ အမေသည် အမေ့စိတ်ဓာတ်အပြည့်အဝ ရှိကြသည်သာ ဖြစ်ပါသည်။ ရင်သွေးဟူက မချစ်မဝရှာကြပါ။ ပကတိအားဖြင့် ကြက်မသည် သိန်း၊ စွန်၊ ငှက်ဆိုး၊ လင်းယုန်မျိုးတို့ကို ကြောက်ရွံ့သော်ငြား သားသမီးအတွက်ဟူပါက ချစ်ခြင်းမေတ္တာစွမ်းပကားကြောင့် အသက်ပေး၍ ပြန်လည်တိုက်ခိုက်ရဲကြပေသည်။ ခွေးတို့မည်သည် ကျားအနံ့ရလျှင် ခါးကျိုးသွားအောင် ကြောက်မြဲဖြစ်သည်။ သို့ရာတွင် မိခင်ခွေးပိန်မကား သားသမီးတို့အတွက် ကိုးတောင်ကျားရဲကိုပင် သွားဖြဲ၍ တော်လှန်တိုက်ခိုက်ရဲကြသည်။ သားသမီးတို့အပေါ်ထားရှိသောမေတ္တာကား ခွန်အားတို့ကို ပွားတိုးစေခဲ့သည်။ ရင်သွေးအတွက်သေဘေးကို ရဲရဲကြီးပြေးတွေ့ပုံ့ကြပေသည်။

တွေသမျှလူတို့အား အသက်သတ် လက်ညှိုးဖြတ်နေသော လူဆိုးဗိုလ်အင်္ဂုလိမာလ သားကြီးအား ဘုရင့်စစ်တပ်က အတင်းသတ်ဖြတ်ရန် ချီတက်လာသောအခါ မိခင်ပုဏ္ဏေးမကြီးသည် ဝေးလှစွာသော တောလမ်းခရီးကို အတင်းပြေး၍ သတင်းပေးသည်မှာ အမိမေတ္တာပင်ဖြစ်သည်။ မြားဆိပ်မှန်၍ မိန်းမောနေသော သုဝဏ္ဏသာမ သတို့သားအား ပြင်းထန်စူးရှသော အမိမေတ္တာဖြင့် "သားရွှေအိုးထမ်းလာသည်ကို မြင်ရစေသား" ဟု သစ္စာပြုရုံမျှဖြင့် သား၏အသက်လည်း ရှင်ခဲ့သည်။ ရွှေအိုးကိုလည်းရခဲ့သည်။ မျက်စိနှစ်ကွင်းလည်း အလင်းရစေခဲ့သည်မှာ မိခင်မေတ္တာပင် ဖြစ်သည်။

ထိုမျှသော အမေတို့ကို သားသမီးတို့သည် အမေ့ရင်မှ နို့ရည်တို့ကိုသာ စို့ခဲ့ကြသည်။ မိမိရင်ဘတ်နားကပ်နေသည့် အိတ်ကပ်ထဲမှ ငွေစအနည်းငယ်ကိုကား



mgyoe.com

mgyoe.com
မယေးချင်ကြ။ အမေ့ပါးစပ်ထဲမှ ဝါးဖတ်တော် ကစီနစ်ဖြင့်သာ လူဖြစ်၍လာကြသည်။ ထမင်းတစ်နပ်ကို မသဒ္ဒါချင်ကြ။ အမေတို့သည် သားသမီးမှသည် မြေးမြစ်တို့တိုင် အချစ်ပိုခဲ့ကြသည်။ သားသမီးမြေးမြစ်တို့သည်ကား မိအိုဖအိုတို့ကို ရွံရှာစက်ဆုပ် နေတတ်ကြပြန်သည်။

၁၉၈၇ ခုနှစ်က မြန်မာ့လေကြောင်းမှ ဖော်ကာခရီးသည်တင် လေယာဉ် တစ်စီး လေထဲတွင်ပျက်စီးပြီး ဧရာဝတီမြစ်ရေထဲသို့ ထိုးကျသွားခဲ့သည်။ နောက် တစ်ရက်တွင် သားငယ်ကိုပွေ့ဖက်လျက် မိခင်အလောင်းကိုရေထဲမှ ဆယ်ယူရရှိ ခဲ့သည်။ ပွေ့ဖက်ထားသောလက်များကို မည်သို့မျှ ဖယ်ရှား၍မရဟူ၍ သတင်းစာ တွင် ဝမ်းနည်းဖွယ် ဖတ်ရှုရပါသည်။ တစ်ဖန် ရန်ကုန်မှ ဒလသို့ကူးဖေးသော တိုးအေးကူတို့သင်္ဘောသည် ဂျပန်ပင်လယ်ကူးသင်္ဘောနှင့် မတော်တဆတိုက်မိရာမှ တိမ်းမှောက်နစ်မြုပ်ရာတွင်လည်း နောက်ရက်များတွင် ကလေးငယ်ကိုပွေ့ဖက်၍ သေနေရှာသော မိခင်ရုပ်အလောင်းကို ကြေကွဲဖွယ်တွေ့ရှိရသည်ဟု သတင်းစာတွင် ဆိုပါသည်။ မိခင်တို့မည်သည် အသေဆိုးနှင့်တိုးခဲ့သည်ပင် မိမိရင်သွေးကို ရင်နှင့် မကွာ ချစ်ခဲ့ရှာကြသည့် လက်တွေ့သာဓကတို့ပေတည်း။

မိခင်မေတ္တာတို့နှင့် ပတ်သက်သော အဆိုအမိန့်တို့သည်ကား များလွန်းလှ ပါသည်။ စစ်တိုက်ရာတွင် ကြမ်းကြုတ်လှပါသည်ဆိုသော နပိုလီယန်သည်ပင် မိခင် မေတ္တာနှင့်စပ်လျဉ်း၍ "ကလေးငယ်တစ်ယောက်၏ အနာဂတ်ပန်းတိုင်သည် မိခင် တစ်ယောက်၏ ဗိသုကာလက်ရာဖြစ်၏" ဟု ဆိုဖူးပါသည်။ "သားကောင်းသည် မိခင်မှ၊ အသီးကောင်းသည်အမြစ်မှ" ဟူ၍သော်လည်းကောင်း၊ "ပုခက်လွှဲသော လက်သည် ကမ္ဘာကို ကြိုးကိုင်သည်" ဟူ၍လည်းကောင်း၊ မိခင်တို့၏ အရေးကြီးပုံနှင့် မေတ္တာတော်အနန္တကို အမျိုးမျိုးအဖုံဖုံ ညွှန်းဆိုကြပါသည်။ "ဘုရားသခင်သည် နေရာတိုင်းမှာ မရှိနိုင်သောကြောင့် အိမ်တိုင်းမှာမိခင်တို့ကို ဖန်ဆင်းရသည်" ဟု သမ္မာကျမ်းစာတွင် ဆိုပါသည်။ မိခင်ကျေးဇူးကို အဘယ်မျှ အလေးအနက်ထားသင့် ပါသနည်းဟူမူ "ဂျနတ်ဟူသော နိဗ္ဗာန်ဘုံသို့ သွားရာလမ်းသည် မိခင်တို့၏ ခြေဖဝါး အောက်တွင်ရှိသည်" ဟု ကိုရမ်ကျမ်းစာက ဆိုပြန်ပါသည်။

အမေတို့သည်ကား သားသမီးတို့ကိုမွေးရ၍ အဘယ်မျှပင်ပန်းပါစေ၊ သားသမီးတို့အား ရှာဖွေကျွေးမွေးရ၍ အဘယ်မျှ အားအင်ကုန်ခန်းပါစေ၊ ချစ်မြဲ ချစ်နေကြမည်သာဖြစ်ပေသည်။ အတောင်အလက်စုံ၍ မိမိတို့၏ပင်အိုနှင့် ကိုင်း ခြောက်ကို စွန့်ခွာသွားကြငြား မေတ္တာမိုးတို့ ရွာသွန်းဖြိုးနေမည်သာ ဖြစ်ကြသည်။ ဤလောကသုံးဖြာတွင် မဟာပံသုမြေအထုရှိနေသမျှ မိခင်တို့၏မေတ္တာသည်ကား မြေအထုတမျှရှိပေမည်။ ရှုဂြိုဟ်သမျှလေတို့တွင် မိခင်ရနံ့ သင်းပျံ့နေပေဦးမည်။ ရေအထုရှိသမျှ သောက်သုံးသမျှရေတို့တွင် မိခင်မေတ္တာစမ်းရေတို့ ပျော်ဝင်နေပေ


mgyoe.com

mgyoe.com


တော့မည်။ မိခင်မေတ္တာအားဖွဲ့ဆိုသူမှာ အို၍ အို၍ အသက်သာ သေဆုံးသွားပေမည်။ မိခင်တို့၏မေတ္တာကား ဘယ်သောအခါ အဘယ်ကာလမျှ ကုန်ဆုံးနိုင်မည်မဟုတ်ချေတကား။ ။


mgyoe.com

mgyoe.com

## ဆရာနှင့်တပည့်

ပုံကြမ်း

- ဆရာဟူသည်
- မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာနှင့်တပည့် အမြဲဒွန်တွဲနေပုံ
- ဆရာ့ကျင့်ဝတ်နှင့် တပည့်၏တာဝန်
- ဆရာ၏ တပည့်အပေါ်ထားရှိရမည့် သဘောထားနှင့် တပည့်၏ ဆရာ့အပေါ်ထားရှိရမည့် လေးစားယုံကြည်မှု
- တပည့်များအတွက် ဆရာကောင်းလိုအပ်ပုံ
- ဆရာကောင်းတပည့် ပန်းကောင်းပန်ရန် လိုအပ်ပုံ
- ဆရာနှင့် တပည့်တို့အကြားတွင် အပြန်အလှန် ထားရှိသော စေတနာမေတ္တာ


mgyoe.com

mgyoe.com

"ဆရာ" ဟူသည် "ပညာသင်ကြားပေးသူ"၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်တစ်ခုခု၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်တတ်မြောက်သူ" ဟူ၍ မြန်မာ အဘိဓာန်တွင် ဖွင့်ဆိုထားပါသည်။ "တပည့်တို့၏အကျိုးစီးပွားကို ပြုကျင့်တတ်သောကြောင့်ဆရာမည်၏"။ " ဆရာဟူသည်အရာခပ်သိမ်း၊ အရာအားလုံးကို ချင့်ချင့်ချိန်ချိန် နှိုင်းနှိုင်းဆဆ ပြုမူလုပ်ကိုင်တတ်သူ" ဟူ၍ ပညာရှင်တို့ ဖွင့်ဆိုကြပါသေးသည်။ ဆရာတို့တွင် "သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ" ဟူ၍ သုံးမျိုးရှိကြောင်းကို သုတေသန သရုပ်ပြအဘိဓာန်တွင် အကျယ်ဖွင့်ဆိုပြထားပါသေးသည်။ မည်သို့ပင် ဆရာတို့၏ဂုဏ်ကို ဖော်ညွှန်းကြစေကာမူ "ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ" များမှာ အာစရိယ ဆရာများပင်ဖြစ်ကြပါသည်။

ဤလောကတွင် ဘုရားမှလွဲ၍ ဆရာနှင့်ကင်းသူဟူ၍ မရှိနိုင်ပါ။ အကယ်၍သာ ဆရာဟူသော လူတန်းစားတစ်ရပ်သာ မရှိခဲ့ပါက လောက ဤလူတို့သည် အဟိတ်တိရစ္ဆာန်နှင့်မခြား အသိဉာဏ် အလိမ္မာခေါင်းပါးသော အရိုင်းအစိုင်းများသာ ဖြစ်ရပေလိမ့်မည်။ အနန္တကျေးဇူးရှင် ဆရာသခင်တို့၏ ဂုဏ်ကျေးဇူးတို့ကြောင့်သာလျှင် ဤကမ္ဘာမြေသည် ယဉ်ကျေးသော၊ တိုးတက်သော လူ့အဖွဲ့အစည်းတို့ဖြင့် သာယာစည်ပင်နေကြရခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ဆရာနှင့်တပည့်တို့သည် အစဉ်အမြဲ ဒွန်တွဲလျက်ရှိနေရပေသည်။ မြန်မာ့ယဉ်ကျေးမှု လူ့ဘောင်တွင်


mgyoe.com

mgyoe.com
ဆရာတို့ကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထား၍ ကိုးကွယ်ဆည်းကပ်ကြရပေသည်။ မမေ့အပ်၊ မပြစ်မှားအပ်သော ခင်ပွန်းကြီး(၁၀)ပါးတို့တွင် ဆရာသခင်တို့သည်လည်း ပါဝင်ကြပေသည်။ ဆရာတို့မည်သည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ပစ္စုပ္ပန်သံသရာ နှစ်ဌာနလုံးတွင် ကောင်းသောအကျိုးတို့ကို ပေးဆောင်နိုင်ကြသူများပင် ဖြစ်ကြပေသည်။

ဆရာ့ကျင့်ဝတ်နှင့်ပတ်သက်၍ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဗုဒ္ဓမြတ်စွာသည် သိင်္ဂါလောဝါဒသုတ်တွင် ဟောပြထားသည်မှာ ယနေ့အချိန်အထိ ခေတ်မီနေဆဲဖြစ်ပါသည်။ ဤသည်ကို ရတနာပုံခေတ်တွင် သင်္ဂဇာဆရာတော်က "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ" ဟု၊ ရေးဖွဲ့ဖော်ပြထားပါသည်။ ထိုမျှဖြင့် မပြီးပြည့်စုံသေးပါ။ အနန္တဂိုဏ်းဝင်ဆရာသခင်တို့၏ ဂုဏ်အင်္ဂါတို့မှာ "ထက္ကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤခြောက်ခု" တည်းဟူသော နာယကဂုဏ်တို့နှင့်ပြည့်စုံရန် လိုအပ်ပါသည်။ ထိုမျှတုံလော၊ မဟုတ်ကုန်သေး။ "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပ" ဟူသော သူတော်ကောင်းတရားခုနှစ်ပါးတို့နှင့် ပြည့်စုံစွာ နေရန်မှာလည်း ဆရာတို့၏ ကျင့်ဝတ်ပင်ဖြစ်ပါသည်။

တပည့်တို့၏ ကျင့်ဝတ်နှင့်ပတ်သက်၍မူ သင်္ဂဇာဆရာတော်က "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ" ဟု ဖွဲ့ဆိုခဲ့ပါသည်။ ယနေ့ခေတ် တပည့်တို့သည် "ကျောင်းစည်းကမ်းလိုက်နာရန် ဆရာတို့၏ဆိုဆုံးမစကားကို နာထောင်ရန်၊ တစ်နေ့သင်စာတစ်နေ့အရကျက်မှတ်ရန်" အရေးကြီးဆုံးဖြစ်ပါသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကမူ တပည့်တို့သည် ပညာသင်ယူစဉ် ဆရာတို့ကိုရိုသေခြင်း "ဂါရဝ"၊ မိမိကိုယ်ကိုနှိမ့်ချခြင်း "နိဝါတ" မင်္ဂလာထားရှိရမည်ဟု စာဏကျနီတိကို ညွှန်၍ ဆုံးမထားပါသည်။ "မာန" သည် ပညာသင်ကြားရေး၏ အကြီးမားဆုံး အဟန့် အတားဖြစ်ကြောင်းနှင့် ပညာသင်စဉ် အဝတ်အစားကို မကြွားဝါသင့်ကြောင်း ရေးသားထားပါသည်။

ဆရာတို့ဟုဆိုလျှင် မိဘနှစ်ပါးကိုချန်လှပ်ခဲ့၍မရပါ။ "လက်ဦးဆရာမည်ထိုက်စွာပုဗ္ဗာစရိယမိနှင့်ဖ" ဟူ၍မိဘနှစ်ပါးသည် ဦးစွာပထမဆရာများပင် ဖြစ်ကြောင်းကို ဝန်ခံကြရပေမည်။ ဆရာနှင့်တပည့်သည် ကျောင်းစာသင်ခန်းတွင်သာ ဆုံတွေ့နိုင်ကြပါသည်။ သားသမီးနှင့်မိဘတို့သည် နေ့စဉ်နှင့်အမျှထိတွေ့ဆက်ဆံပြောဆိုဆုံးမနေကြရမြဲဖြစ်သည်။"တပည့်မကောင်းဆရာ့ခေါင်း၊ သားသမီးမကောင်းမိဘခေါင်း"ဟူ၍ပင်ဆိုစကားရှိပေသည်။ သားသမီး၊ တပည့်တပန်းတို့ မလိမ္မာမိုက်မဲကြသဖြင့် ဆရာ၊ မိဘတို့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော စကားပင်ဖြစ်လေသည်။ "ဆရာကောင်းတပည့်ပန်းကောင်းပန်" ဖြစ်သင့်ပါလျက် မိမိ၏မဆင်မခြင်လုပ်ရပ်


mgyoe.com

mgyoe.com


ကြောင့် မိဘနှင့်ဆရာသမားတို့ အရှက်တကွဲအကျိုးနည်း ဖြစ်ရလေတော့သည်။

စားဖိုဆောင် အနုပညာရပ်များဖြစ်ကြသော "အကြော်အချက် အဖုတ် အကင်" တို့တွင် "ငါးပိဖုတ်သည်ပင် ဆရာမပြနည်းမကျ" ဟူ၍ ဆိုစကားရှိပါသေးသည်။ လောကတွင် အရာရာ၌ ဆရာအရေးကြီးကြောင်း သာဓကပင်ဖြစ်ပါသည်။ ဆရာတို့ အသင်အပြကောင်းလျှင် တပည့်တို့ကျက်မှတ်ရ လွယ်ကူသက်သာစေပါသည်။ အသင်အပြ ထူးချွန်သောဆရာကောင်း ဆရာမြတ်တို့နှင့် သင်ကြားခွင့်ရကြ၍ ဘဝအဆင့်အတန်း မြင့်မားသွားကြသောသူများ မြောက်မြားစွာရှိကြပေသည်။

လောကတွင် ဆရာကောင်း ဆရာမြတ်နှင့်တွေ့ဆုံရန်ကား အရေးကြီးလှပါသည်။ သက်ရှိလူသားတို့ပင် မဆိုထားလင့်။ ပတ္တမြားကျောက်ကောင်းပင် ဖြစ်လင့်ကစား ကျောက်သွေးဆရာကောင်း၏ လက်သို့ရောက်ပါမှ အဖိုးထိုက်သည့် မကိုဋ်သရဖူတွင် ပန်ဆင်အသုံးပြုခြင်း ခံရပေသည်။ ယမနေ သစ်ကောင်းပင်ဖြစ်လင့်ကစား ပန်းပုဆရာကောင်းလက်ရောက်ပါမှ ကကြိုးဆင်သည့် ယမင်းရုပ်လေး ဖြစ်ရပေလိမ့်မည်။ ပြိုင်ပွဲဝင်ဆုဖလားရ မြင်းကောင်းဖြစ်လင့်ကစား အံရည်အချင်း မပြည့်မီသောဂျော်ကီ တက်စီးလျှင် ပွဲမဝင် အမြင်မလှ ရှုံးပွဲသာရင်ဆိုင်ရပေလိမ့်မည်။ အသေးအဖွဲကလေးဖြစ်သော ကြက်ပွဲသည်ပင်လျှင် မိမိကြက်က မည်မျှအသည်းကောင်း၍ ပွဲတောင်းနေပါစေ၊ အရေးကြီးဆုံး အခရာအကျဆုံးအရာမှာ "ကြက်ဆွဲ" ဖြစ်ပါသည်။

ဆရာကောင်းကိုမှီရသဖြင့် ကြီးပွားတိုးတက်သွားကြသော သာဓကတို့ကား မြောက်မြားစွာရှိပေသည်။ ဘုရားဟောဇာတ်တော်တွင် သံဝရမင်းသားသည် ဆရာကောင်းကို ဆည်းကပ်မိသဖြင့် နောင်တော် (၉၉) ပါးကို ကျော်လွန်၍ ထီးနန်းရခဲ့ဖူးသည်။ ပုဂံခေတ် နရသီဟပတေ့သည် ဆရာကောင်း အမတ်ကြီး ရာဇသင်္ကြံကိုအမှီပြု၍ ထီးနန်းရခဲ့ပေသည်။ ဘုရင်အနော်ရထာသည် ဆရာကောင်း ရှင်အရဟံကို ဆည်းကပ်မိ၍ မြန်မာနိုင်ငံကို ထေရဝါဒဗုဒ္ဓသာသနာ တည်တံ့စေနိုင်ခဲ့သည်။

ကြမ်းကြုတ်ရက်စက်လှသော သီရိဓမ္မာသောကမင်းသည် နိဂြောဓ သာမဏေ ဆရာကောင်းကိုတွေ့၍ ဗုဒ္ဓဘာသာဝင်တို့ ရောက်ရှိခဲ့ရသည်။ ဘုရင့်နောင်သည် အမတ်ကြီးဗညားဒလ၏ အကြံဉာဏ်အကူအညီဖြင့် ဒုတိယမြန်မာ နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ပေသည်။ ဘုရင်မင်းခေါင်သည် ဆရာကောင်း ဝန်ဇင်းမင်းရာဇာ၏ အဆုံးအမဖြင့် နန်းသက်ကုန်အောင် မင်းစည်းစိမ် ခံစားခွင့်ရခဲ့ပေသည်။ မင်းတုန်းမင်းသည် ငယ်ဆရာ စံကျောင်းဆရာတော် ဦးစန္ဒိမာ၏ အဆုံးအမဖြင့် အမရပူရထီးနန်းကို ရရှိခဲ့ပေသည်။

ဆရာတို့ကို အချို့က ပန်းပျိုးသူဥယျာဉ်မှူးနှင့် ပမာနှိုင်းယှဉ်ကြသည်။ အချို့က ဓားများကိုထက်မြက်စေသည့် ဓားသွေးကျောက်နှင့် နှိုင်းနှိုင်းကြသည်။



mgyoe.com

အချို့ကမူ အရောင်ဆီမီးကို ပေးဝေသော ဖယောင်းတိုင်နှင့် ပမာပြုကြသည်။ "ပန်းပျိုးလက်၊ ပန်းပုဆရာ၊ ကျောက်သွေးသမား၊ လမ်းဖောက်သူ" ဆရာတို့သည် သင်္ခါရသဘောတရားအရ စားသွေးကျောက်များ ပါးလျာသွားသကဲ့သို့ ဖယောင်းတိုင်များတို၍သွားသကဲ့သို့ အဆင်းလမ်းဆီသို့ အို၍ အို၍ သွားကြပေသည်။ တပည့်တို့သည်ကား အတက်လမ်းဆီသို့ ချီတက်ရင်း ဆရာတို့ကိုစွန့်ခွာ၍ အမြင့်ဆီသို့ ပျံသန်းထွက်ခွာသွားတတ်ကြမြဲဖြစ်ပေသည်။ ထိုနံရောအခါပင်အိုနှင့် ကိုင်းခြောက်ဘဝတွင် အထီးကျန်ဆရာတို့သည် တပည့်တို့၏ အောင်မြင်မှု၊ ကျော်စောမှု ဂုဏ်သတင်းကို မျှော်ငေးတမ်းတရင်း ပီတိဖြစ်နေရရှာသည်။ ထိုဆရာအိုတို့၏ နေဝင်ဆည်းဆာချိန် စိုပြည်စေရန်အတွက် တပည့်ဟောင်းတို့တွင် အသိတရားရှိရန် လိုအပ်လာပါသည်။

ဆရာ ဆရာမတို့၏ ဂုဏ်ကျေးဇူးကြောင့်ပင် မိမိတို့ လူမွေးလူတောင် ပြောင်ခဲ့ကြရပေသည်။ မိမိတို့ ဘဝအဆင့်အတန်းမြင့်မြင့် နေနိုင်ခဲ့ရသည်မှာ ဆရာ၊ ဆရာမတို့၏ အနန္တကျေးဇူးများကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် သီတင်းဝါလကျွတ်ချိန်တွင် ဆေးဖိုးစာတ်စာ ကလေးများဖြင့် ကန်တော့သင့်လှပေသည်။ တစ်နှစ်တစ်ကြိမ်မျှ သက်ကြီးပူဇော်ပွဲများ၊ ကျောင်းသားဟောင်းများ စုဆုံ၍ ဆရာကန်တော့ပွဲများ ပြုလုပ်ပေးခြင်းအားဖြင့် ဆရာ၊ ဆရာမတို့၏ဘဝကို စိုပြည်လန်းဆန်းစေနိုင်ပါသည်။ ဆရာတို့၏ မေတ္တာဓာတ်ကိုလည်း တပည့်တို့ မျှဝေခံစားကြရမည်ဖြစ်သည်။ ဤသို့ပြုခြင်းအားဖြင့် ဆရာတပည့်ဆက်ဆံရေးသည် မြန်မာ့ယဉ်ကျေးမှုလှူဘောင်ကို ထိန်းသိမ်းမြှင့်တင်ရာလည်း ရောက်ပေသည်။ ။



mgyoe.com

mgyoe.com



**ဝီရိယနည်းခြင်း၏ဆိုးကျိုးများ**

ပုံကြမ်း
- ဝီရိယဟူသည်
- ဝီရိယအရေးပါပုံ
- ဝီရိယနည်းခြင်းကြောင့် အကျိုးယုတ်ပုံ
- စာတွေ့ ကိုယ်တွေ့ သာဓကများ
- အမှတ်တရ သင်ခန်းစာတစ်ခု
- မိမိအတွေး၊ ခံစားမှုနှင့် အမြင်



mgyoe.com

ဝီရိယဟူသည် မဆုတ်မနစ်ဖြင့် မပြတ်တမ်း ကြိုးစားအားထုတ်မှု လုံ့လ ဖြစ်သည်။ ဝီရိယဟူသည်မှာ လုပ်ဆောင်အပ်သော အရာရာတို့တွင်လည်းကောင်း၊ ပြုမူကျင့်ကြံအပ်သော အရာရာတို့တွင်လည်းကောင်း စိတ်ကိုနစ်မြုပ်၍ အားသွန်ခွန်စိုက် ကြိုးစားအားထုတ်မှုပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရပါသော် ဝီရိယဟူသည် သတိသမ္ပဇဉ်နှင့်ယှဉ်သော ကြိုးစားအားထုတ်မှုပင်ဖြစ်သည်။ ဝီရိယဟူသည် ရဲရင့်ခြင်းနှင့် လုံ့လတို့ပေါင်းစပ်ထားခြင်းဟုလည်း ဆိုနိုင်ပါသည်။ ထို့ထက် ထင်ရှားအောင်ဆိုရပါလျှင် ဝီရိယဟူသည် ကြိုတင်ပြင်ဆင်မှုရှိပြီး အလုပ်တစ်ခုကို အပြီးသို့တိုင်အောင် စိတ်ရှည်ရှည်ထား၍ အားထုတ်ပြုလုပ်ခြင်း ပင်ဖြစ်သည်။

လူ့လောကတွင် လူဟူ၍ အသက်မွေးကြရာ၌ အောင်မြင်သော လူသားမှန်သမျှ ဝီရိယနှင့် ထုဆစ်ထားခြင်းခံရသူများဖြစ်ကြသည်။ ကြီးကျယ် ခမ်းနားသော အဆောက်အအုံမှန်သမျှ၊ ကြီးမားခံ့ထယ်သော လုပ်ငန်းအဆောင် အရွက်မှန်သမျှ ဝီရိယလူသားတို့က တည်ဆောက်ထားခြင်းဖြစ်ကြသည်။ ဝီရိယ၏အခန်းကဏ္ဍသည်ကား အရေးပါလှသည်။ လူ့လောကတွင် မိမိ၏ဘဝရည်မှန်းချက်များ အောင်မြင်မှုအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ဝီရိယသည်သာ အဓိကဇာတ်လိုက်ဖြစ်သည်။ လူ့ဘောင်လောကတွင် ကြီးပွားချမ်းသာသောသူတို့၏ အောင်မြင်ရသည့် အကြောင်းအရင်းမှာ ကြိုးစားအားထုတ်မှု လုံ့လတည်းဟူသော ဝီရိယစွမ်းပကားကြောင့်သာ ဖြစ်ကြသည်။ ဝီရိယရှိသူတို့သာ အထွတ်အထိပ်သို့ ရောက်ကြ၊

mgyoe.com


သူတကာတို့ထက် ထူးချွန်ကြပေသည်။

ဝီရိယအရာတွင် လူတကာတို့ထက် သာလွန်သော ဗုဒ္ဓမြတ်စွာက "ဝီရိယ စိုက်ထုတ်ခြင်းဖြင့် မပြီးသော အမှုကိစ္စဟူ၍မရှိ" ဟူ၍ အထင်အရှား မိန့်မြွက်တော်မူ ခဲ့ပေသည်။ ဝီရိယဟူသည် မည်သည့်အမှုကိစ္စကို ပြုလုပ်သည်ဖြစ်စေ ငွဲခတ်၍ ခွန်အားစိုက်ထုတ်ပြီး ဆောင်ရွက်ရမည်ဖြစ်သည်။ တောသုံးထောင်ကို အုပ်စိုးသော ကေသရာဇာခြင်္သေ့မင်းသည် ယုန်သူငယ်ကိုဖမ်းသော်လည်း ဤဝီရိယ၊ ဆင်ပြောင် ကြီးကိုဖမ်းသော်လည်း ဤဝီရိယနှင့်ပင် ဖမ်းဆီးလေသည်။ သားကောင်ငယ်သည် ဟူ၍ ဝီရိယကိုမလျှော့ချေ။ ထိုနည်းအတူ အောင်မြင်လိုသူ လူသားသည် ကြီးသည်၊ ငယ်သည်၊ သေးဖွဲသည်မဟူ အမှုကိစ္စ ဆောင်ရွက်ဖွယ်ရှိလာလျှင် ကြိုတင်ပြင်ဆင် ဝီရိယစိုက်ထုတ်ပြီး အောင်ပွဲဆင်သင့်လှပေသည်။

ဝီရိယနှင့်ပတ်သက်၍ ပညာရှိများ၏ အဆိုအမိန့်တို့များစွာ ရှိကြပါသည်။ "ဝီရိယ၏ရန်သူကြီးမှာ ပျင်းရိရွှေ့ဆိုင်းတတ်ခြင်းဖြစ်လေသည်။ ဝီရိယသည် အောင် မြင်ရာ အောင်မြင်ကြောင်းတို့၏ ပဓာနအချက်ကြီးဖြစ်ဘိသကဲ့သို့ ပျင်းရိရွှေ့ဆိုင်း တတ်ခြင်းသည် ဆုံးရှုံးရာဆုံးရှုံးကြောင်း၊ ပျက်စီးရာပျက်စီးကြောင်းဖြစ်လေသည်" ဟု ဦးဗဂျိုင်က ရေးသားခဲ့ဖူးပါသည်။ တစ်ဖန်လယ်တီပဏ္ဍိတ ဦးမောင် ကြီးကလည်း "ဝီရိယရှိသောသူသည် ရဲရင့်ခြင်းသဘောကိုနားလည်၏။ ရဲရင့်သောသူသည် ဝီရိယ သဘောကိုနားလည်၏။ ရဲရင့်ခြင်းနှင့်လုံ့လဝီရိယသည် တစ်ဂိုဏ်းတည်းပင် ဖြစ်ကြ လေသည်" ဟုဆိုမိန့်ခဲ့ပါသည်။ ရဲရင့်ခြင်းသတ္တိစွမ်းပကားလည်းရှိမည်။ လုံ့လဝီရိယ လည်းကူဦးမည်ဆိုလျှင် ထိုသူသည်ကားအဘယ်မှာလျှင် မအောင်မြင်ဟူ၍ ရှိနိုင် သေးအံ့နည်း။

များစွာသော ကျောင်းသား၊ ကျောင်းသူတို့သည် စာမေးပွဲနားနီးကာမှ စာမေးပွဲ အောင်ချင်စိတ်ရှိတတ်ကြသည်။ တက္ကသိုလ်ဝင်တန်းရောက်ခါမှ ဂုဏ်ထူး များ ဝေဝေဆာဆာ အမှတ်ကောင်းကောင်းဖြင့် အောင်မြင်လိုကြသည်။ အမှန်မူ ပညာရေးတို့မည်သည် တာဝေးအပြေးသမား စိတ်ဓာတ်ကဲ့သို့ တာထွက်စ ကတည်း က ဝီရိယထား၍ ပုံမှန်ပြေးခဲ့ကြရမည်။ သို့မှသာ ပန်းတိုင်သို့ သူတကာထက်စော ၍ ရောက်နိုင်ပေမည်။ မူလတန်းကျောင်းသားဘဝမှာလည်း မူလတန်းအလျောက်၊ အလယ်တန်းကျောင်းသားဘဝမှာလည်း အလယ်တန်းပညာအလျောက် ဝီရိယစိုက် ၍ ကြိုးစားအားထုတ်သင်ယူကြရပေမည်။ မူလတန်း၊ အလယ်တန်း အခြေခံပညာ မကောင်းခဲ့ပါလျှင် တက္ကသိုလ်ဝင်တန်းတွင် မည်မျှကြိုးစားသည်ဆိုကာမူ ထူးထူးချွန် ချွန်အောင်မြင်ရန် မဖြစ်နိုင်စကောင်းပါ။ ငယ်စဉ်ကတည်းက ဝီရိယမဲ့ခဲ့သူအဖို့ ဘာသာစုံဂုဏ်ထူးရှင်ဟူ၍ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ။

ဝီရိယနည်းခြင်းကြောင့် အကျိုးယုတ်ရပုံ သာဓကတို့သည် မြောက်မြားစွာ


mgyoe.com

mgyoe.com
ရှိပေသည်။ ကမ္ဘာကျော် အိစွတ်ပုံပြင်များမှ ယုန်နှင့်လိပ်အပြေးပြိုင်ပွဲတွင် ဝီရိယ နည်းသော ယုန်သည် အိပ်ပျော်နေသဖြင့် လိပ်ကိုရှုံးနိမ့်ခဲ့ရဖူးသည်။ ဝီရိယရှိသော ပုရွက်ဆိတ်မှာမူ အစာတို့ကို သိုလှောင်ထားသဖြင့် ဒုက္ခမရောက်၊ ဝီရိယမဲ့သော နှံကောင်သည်ကား မိုးအခါတွင် စားရမဲ့သောက်ရမဲ့ဖြင့် ဒုက္ခရောက်ရပေသည်။ ဝီရိယသမားပျားတို့သည် ပန်းတို့ပွင့်စဉ်မှာ အချိန်ရှိခိုက်လုံးလစိုက်ကာ ပန်းရည် ဘဏ်တိုက်ကို တည်ဆောက်ကြသည်။ ပန်းဝတ်ရည်တို့ကို စုဆောင်းသိုမှီးထားသဖြင့် အစာအဟာရအတွက် ရင်အေးကြရပေသည်။ ဝီရိယမရှိသူ ယင်ကောင်မှာမူကား အစာရှိသခိုက်မှာသာ စားကြရပြီး မသိုမှီး မသိမ်းဆည်းထားသဖြင့် အစာအတွက် အမြဲတစေဒုက္ခကြီးစွာ ရှာဖွေနေကြရပေသည်။ အစာမရသောအခါ အငတ်ဘေး ဒုက္ခနှင့် တွေ့ရလေတော့သည်။ တိရစ္ဆာန်လောကမှ ဝီရိယနည်းခြင်း၏ ဆိုးကျိုးများ ပေတည်း။

"ငါ၏အဘိဓာန်တွင် မဖြစ်နိုင်ဟူသော စကားမရှိ" ဟူသောစကားဖြင့် ကမ္ဘာကျော် တိုက်တိုင်းအောင် စစ်ဗိုလ်ချုပ်ကြီး နပိုလီယန်သည် ဝါတာလူးစစ်ပွဲတွင် ဝယ်လင်တန်ကို တိုက်ရန်အတွက် နှစ်နာရီခန့်မျှ ဝီရိယလျှော့ခဲ့မိသဖြင့် ဘုန်းမီး နေလ အပြီးတိုင် ချုပ်ငြိမ်းသွားခဲ့ရဖူးလေသည်။ ပုဂံဒဏ္ဍာရီလာ မြင်းခံ ပြည့်သည် မြင်းလည်းပင်ပန်းခဲ့ပြီ။ မိုးလည်းချုပ်လေပြီဟုဆိုကာ ငါးဘတ်ချောင်းတစ်ဖက်တွင် အိပ်စက်မိလိုက်သဖြင့် နရပတိစည်သူ၏ ကွပ်မျက်ခြင်းကိုခံခဲ့ရပေသည်။ ဝီရိယ နည်းခြင်း၏ဆိုးကျိုးကာ အသက်ဇီဝိန် ကြွေပျက်ရသည်အထိ ဖြစ်တတ်ပေသည်။ ပုဂံဘုရင်တို့၏ နောက်ဆုံးမင်းဆက် နရသီဟပတေ့သည် မွန်ဂိုစစ်တပ်၏ အန္တရာယ် ကိုသိလျက် ဝီရိယမဲ့စွာ စစ်မပြင်ဘဲနေခဲ့သဖြင့် ပုဂံပြည်ကြီး ပြိုကွဲပျက်စီးသွားခဲ့ရလေ သည်။ နရသီဟပတေ့လည်း တရုတ်ပြေးမင်းအမည်တွင်ကာ သားတော် ပြည်စား၏ သတ်ဖြတ်ခြင်းဖြင့် ဇီဝိန်ချုပ်ခဲ့ရသည်။

ကုန်းဘောင်မင်းဆက်၏ နောက်ပိုင်း မင်းတုန်းမင်းသည် အိမ်ရှေ့စံ ကနောင်ကိုယ်တော် လုပ်ကြံခံရပြီးနောက် ဝီရိယမဲ့ ပေါ့ပျက်စွာဖြင့် အိမ်ရှေ့မင်း ထပ်မံမခန့်ခဲ့ချေ။ အောက်မြန်မာပြည်နိုင်ငံကို စိုးပိုင်နေသော ဗြိတိသျှတို့၏ ရန်ကို သိပါလျက် ကနောင်ကိုယ်တော်၏ စစ်လက်နက် အလုပ်ရုံတို့ကို ဆက်လက်မပြု လုပ်ဘဲ ဝီရိယမဲ့စွာ နေခဲ့မိပေသည်။ အရည်အချင်းမရှိသော သီပေါ ထီးနန်းတက်လာ သောအခါ ဆင်ဖြူမရှင် မိဖုရားနှင့် စုဖုရားလတ်တို့၏ အမိန့်ဖြင့် တစ်နေ့တည်းမှာပင် မင်းညီမင်းသားလူ(၈၀)ကျော်သတ်ဖြတ်ခံရလေတော့သည်။ ထိုသည်ကို အကြောင်း ပြု၍ ဗြိတိသျှတို့သည်မြန်မာတစ်နိုင်ငံလုံးကိုကျွန်ပြုလိုက်လေတော့သည်။မင်းတုန်း မင်း၏ ဝီရိယမဲ့ခဲ့သော ဆိုးကျိုးများပင်တည်း။

တိုက်တန်းနစ် သင်္ဘောကြီးတည်ဆောက်ကြသော အင်ဂျင်နီယာတို့သည်


mgyoe.com

mgyoe.com


သင်္ဘောကိုယ်ထည် တည်ဆောက်သော သံ၏ခိုင်မာတောင့်တင်းမှု၊ ကျွတ်ဆတ်မှုတို့ကို အသေအချာစိစစ်ရန် ဝီရိယနည်းပါးခဲ့ကြသည်။ ထို့နောက် တစ်ဖန်ဘင်္ဘောမာလိမ်မှူးတို့သည် အန္တရာယ်ဖြစ်စေနိုင်သော မျောပါလာသည့် ရေခဲတောင်ကိုရှောင်တိမ်းနိုင်စွမ်းမရှိအောင် ဝီရိယနည်းပါးခဲ့ကြပေသည်။ အင်ဂျင်နီယာတို့နှင့်သင်္ဘောကပ္ပတိန်တို့၏ ဝီရိယနည်းပါးခြင်းကြောင့် ဘင်္ဘောကြီးသည် ရေထဲတွင်မျောပါလာခဲ့သော ရေခဲတုံးကြီးနှင့်တိုက်မိကာ သင်္ဘောဝမ်းဗိုက်ထဲ ရေများတရဟောဝင်လာပြီး နစ်မြုပ်သွားခဲ့ရသည်။ ဆိုးကျိုးကာ ကြေကွဲဖွယ်ရာအဖြစ် လူပေါင်းများစွာ သေကြေပျက်စီးသွားခဲ့ရပေသည်။ အပျော်စီးသင်္ဘောကြီးနှင့် အပျော်ခရီးထွက်ခဲ့ကြသူများအဖို့ မမေ့ရက်စရာ အဖြစ်ဆိုးကြီးနှင့် တိုးခဲ့ရရှာပေသည်။

ဝီရိယနည်းခြင်း၏ ဆိုးကျိုးအဖြစ် ကျွန်တော်တို့မိသားစုမှာ တွေ့ကြုံဖူးပါသည်။ မန္တလေးမှ နေ့ (၁၂) နာရီတွင်ထွက်သော မြစ်ကြီးနား အမြန်မီးရထားကိုစီးရန် ကျွန်တော်တို့မိသားစုသည် ပြင်ဦးလွင်မှ နံနက် (၁၀) နာရီတွင် ဗင်ကားတစ်စီးဖြင့် ထွက်ခဲ့ကြပါသည်။ ထွက်ခွာချိန်မှာ နောက်ကျနေသဖြင့် ဗင်ကားသမား ကားကြိုးစားမောင်းရှာပါ၏။ သို့ရာတွင် အုန်းကျောရွာရောက်ခါနီးတွင် ကားဘီးပေါက်လေတော့သည်။နောက်ဘီးပေါက်သည်မို့တော်ပေသေးသည်။အန္တရာယ်ကားမဖြစ်။ သို့ရာတွင်ကားဆရာဝီရိယနည်းပါးလိုက်ပုံမှာအပိုကားဘီးမပါသဖြင့်ပေါက်သောဘီးကိုဖြုတ်ပြီး တွေ့ရာကြုံရာ ဆိုင်ကယ်ကိုတားကာ အုန်းကျောရွာသို့သွားဖာရသည်။ ဘူတာကြီးရောက်သောအခါ ရထားကြီး ထွက်ခွက်သွားနှင့်ပါပြီ။ ထို့ကြောင့်ညနေ (၄) နာရီအမြန်ရထားကို ထိုင်ခုံမဲ့ဖြင့်လူတကာကျော်ခွခံကာ စီးနင်းလိုက်ပါရတော့သည်။ ရထားခလည်း နှစ်ခါအကုန်အကျခံလိုက်ရ၊ လာကြိုသူတို့နှင့် လွဲချော်ကုန်ပါသည်။

"ဝီရိယဟူသည် ပိုသည်မရှိ" ဟု ဆိုစကားရှိပါသည်။ မည်သည့် အမှုကိစ္စဆောင်ရွက်သည်မဆို ဝီရိယကိုရှေ့တန်းတင်၍ ဆောင်ရွက်သင့်လှပေသည်။ "ရထား၊ သင်္ဘောကိုယ်ကစော" ဟူ၍လည်းဆိုကြပေသည်။ အချိန်နာရီအတိအကျထွက်လေ့ရှိသော လေယာဉ်၊ ရထား၊ သင်္ဘောခရီး စီးနင်းလိုက်ပါလိုကြသူတို့အဖို့မိမိတို့ကသာ ဝီရိယထား၍ကြိုတင်စောစီးစွာ ရောက်ရှိနေရာယူထားကြရမည် ဖြစ်သည်။ ထိုနည်းအတူ ကျောင်းသား၊ ကျောင်းသူတို့အဖို့ အရေးအကြီးဆုံးဖြစ်သောစာမေးပွဲခန်းကိုလည်း ဝီရိယစိုက်ထုတ်၍ အချိန်မီရောက်အောင် ကြိုးစားအားထုတ်သင့်လှပေသည်။ လူ့လောကသို့ လျှောက်လှမ်းကြရာ ဥစ္စာနေတို့ရှာဖွေကြရာတွင်မူဝီရိယနည်းပါးသဖြင့် ဆိုးကျိုးတို့ကို ခံစားနေကြရသူတို့မှာ သတိသံဝေဂရဖွယ်ကောင်းလှပေသည်။ ။


mgyoe.com

mgyoe.com

## တစ်လုပ်စားမျှးသူကျေးဇူး ကျေးဇူးသိတတ်ခြင်း

ပုံကြမ်း

- ကျေးဇူးဟူသည်
- ကျေးဇူးပြုမှုကို ကျေးဇူးတုံ့ပြန်သင့်ပုံ
- ကျေးဇူးသိတတ်မှုကိုပြသော စာတွေသာဓကများ
- ကျေးဇူးသိတတ်ခြင်း၏အကျိုးများ
- ကျေးဇူးကန်းခြင်း၏အပြစ်များ
- မိမိအမြင်


mgyoe.com

mgyoe.com


"တင်ပေဖူးသည် သူ၏ကျေးဇူး အထူးသိလျက် အဆပ်ဆက်၏" ဟူသော ဆိုတွင်စကားရှိပေသည်။ လောကတွင် တိမ်မယောင်နှင့်နက်၍ လွယ်မယောင်နှင့် ခက်သည်မှာလည်း သူတစ်ပါး၏ကျေးဇူးကို တစ်ဖန်ပြန်လည်ပေးဆပ်ရန်မှာ အခက်ဆုံးပင်ဖြစ်ချေသည်။ ကျေးဇူးကိုသိ၍ ငွေကြေးဝတ္ထုဥစ္စာ တစ်စုံတစ်ရာဖြင့် ပေးကမ်း၍ ကျေးဇူးကိုကား ဆပ်ချင်ပါ၏။ ပစ္စည်းဥစ္စာငွေကြေးကားရှာမရ။ မိမိဝမ်းစာ နေ့ဖို့ညစာတောင်မှ အနိုင်နိုင်ပင်ဖြစ်နေတတ်ကြသည်။ တစ်ဖန်ကျေးဇူးဆပ်နိုင်လောက်သည့် ဥစ္စာပစ္စည်းဝတ္ထုငွေကြေးပြည့်စုံပြန်သော်လည်း လုပ်ငန်းဆောင်တာ လူမှုရေးကိစ္စအဝဝတို့ကြောင့် ကျေးဇူးရှင်ရှိရာ ထိုအရပ်ဆီသို့ မရောက်ဖြစ်နိုင်ကြပြန်။

ထို့ကြောင့်ပင် "ကျေးဇူးရှိလျက် အသိခက်၊ ကျေးဇူးရှိလျက် အပြောခက်၊ ကျေးဇူးရှိလျက် အဆပ်ခက်" ဟူ၍ အခက်သုံးပါး ဆိုစကား ပေါ်ထွက်လာရခြင်းဖြစ်ပေသည်။ သူတစ်ပါး၏ကျေးဇူးကို အောက်မေ့ချီးကျူးပြောဆိုခြင်းသည် ကျေးဇူးသိရာ၊ ကျေးဇူးဆပ်ရာရောက်ပြီး သူတစ်ပါး၏ယဉ်ကျေးမှုကို မသိမမြင် သတိမရခြင်းသည် ကျေးဇူးကန်းခြင်းပင်ဖြစ်သည်။ ကျေးဇူးရှင်အား ကျေးဇူးမဲ့ခြင်းကို မြန်မာ့လူ့ဘောင် အသိုင်းအဝိုင်းကလက်မခံပါ။ ကျေးဇူးမဲ့သူကို ကဲ့ရဲ့၍နှိမ့်ချပြစ်တင်ကြပြီး ကျေးဇူးပြုသူကို ချီးကျူးဂုဏ်ပြုကြမြဲဖြစ်သည်။

ကျေးဇူးတရားနှင့်ပတ်သက်၍ စကားပုံများ၊ ပုံပြင်များ၊ သာဓကများ မြောက်မြားစွာရှိပါသည်။ ကျေးဇူးကန်းသော သူယုတ်မာတို့နှင့်စပ်လျဉ်း၍ "သား


mgyoe.com

ရေပေါ်အိပ် သားရေနှားစား"၊ "အရိပ်နေနေ အခက်ချိုးချိုး"၊ "ဝက်စားကျင်းကော်" စသည်တို့နှင့် သုံးစွဲပြောဆိုကြမြဲဖြစ်သည်။ "အကြံပက်စက် စကောလောက်မှ စောက်မနက်" သော လူအောက်တန်းစား စရိုက်တို့ကို ဖော်ညွှန်းသော စကားတို့ပင်တည်း။

"တစ်လုပ်စားဖူးသူ့ကျေးဇူး" ဟူသောစကားသည်ကားအရေးတယူ သတိမူသင့်လှပေသည်။ မိမိတို့အပေါ် တစ်လုပ်ထမင်းတစ်ရှုပ်ဟင်း ကျွေးမွေးဖူးလျှင်သော်လည်းကောင်း၊ တစ်လုံးတစ်ပါဒတစ်ဝါကျ သင်ပေးဖူးလျှင်သော်လည်းကောင်း ကျေးဇူးရှိသူ အမှန်ဖြစ်တော့သည်။

သို့ဆိုလျှင် မြင်းမိုရ်တောင်ဦးမကကြုံးသည့် ဝါးဖတ်တော်ကစီနှစ်နှင့် လူဖြစ်အောင် ကျွေးမွေးသုတ်သင်ခဲ့သော ပုဗ္ဗာစရိယမိနှင့်ဖတို့၏ ကျေးဇူးတော် အနန္တသည်ကား ဘယ်သောအခါမှ ပေးဆပ်၍ ကုန်နိုင်တော့မည်မဟုတ်။ "ဝ" ဝကလေး ဝိုင်းဝိုင်းရေးမှသည် သနပ်ပြင်သွန်သင်ဆုံးမ သင့်ရာအပ်ပို့ဆရာတို့၏ ဂုဏ်ကျေးဇူးသည်လည်းပဲ ပေးဆပ်၍ ကျေပွန်နိုင်တော့မည်မဟုတ်။

ပေးဆပ်၍မကုန်နိုင်သော ကျေးဇူးရှင်တို့တွင် "ခင်ပွန်းကြီးဆယ်ပါး" လည်း အပါအဝင်ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓမြတ်စွာသည် သူ၏ကျေးဇူး အထူးသိသင့်ပုံကို သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တွင် "ကတညုတ" မင်္ဂလာအဖြစ် ဟောဖော်ညွှန်ပြခဲ့ပါသည်။

ကျေးဇူးရှိခဲ့ဖူးသူနှင့် ခင်ပွန်းကြီးဆယ်ပါးအပေါ် ပြစ်မှား ကျူးလွန်မိသူတို့သည် ဝန်ချတောင်းပန်းခြင်း အလျဉ်းမပြုလုပ်က "ဘုန်းကြီးသော်လည်း အသက်မရှည်၊ အသက်ရှည်သော်လည်းဘုန်းမကြီး" ဖြစ်တတ်သည်ဟု အဘိုးအဘွား၊ အမိအဖ၊ ဆရာ ဆရာမတို့က ဆုံးမသွန်သင်မြဲပင်ဖြစ်သည်။ ထို့ကြောင့်ပင် ကာယကံမြောက် ကျေးဇူးမဆပ်နိုင်သည့်တိုင် ကျေးဇူးရှင်တို့အပေါ်မေတ္တာပို့၍ မိမိတို့ခန္ဓာကိုယ်ကို အအေးဓာတ်နှင့် ထုံးမွမ်းနေသင့်လှပေသည်။

"မြန်မာစာပေသည် ကျေးဇူးသိတတ်ခြင်းနှင့်အစပြုခဲ့သည်" ဟူ၍ ဆရာကြီးဦးဖေမောင်တင်က မိန့်ဆိုဖူးသည်။ မြန်မာစကားပြေ၏ အဦးအစဖြစ်သော ရာဇကုမာရ်ကျောက်စာကို ညွှန်းဆိုခဲ့ခြင်းပင်ဖြစ်သည်။ ရာဇကုမာရ်သည် ထီးနန်းကို မရသည့်တိုင် ဖခမည်းတော် ကျန်စစ်သားမင်းကြီး၏ ကျေးဇူးကိုသိခြင်းအားဖြင့် ရွှေအတိပြီးသော ဆင်းတုတော်ကို ကောင်းမှုပြုလျက် နာမကျန်းသော ဖခမည်းတော်ကို သာစုခေါ်ဆိုစေခဲ့သည်။ ချစ်စဖွယ်မြန်မာတို့၏ ကျေးဇူးသိတတ်မှု သာဓကတစ်ခုပင်ဖြစ်ပေသည်။

ပုဂံခေတ် ကွမ်းဆော်မင်းသည် ဘုရင်မဖြစ်မီက ယာခင်းသို့ အလုပ်ဆင်းတိုင်း ဇောင်းချမ်းပင်အောက်တွင် အနားဖြေ ထမင်းစားလေ့ရှိသည်။ မိမိ၏ စားဦး



mgyoe.com

mgyoe.com


စားဖျားကို ဇောင်းချမ်းပင်စောင့်နတ်အား ပူဇော်လေ့ရှိရာ ဇောင်ချမ်းပင်နတ်က ကူညီသောအားဖြင့် ထီးနန်းကိုရရှိခဲ့သည်ဟု မဟာရာဇဝင်ကြီးတွင် ဆိုပါသည်။ ကျေးဇူးသိတတ်ခြင်း၏ ရလဒ်ပေတည်း။

ကျေးဇူးမသိတတ်သူများမှာ ကြာရှည်စွာကျော်စောခြင်းမရှိတတ်။ အစဉ် နှိမ့်ကျ ဒုက္ခရောက်တတ်ကြသည်။ မိမိအပေါ်တင်ရှိသည့် ကျေးဇူးမှန်သမျှ သိမှတ်ထားလျက် မမေ့မလျော့ပေးဆပ်သူတို့မှာ ကောင်းကျိုးသုခကို ရရှိတတ်ပါသည်။ ငါးစီးရှင်ကျော်စွာသည် ညီတော် စစ်ကိုင်းစား အသင်္ခယာစောယွမ်းကို လုပ်ကြံရန် သူရဲကောင်းခေင်ညိုကို စေလွှတ်သည်။ ခေင်ညိုသည်လုပ်ကြံရန် အခွင့်မသာသည်နှင့် (၃) ရက်လုံးလုံး ထမင်းငတ်ခဲ့သည်။ စစ်ကိုင်းကို တက်နိုင်သည်နှင့် အသင်္ခယာစောယွမ်းက မင်းမဟာဂီရိနတ်ကို ပသထားသော စမဲဟင်းလျာကို စားရလေသည်။ ထို့နောက် စက်တော်ခေါ်နေသော အသင်္ခယာစောယွမ်းကိုကြည့်လျက် "ဤမင်းကား ငါ၏ထမင်းရှင်ဖြစ်ချေပြီ။ ထမင်း ရှင်ကို ပြစ်မှားသောအပြစ်ကား ကြီးမားလှ၏" ဟုတွေးလျက် အသင်္ခယာစောယွမ်း၏ လက်သုံးတော်ဓားကိုသာ ယူဆောင်၍ ပြန်ခဲ့လေသည်။ ခေင်ညိုသည် ပင်လယ်စားကျော်စွာကို မှန်သည့်အတိုင်းလျှောက်တင်၍ လက်သုံးတော်ဓားကို ဆက်သလျှင် ပင်လယ်စားကျော်စွာက "တစ်ခါစားဖူးသော ထမင်းတစ်စလောင်းမျှဖြင့် ကျေးဇူးသိတတ်လျှင် ငါ၏ကျေးဇူးကိုကားဆိုဖွယ်မရှိ" ဟုဆို၍ များစွာသော စည်း စိမ်ချမ်းသာတို့ကို ပေးတော်မူခဲ့ဖူးလေသည်။

မိဂသမ္မတာသောင်စပ်တွင် မြားဆိပ်သင့်ခဲ့သော သုဝဏ္ဏသာမသည် မျက်မမြင် မိဘနှစ်ပါးကို လုပ်ကျွေးသော ကျေးဇူးကြောင့် မြားဆိပ်ပျောက်ခဲ့သည့်အပြင် မိဘနှစ်ပါးတို့လည်း မျက်စိနှစ်ကွင်း အလင်းရခဲ့ပေသေး၏။ ထို့ပြင် ကေဒါရကျေးမင်းသည် မိဘကိုလုပ်ကျွေးပြုစုသဖြင့် ကျော့ကွင်းမှ လွတ်ခဲ့ရပုံမျှမက သလေးစပါးတို့ကိုလည်း လိုသလောက် စားခွင့်ရခဲ့ဖူးလေသည်။

ထိုနည်းအတူ ဇယဒိသမင်းကြီး၏သားတော် အလိနသတ္တုမင်းသားသည် ကျေးဇူးသိတတ်သူဖြစ်သောကြောင့် ဘီလူးမင်း၏သေခံတွင်းမှ လွတ်မြောက်ခဲ့ရဖူး၏။ ထို့အတူ စစ်ကိုင်းစား စည်သူကျော်ထင်သည် "ကျေးဇူးတရားကိုမမေ့ပါ" ဟူသောစကားကြောင့် ယောက်ဖတော် မိုးညှင်းစလုံး၏ ဒေါသရန်ပွားမှုမှ ကင်းဝေးခဲ့ဖူး၏။ ထို့ကြောင့် ကျွန်တော်တို့သည် သူတစ်ထူး၏ ကျေးဇူးတရားကို အောက်မေ့ဆင်ခြင်ကာ ကျေးဇူးတုံ့ပြန်နိုင်အောင် ကြိုးစားသင့်လှ၏။

မဟာကပိနဇာတ်တော်တွင် ဘုရားအလောင်းတော် မျောက်မင်းဘဝက ချောက်ထဲကျနေသော ဒေဝဒတ်လောင်းမုဆိုးကို ကယ်တင်ခဲ့ဖူး၏။ မုဆိုးသည် မိမိအသက်ကို ကယ်တင်ခဲ့ဖူးသော ကျေးဇူးရှင်မျောက်မင်းကို ကျောက်ခဲဖြင့်ထုသတ်သော ကျေးဇူးကန်းမှုကြောင့် ကုဋ္ဌနူနာစွဲပြီး မဟာပထဝီမြေကွဲကာ အဝီစိငရဲသို့ ကျ


mgyoe.com

mgyoe.com
ရောက်ခဲ့ရဖူးလေသည်။ ကျေးဇူးရှင်ဆရာကို ကာပြန်သဖြင့် အာခေါင်ကိုလှံစူး၍ သေပွဲဝင်ခဲ့ရရှာသော ဗျိုင်းသူငယ်၏တပည့်လူသား ဒုက္ခပွားခဲ့ရပုံသာဓက တို့သည်လည်း ရှိလေသေး၏။ ထို့ကြောင့်ကျေးဇူးရှင်ကို ကျေးမစွပ်မိစေရန်ကား အရေးကြီးလှ၏။

မြတ်ဗုဒ္ဓသည်ပင်လျှင် မိမိအပေါ်ကျေးဇူးရှိခဲ့သော ပဉ္စဝဂ္ဂီငါးဦးအပေါ် ဓမ္မစကြာတရားဦးဟော၍ ကျေးဇူးဆပ်ရ၏။ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို တာဝတိံသာသို့တက်၍ အဘိဓမ္မာဒေသနာကိုဟော၍ အမိကျေးဇူးကို အထူးသိ၍ ဆပ်ခဲ့ရဖူး၏။ ကျွန်တော်တို့ ပုထုဇဉ်လူသားတို့မည်သည်ကား "တစ်လုပ်စားဖူးသူကျေးဇူး" ရှိခဲ့တုံက အထူးဖေးဆပ်ရန် လိုအပ်လှပေသည်။ ။


mgyoe.com

mgyoe.com

## ခေတ်မီတိုးတက်နေသောကျွန်ုပ်တို့ပတ်ဝန်းကျင် ဇာတိချက်ကြွေမွေးရပ်မြေ

ပုံကြမ်း
- မိမိ၏နေရပ်
- ပတ်ဝန်းကျင်မြင်ကွင်းများ
- ခေတ်မီတိုးတက်ခြင်း မရှိသေးသော ယခင်အခြေအနေနှင့် ယခုခေတ်မီ တိုးတက်နေသာ အခြေအနေ
- လမ်းများ၊ အဆောက်အအုံများ၊ လုပ်ငန်းများ၊ လူများ၏ ပြုမူလှုပ်ရှားပုံများ စသည်
- မိမိအတွေးနှင့်ခံစားမှု


mgyoe.com

mgyoe.com

မြန်မာပြည်အတွင်းမှ အလှပဆုံးမြို့တစ်မြို့ကို ပြောပါဆိုလာလျှင် ကျွန်တော်သည် "ပြင်ဦးလွင်" ဟူ၍ မဆိုင်းမတွ ဖြေဆိုပါမည်။ နှစ်သက်ကြည်နူးဖွယ် ဒေသတစ်ခုကို ပြောပါဆိုလာလျှင်လည်း "မေမြို့" ဟူ၍ ရုတ်ချည်းပြောမိမည်မှာ သေချာပါသည်။ ကျွန်တော်၏ ဇာတိချက်ကြွေမွေးရပ်မြေ ပြင်ဦးလွင်သည်ကား ကျွန်တော့်အသည်း ဘဝင်မှာစွဲထင်စွာ ချစ်မြတ်နိုး၍နေပါတော့သည်။ ခေတ်မီတိုးတက်နေသော ကျွန်ုပ်၏ပတ်ဝန်းကျင် ပြင်ဦးလွင်ကို စာပန်းချီ ခြယ်မှုန်းကြည့်ချင်ပါသည်။

ပြင်ဦးလွင်မြို့သည် မန္တလေးတိုင်းအတွင်းပါဝင်ပြီး မန္တလေးမြို့မှ (၄၂) မိုင် အကွာတွင်တည်ရှိသော ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၃၇၀၀ ကျော်မြင့်သည့် တောင်ပေါ်မြို့ဖြစ်သည်။ ပုသိမ်ကြီး၊ မိုးကုတ်၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ ပြင်ဦးလွင် စသည့် မြို့နယ်များဖြင့် ဖွဲ့စည်းထားသော ခရိုင်မြို့ကြီးလည်းဖြစ်သည်။

မန္တလေးမှ မော်တော်ကားနှင့် ပြင်ဦးလွင်သို့ တက်ခဲ့မည်ဆိုလျှင် တောအလျှိုလျှို တောင်စဉ်အထပ်ထပ် မြွေလိမ်မြွေကောက်လမ်းများစွာကို တစ်ဆင့်ပြီး တစ်ဆင့် အသည်းယားစဖွယ် တက်ခဲ့ရပေမည်။ ရှေးယခင် လမ်းကျဉ်းကလေးများကိုချဲ့ထွင်ပြီး အသွားလမ်း၊ အပြန်လမ်း၊ အတက်လမ်း၊ အဆင်းလမ်းမကြီးများကို တိုးချဲ့ဖောက်လုပ်ထားသဖြင့် အေးဆေးသက်သာ မောင်းနှင်သွားလာနိုင်ကြပြီး ဖြစ်သည်။ မီးရထားနှင့်ဆိုပါလျှင်သော်ကား "ပထမလွန်းထိုး ဒုတိယလွန်းထိုး" နေရာ


mgyoe.com

mgyoe.com


များတွင် စက်ခေါင်းတစ်လုံးတည်း မခုတ်မောင်းနိုင်သဖြင့် စက်ခေါင်းရှေ့တစ်လုံး၊ နောက်တစ်လုံးဖြင့် လွန်းထိုး၍ တက်ရသည်။ ထို့ကြောင့် ပြင်ဦးလွင်၏အမည်နာမ တစ်ခုသည်ကား "တောင်လှေခါး" ဟု ခေါ်တွင်ကြသည်။

ပင်လယ်ရေခိုးရေငွေ့တို့ ပါဝင်သော ကောင်းကင်လေတို့ကြောင့် ပြင်ဦးလွင်သည် အမြဲတစေအေးမြနေပြီး နွေရာသီတွင် အပန်းဖြေနေထိုင်၍ အလွန်ကောင်းသောမြို့ဖြစ်သည်။ မိုးခြောက်လ ရွာသွန်းသောကြောင့် ရာသီဥတုအေးမြပြီး မြေဩဇာလည်း ကောင်းမွန်လှပေသည်။ ပန်းမျိုးစုံတို့ စိုက်ပျိုးဖြစ်ထွန်းပြီး မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့ကြီးများအထိ ဖြန့်ချိရသော ပန်းဈေးကွက်ကြီး၏ ပင်မနေရာပင်တည်း။ ခေတ်မီတိုးတက်လာသော ယနေ့ခေတ်တွင် နိုင်ငံခြားမှ မှာယူတင်သွင်းသော ပန်းမျိုးတို့ကို လှမျိုးစုံလင်စွာ စိုက်ပျိုးထုတ်လုပ်လာကြသည်။ ထို့ကြောင့် "ပန်းမြို့တော်" ဟူ၍လည်း အမည်တွင်ပြန်ပါသည်။

ချယ်ရီပန်းတို့ပွင့်လန်းရာ ဆောင်းရာသီ အခါသမယတွင်ကား ချယ်ရီအပျိုမ၏နှင်းဝတ်လွှာ ဇာပဝါခြုံသိုင်းဖွဲ့ထားပုံသည်ကား ရှုမငြီးဖွယ်ပန်းချီကား တစ်ချပ်ပမာ ဖြစ်လေသည်။ နှင်းမှုန်တို့သည် အဘယ်ကိုကြည့်ကြည့် လွှမ်းမောဖွယ် ပင်တဖွဲဖွဲမစဲအောင် ကျဆင်းနေမြဲဖြစ်သည်။ တိုက်တာအိုးအိမ်တို့နှင့် ကိုးတက်နေသော ပြင်ဦးလွင်သည်ကား နှင်းမှုန်ဇာပဝါဖြင့် လွှမ်းခြုံခံထားရသကဲ့သို့ပင် ရှိလေသည်။ ထို့ကြောင့် ပြင်ဦးလွင်၏ အမည်သညာတွင်ခေါ်စရာကား "နှင်းမှုန်မြို့တော်" ဟူ၍ ဖြစ်ရပြန်ပါသည်။

မန္တလေးမှ ပြင်ဦးလွင်သို့ တက်ခဲ့မည့်ဆိုလျှင် အုန်းကျောရွာအလွန် မိုင်တိုင် အမှတ် (၁၆) မှစ၍ တောအလျှိုလျှို တောင်စဉ်အထပ်ထပ် တောင်လက်မောင်းအသွယ်သွယ်တို့ကို ကျော်ဖြတ်ကြရပေမည်။ မော်တော်ကားတို့သည် စက်ကုန်ဖွင့်၍ မော်တော်ဆိုင်ကယ်တို့သည်လည်း အင်ဂျင်ကို အစွမ်းကုန်ညှစ်၍ မီးရထားဒီဇယ်ခေါင်းတို့သည်လည်း ငယ်သံပါအောင် အော်မြည်၍ တက်ကြရလေသည်။ တိုးတက်လာသော ယနေ့ခေတ်မှာကား မန္တလေးနှင့် ပြင်ဦးလွင်ကို ၂၄ နာရီ သွားလာမောင်းနှင်ခွင့်ရပါပြီ။ ထိုကဲ့သို့ တက်ခဲ့ကြရာမှ ပထမဦးစွာ ဘွားခနဲတောင်ပေါ်မြေပြန့်လွင်ပြင်ကြီးကို တွေ့ရလေသောကြောင့် "ပြင်ဦးလွင်" ဟူသော အမည်နာမကို ပိုင်ဆိုင်ထားသူဖြစ်ပြန်လေသည်။

ပြင်ဦးလွင်ဟူသော အမည်နာမသည် ရှေးမြန်မာဘုရင်များရှိစဉ်ကပင် မန္တလေးမှတက်လာလျှင် တောင်ပေါ်ဒေသ၏ ပထမဦးစွာတွေ့ရသော လွင်ပြင်ကြီးတွင် ရွာတည်ထားသောကြောင့်ပင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။ ထိုအခါ ဥရောပရာသီဥတု ဆန်သော ပြင်ဦးလွင်ရွာကလေးကို တောင်ပေါ်အပန်းဖြေစခန်းမြို့အဖြစ် ဗြိတိသျှစစ်တပ်မှ


mgyoe.com

mgyoe.com
ဗိုလ်မှူးကြီးမေက ကြီးမှူးတည်ဆောက်ခဲ့သဖြင့် "မေမြို့" ဟူ၍ အမည်နာမတွင်ခေါ်ခဲ့ကြပြန်သည်။ ယခုတိုးတက်လာသောခေတ်တွင် ဘုရင်ခံကုန်းထက်တွင်ဘုရင်ခံအိမ်တော်ပုံစံသစ်ကိုလည်း မူလပုံစံနှင့်မခြား ပြန်လည်ဆောက်လုပ် ထားပြီးဖြစ်သည်။

ထင်းရှူး၊ ယူကလစ်၊ ပင်လယ်ကဗွီး၊ ခါတော်မီ၊ ချယ်ရီတို့နှင့် တောအုပ်ဖွဲ့လျက် စိမ်းစိုသော မြင်ကွင်းကို ရှုမငြီးစဖွယ် ကြည့်ရှုခံစားရမည်။ သန့်စင်လန်းဆန်းလတ်ဆတ်သော လေနုအေးကိုလည်း ရှူရှိုက်ရပေမည်။ ဆောင်းအကုန် နွေအကူးလေရူး ကလေးများဆော့စ ဥသြငှက်တို့ တွန်သံကြားစ အခါသမယတွင် စတော်ဘယ်ရီ ချိုမြကိုလည်း စားသုံးရပေဦးမည်။ မြင်ကွင်းကျယ် ရောင်စုံပန်းခြံကား တစ်ချပ်ကို ကြည့်ရှုခံစားရသကဲ့သို့ ဝေဆာနေသော ပန်းပေါင်းစုံတို့၏ သင်းရနံ့ကိုလည်း ရှူရှိုက်ရပေမည်။

ရာသီဥတု သာယာအေးမြခြင်း၊ သစ်ပင်ပန်းမန် တောတောင်သဘာဝတို့က သာယာလှပခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် ပြင်ဦးလွင်သည် ခေတ်အဆက်ဆက်မှပင် တောင်ပေါ်အပန်းဖြေမြို့အဖြစ် နာမည်မွေး၍ နေလေတော့သည်။ ပြင်ဦးလွင်၏ နွေရာသီကား ဧည့်သည်တို့နှင့် ဝေစည်နေမြဲပင်ဖြစ်ရလေတော့သည်။

ခေတ်မီတိုးတက်လာသော ယနေ့ခေတ် ပြင်ဦးလွင်တစ်ဝိုက်တွင် တိုးတက်ထွန်းကားမှုတို့ကို အဘက်ဘက်မှ မြင်တွေ့ရသည်။ မိုးအခါသမယ မိုးရေတို့တရဟောစီးဆင်း ဆုံးရှုံးမှုတို့ကိုမဖြစ်ရအောင် ဆည်အသစ်များလည်း ထပ်မံတည်ဆောက်လျက်ရှိသည်။ ရှေးယခင်က သစ်တစ်ပင်တောင် ရေထွက်မှ ပြင်ဦးလွင်ကို ရေပေးဝေနေရာမှ လူဦးရေထူထပ်လာသော ယနေ့ခေတ်တွင် ဆင်လမ်းဆည်ကြီးကို တည်ဆောက်ပြီးစီးကာ ပြင်ဦးလွင်တစ်မြို့လုံးကို ရေပေးဝေရန် စီစဉ်လျက်ရှိသည်။ ဆည်တို့မည်သည် မိုးရေတို့ကို တစ်နှစ်ပတ်လုံး သိုလှောင်ထားနိုင်သဖြင့် စိုက်ပျိုးသီးနှံ သစ်ပင်ပန်းမန်တို့ကို ပိုဝေစည် စိမ်းလန်းရှင်သန်လာခဲ့ကြသည်။ ရေကိုမှီ၍ အသက်မွေးကြသော ကျေးငှက်သာရကာ ရေကြက်၊ ရေကျေးတို့သည်လည်း ရွှင်မြူး၍နေကြသည်။

အပန်းဖြေစရာနေရာအဖြစ် ကန်တော်ကြီး ရုက္ခဗေဒဥယျာဉ်လည်း ခေတ်မီတိုးတက်လျက်ရှိပေသည်။ ကမ္ဘာအရပ်ရပ်တွင် ပေါက်ရောက်သော သစ်ပင်မျိုးစုံနှင့် ပန်းမျိုးစုံ၊ သစ်ခွမျိုးစုံတို့ကို တစ်နေရာတည်းတွင် မြင်တွေ့ခံစားရမည်။ ရွှံ့ညွန်တောများ၊ မိုးပျံတံတားများပေါ်မှ ရှုကြည့်နိုင်သကဲ့သို့ သဘာဝအတိုင်း လွတ်လပ်စွာ ပြေးလွှားမြူးထူး ကျက်စားနေကြသော မျောက်များ၊ ချစ်စဖွယ်မျက်ဝန်းများရှိသည့် ရွှေသမင်းတို့ကိုလည်း စိတ်လက်ကြည်နူးချမ်းမြေ့ဖွယ် မြင်တွေ့ရမည်ဖြစ်


mgyoe.com

mgyoe.com


သည်။

ရှားပါးတိရစ္ဆာန် သားမင်းအပါအဝင် တိရစ္ဆာန်ဥယျာဉ်ကဲ့သို့ ကျဉ်းကျပ်စွာ မဟုတ်မူဘဲ ကျယ်ပြောသော သဘာဝဥယျာဉ်အတွင်းတွင် မြင်တွေ့ရပေသည်။ စိတ်ရွှင်မြူးဖွယ်ကောင်းသည့် ငှက်ဥယျာဉ်ကိုလည်း သစ်ပင်တောအုပ်တို့ဖွဲ့လျက် တစ်နေရာတည်းမှာပင် မြင်တွေ့နိုင်ပေသည်။

ငှင်းရုက္ခဗေဒဥယျာဉ်နှင့် မျက်နှာချင်းဆိုင်မှာမူ တိုင်ရင်းသားရွာ ပြတိုက်ကြီးရှိသည်။ ပြင်ဦးလွင်မှာပင် ကျိုက်ထီးရိုးဘုရားဖူးရမည်။ ရွှေတိဂုံစေတီ ဦးခိုက်ခွင့်ရမည်။ ရေခဲတောင်ကို မြင်တွေ့ရမည်။ ကောင်းမှုတော်ဘုရားကိုလည်း ပူဇော်ခွင့်ပေးရပေဦးမည်။ တိုင်းရင်းသားတို့၏ ဓလေ့အသီးသီး၊ ယဉ်ကျေးမှုအဖုံဖုံ တို့ကို နှလုံးပီတိ ဂွမ်းဆီထိသို့ နူးအိနှစ်သိမ့်စွာ ခံစားနေရပါမည်။ ထိုတိုင်းရင်းသားရွာအနီးမှာပင် ခေတ်ကာလအလျောက် ပေါ်ပေါက်နေသော "လျှပ်စစ်တိုက်ကား" လည်း မောင်းနိုင်ပေသေးသည်။

နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်ကာကွယ်ရေးတက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ နည်းပညာတက္ကသိုလ်၊ ဇဟိုဝန်ထမ်းတက္ကသိုလ်၊ ဇဟိုမီးသတ်တက္ကသိုလ်၊ စက်မှုသိပ္ပံနှင့် အထက်တန်းကျောင်းကြီး ၅ ကျောင်းရှိသော မြို့ကြီးဖြစ်သည်။ မန္တလေးမှသည် မူဆယ်မြို့သို့ ဆက်သွယ်ထားသော တရုတ်၊ မြန်မာအာရှပတ်လမ်းမကြီးပေါ်တွင် တည်ရှိနေသောကြောင့် ကားကြီးကားငယ် အသွယ်သွယ်တို့နှင့် ကုန်သွယ်ယာဉ်ကြီးများ ဥဒဟိုဖြတ်သန်းသွားလာနေကြသည်။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာခြင်းကြောင့် ပြင်ဦးလွင်သည် ပညာရေးအချက်အချာ မြို့ကြီးဖြစ်လာသည်။ ဘော်ဒါကြီးငယ် အသွယ်သွယ်တို့နှင့် စည်ကားသိုက်မြိုက်နေသော ဂုဏ်ယူစဖွယ် ပညာရေးမြို့ဟူ၍ပင် ဆိုလိုက်ချင်ပါ သည်။

အရှေ့တောင်အာရှတွင် အလှဆုံးစာရင်း၌ပါဝင်သော (၁၉) ကျင်းပါ ဂေါက်ကွင်းလည်းရှိသည်။ ပူပြင်းခြောက်သွေ့သော နွေအခါသမယတွင်ကား ပြင်ဦးလွင် ဂေါက်ကွင်းတွင် သကြြန်ဖလား ဂေါက်ရိုက်ပြိုင်ပွဲကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သည်။ ထိုမျှသာမက ခုတင် ၇၀၀ ဆံ့ တပ်မတော် စစ်ဆေးရုံ၊ ခုတင် ၃၀၀ ဆံ့ ပြင်ဦးလွင်ခရိုင် ဆေးရုံကြီးတို့သည်လည်း အဆင်မြင့်ဟိုတယ်ကြီးများ ပမာ ခမ်းနားထည်ဝါစွာ ဖွင့်လှစ်ထားရှိသည်။

အပန်းဖြေစရာ ကန်တော်ကြီး ရုက္ခဗေဒဥယျာဉ်သာမက တောအုပ်၊ ရေတံခွန်တို့နှင့် ဖွဲ့စည်းထားသော ပွဲကောက်ရေတံခွန်၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ ပိတ်ချင်းမြောင် ဂူဘုရားတို့ကိုလည်း စိတ်လက်ရွှင်မြူးကြည်နူးဖွယ် ဖူးတွေ့ကြရမည် ဖြစ်သည်။

မြို့အဝင် ကျောက်တောင်ပေါ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်



mgyoe.com

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က ပန္နက်တင်မင်္ဂလာတင်ပြီး ရွှေတိဂုံစေတီတော် ပုံစံတည်ထားသော လွတ်လပ်ရေးမြို့ဦးစေတီကို ဖူးမြင်ရမည်။ ၎င်းကျောက်တောင် လွတ်လပ်ရေးစေတီ ရင်ပြင်ပေါ်မှနေ၍ ပြင်ဦးလွင် တစ်ပြင်တစ်ခွင်ကိုသာမက မန္တလေးဘက်ဆီသို့ပင် လွမ်းမောဖွယ် မှုန်မှုန်မွှားမွှား ရေးရေးပျပျ မြင်ယောင်နိုင်ပါသည်။ ထိုနည်းတူ ရသေ့ကြီး ဦးခန္တီနှင့် အများပြည်သူတို့၏ ကောင်းမှုဖြစ်သော မြို့အနောက်ဖျားမှ နောင်ခမ်းကြီးတောင်ဘုရားပေါ်မှလည်း တောအုပ်တို့နှင့် မာယာဖွဲ့ထားသော စိမ်းစိမ်းညို့ညို့ ပြင်ဦးလွင်ကို စီး၍မြင်တွေ့ရပေမည်။

ထို့နောက်တစ်ဖန် ပုဂံခေတ် အနုလက်ရာတို့နှင့် ခေတ်သစ်ဗိသုကာပညာတို့ ရောယှက်တည်ဆောက်ထားသည့် ပြည်တော်ချစ် မဟာအံ့ထူးကံသာ ဆင်းတုတော်ကြီးနှင့် ဂူဘုရားစေတီတော်ကိုလည်း ရင်သပ်ရှုမော အံ့ဩဖွယ်ရာ ဖူးမြော်နိုင်ပါသေးသည်။ မဟာအံ့ထူးကံသာ စေတီရင်ပြင်တော်မှ ရှမ်းရိုးမတောင်တန်းကြီး၏ တောင်စဉ်တောင်ဝှမ်း၊ ကုန်းစောင်းကမူ၊ တောင်လက်မောင်းအသွယ်သွယ်တို့နှင့် တောင်ယာစိုက်ခင်းများအား ရှုမဆုံးနိုင်သော မြင်ကွင်းကျယ်ကြီးအဖြစ် တမေ့တမော ခံစားနိုင်ပါသေးသည်။

ပရိုက်တီး သံဖွစက်ရုံ၊ သံအရည်ကြိုစက်ရုံ၊ ဆေးဝါးကျွမ်းကျင် ဆေးသုတေသန တက္ကသိုလ်ကိုလည်း ပြန်လည်တည်ဆောက်ပြီးစ အနီးစခန်းလေယာဉ်ကွင်းကြီးနှင့်အတူ အနီးစခန်းတွင် မြင်တွေ့ရမည်။ ကမ္ဘာ့ဝိပဿနာအဖွဲ့အစည်းကြီးများအပါအဝင် သူတော်စင်များ တရားရှာမှီးရန်အတွက် ဝိပဿနာရိပ်သာကြီးပေါင်းမြောက်မြားစွာနှင့် ပရိယတ္တိသာသနာအတွက် စာသင်တိုက်ကြီးပေါင်းများစွာလည်း တည်ရှိသဖြင့် သာသနာထွန်းကားဝေစည်သော ကျွန်တော့မွေးဌာနီဖြစ်သည်။

ကျွန်တော်၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ပြင်ဦးလွင်မြို့ကိုမူကား ကျွန်တော်၏အသည်း အသက်တမျှချစ်မြတ်နိုး၍ နေပါတော့သည်။ ကျွန်တော်သည် ဘယ်အရပ်၊ ဘယ်ကမ္ဘာ၊ အဘယ်ဒေသမျိုးသို့ ရောက်ရှိနေပါစေ၊ ကြည်နူးနှစ်သက်စဖွယ် ထိုဒေသလေးကို ဘယ်သောအခါမျှ မေ့ပျောက်၍ ရနိုင်မည် မဟုတ်တော့ပါ။ ခေတ်မီတိုးတက်နေသော ကျွန်တော်၏ ပတ်ဝန်းကျင်စာပန်းချီတို့ပါတည်း။ ။



mgyoe.com

mgyoe.com

## လူငယ်နှင့်အနုပညာ

ပုံကြမ်း

- လူငယ်ဘဝတွင် အနုပညာလိုက်စားရန် အခွင့်အလမ်းများရှိပုံ
- ပတ်ဝန်းကျင်က အားပေးပုံ
- ကျောင်းက လေ့ကျင့်ပျိုးထောင်ပေးပုံ
- စာပေ၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ဆို က ရေး တီး တို့တွင် လူငယ်များ၏ အနုပညာဖွံ့ဖြိုးလာပုံ
- ထူးချွန်မှုများ
- မိမိသိထားသော လူငယ်အနုပညာရှင်များ ရှေ့အလားအလာ


mgyoe.com

mgyoe.com


လူငယ်ဟူသည် ပျိုမျစ်နုနယ်သော၊ ရိုးသားပွင့်လင်းသော၊ စွမ်းရည်ပြည့်ဝသော တက်ကြွလန်းဆန်းနေသူများဖြစ်ကြသည်။ လူငယ်တို့၏စိတ်ထားသည် ဖြူစင်သန့်ရှင်းသော၊ ရိုင်းပင်းကူညီတတ်သော၊ ရဲဝံ့စွန့်စားပြီး မဟုတ်မခံ တော်လှန်ရဲသော၊ မိမိဆုံးဖြတ်ချက်ကို ဦးလည်မသုန် ဆောင်ရွက်ရဲသူများ ဖြစ်ကြသည်။ လူငယ်သည် အတုမြင်အတတ်သင်တတ်သော သဘောလည်းရှိသည်။ သင်လွယ်တတ်လွယ်သော သဘောလည်းရှိသည်။ လူငယ်များသည် အနုပညာကို အခြားအရွယ်များထက် ပို၍ခုံမင်တတ်ကြသည်။ အနုပညာသည် လူထုကို စည်းရုံးရာတွင်လည်းကောင်း၊ ပညာပေးရာတွင်လည်းကောင်း အထိရောက်ဆုံး လက်နက်ဖြစ်သည်။

ယနေ့လူငယ်နောင်ဝယ်လူကြီးဟူသကဲ့သို့ နောင်တစ်ခေတ်၏ တိုင်းပြည်တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်များ၏ဘဝသည် အလွန်အရေးကြီးသည်။ လူငယ်ဘဝတွင် ကျန်းမာသန်စွမ်း ဉာဏ်ရည်မြင့်မားရုံသာမက၊ မျိုးချစ်စိတ်၊ ဇာတိမာန်ထက်သန်သည့်စိတ်၊ အားကစားလိုက်စားလိုသောစိတ်၊ ယဉ်ကျေးမှုကို အလေးထားတတ်သောစိတ်၊ အနုပညာကို ချစ်မြတ်နိုးတတ်သောစိတ် စသည်များကို ဖွံ့ဖြိုးတိုးတက်နေစေရန် လေ့ကျင့်ပေးရန်လိုအပ်သည်။ ပင်ပန်းနွမ်းနယ်နေသည့် ကလေးများအား ရုပ်ခန္ဓာကိုယ်အတွက် ခြေညောင်းလက်ဆန့် အားကစားတစ်စုံတစ်ခု ပြုလုပ်ရန်လိုအပ်သကဲ့သို့ စိတ်ပိုင်းဆိုင်ရာအတွက်လည်း အပန်းဖြေရွှင်လန်းတက်ကြွစေရန် အနုပညာတစ်ရပ်ရပ်ကို လေ့ကျင့်သင်ကြား ပေးထားသင့်



mgyoe.com

mgyoe.com


ပေသည်။

အနုပညာ၏သဘောမှာ တည်ငြိမ်အေးချမ်းသည်။ နူးညံ့သိမ်မွေ့ယဉ်ကျေးစေသည်။ ဖြူစင်ပြီးသနားကြင်နာတတ်၊ ခွင့်လွှတ်သည်းခံတတ်သော သဘောများရှိလေသည်။ အနုပညာသမားတို့၏ ပကတိစိတ်မှာ မိမိကိုယ်ကိုယုံကြည်မှု အပြည့်အဝရှိထားသည့် မာနတရားလက်ကိုင်ထားတတ်ကြသည်။ ရိုးသားဖြောင့်မတ်တည်ကြည်တတ်ကြသည်။ ဤကမ္ဘာမြေကို စိမ်းလန်းစိုပြည်အောင် ၎င်းတို့၏အနုပညာများဖြင့် ဖန်ဆင်းလိုကြသူများဖြစ်ကြသည်။ ထိုကဲ့သို့သော အနုပညာသမား၊ ဆရာသမားအသိုင်းအဝိုင်းသို့ ကျောင်းသားလူငယ်လေးများ ရောက်ရှိစေခြင်းအားဖြင့် စိတ်ထားအလှပိုင်ရှင်များ ဖြစ်သွားစေနိုင်ပါသည်။

အနုပညာဟူသောစကားရပ်တွင် စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်၊ အက စသည့်မြောက်မြားစွာ အကျုံးဝင်သွားပါသည်။ အနုပညာ၏ ကျယ်ပြောသော စည်းဘောင်ကို "ဆို က ရေး တီး" ဟူ၍ ချုပ်ပြီးလည်း ခေါ်ဆိုတတ်ကြပေသည်။ မည်သည့် အနုပညာရပ်မဆို စာပေဖြင့် အမှတ်အသားပြုရခြင်း၊ စာပေဖြင့်မှတ်တမ်းတင်ရခြင်းတို့ကြောင့် စာပေသည် အခေါင်အချုပ်ပင်ဖြစ်သည်။ ထို့ကြောင့် အနုပညာသမားမှန်သမျှ စာဖတ်ကြရပါသည်။ အနုပညာသမား စာပေဖတ်ရှုနေခြင်းမှာ တိုးတက်အောင် လေ့ကျင့်နေခြင်းပင်ဖြစ်သည်။

ဤနည်းအားဖြင့် စာပေဗီဇ၊ အနုပညာသန္ဓေများ ကိန်းတည်ကာ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာများ ဖြစ်သွားကြသည်မှာလည်းမနည်းပြီ။ ကျောင်းသားအရွယ် ကလေးငယ်ဘဝတွင် အနုပညာကို ဝါသနာပါသူတို့အတွက် ဝါသနာအလျောက်လေ့လာသင်ယူနိုင်ရန် ကျောင်းများတွင် စီစဉ်ပေးထားနိုင်လျှင် အကောင်းဆုံးပင်ဖြစ်သည်။

တိုးတက်သောနိုင်ငံများတွင် အနုပညာကျောင်းများ၊ အနုပညာသိပ္ပံနှင့် အနုပညာတက္ကသိုလ်များ ရှိကြသည်။ သာမန်အထက်တန်းကျောင်းများ၌ပင် အနုပညာဘာသာရပ်ကို စနစ်တကျ သင်ကြားပို့ချပေးလျက်ရှိသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ယဉ်ကျေးမှုတက္ကသိုလ်၊ ပန်တျာကျောင်း စသည်များကို ဖွင့်လှစ်သင်ကြားပေးနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် လူငယ်ဘဝတွင် အနုပညာကို လိုက်စားရန် အခြေအနေကောင်းများ၊ အခွင့်ကောင်းများရှိနေပါသည်။ ယခုအခါ ကမ္ဘာကြီးသည် ရွာကြီးတစ်ခုပမာ ကျဉ်းမြောင်းသွားပြီဖြစ်သည်။ ဆက်သွယ်ရေးမီဒီယာကောင်းမွန်သော လျှပ်စစ်နည်းပညာခေတ်တွင် အနုပညာ ကူးလူးဆက်ဆံမှုများလည်း မြန်ဆန်စွာ ကူးစက်သွားကြပေသည်။ ရှေးယခင်ကကဲ့သို့ အိမ်နီးချင်းနိုင်ငံများမှ အနုပညာသာ ကူးလူးဆက်စပ်သော ခေတ်မဟုတ်တော့ဘဲ ကမ္ဘာ့ဂီတမျိုးစုံ မြန်မာနိုင်ငံအတွင်းသို့ ဖန်သားမျက်နှာပြင်ပေါ်တွင် ဝင်ရောက်လာကြပြီး ဖြစ်သည်။


mgyoe.com

mgyoe.com

ဤကဲ့သို့ ဖြစ်လာသည်ကို ဟန့်တား၍လည်း မရနိုင်ပါ။ လူငယ်တို့သည် ၎င်းတို့နှစ်သက်စွဲလမ်းရာ အနုပညာကို အတုခိုးမည်။ နည်းယူကြမည်မှာ သဘာဝလည်းကျပါသည်။ သို့အတွက် မိမိတို့လူမျိုး၊ မိမိတို့ယဉ်ကျေးမှုအနုပညာ ကိုယ်ခံအားကောင်းစေရန် ငယ်စဉ်ကတည်းကပင် ကျောင်းသားလူငယ်တို့ကို ပြုစုပျိုးထောင် လေ့ကျင့်ပေးထားသင့်ပေသည်။ မြန်မာ့ယဉ်ကျေးမှုအနုပညာကို အလွယ်တကူ လက်ခံနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဟန့်တား၍မရနိုင်သော အနောက်တိုင်းအနုပညာများကို ဝေဖန်ပုတ်ခတ်နေမည့်အစား မိမိတို့ မြန်မာ့အနုပညာရပ်များကို ကျောင်းသားလူငယ်တို့အကြားတွင် အလွယ်တကူသင်ကြားနိုင်၊ လေ့လာနိုင်ရန် စီစဉ်ပေးထားရန်မှာ အကောင်းဆုံးနည်းလမ်းသာဖြစ်သည်။ အနုပညာကို လေ့လာလိုက်စားသူတို့အဖို့ စိတ်ကိုရွှင်လန်းနှစ်သက်စေရုံမျှမက စွဲလမ်းသွားစေတတ်သော သဘောလည်းရှိပေသည်။

များစွာသောလူငယ်တို့သည် အတွေးအခေါ် အမြင်ဆန်းသစ်သည်။ တီထွင်ရဲသည်၊ အတင်အပြရဲသည်။ ရှေးအစဉ်အလာဟောင်းကို တော်လှန်ရဲကြသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် အနုပညာသစ်ကို ရရှိနိုင်မည်ဖြစ်သည်။ အရိုးကို အရွက်မဖုံးစေသော၊ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်သည့် အနုပညာအသစ်ကို လူငယ်တို့ကသာ ဖန်တီးနိုင်ကြမည်ဖြစ်သည်။ ယနေ့ခေတ်တွင် ဆက်သွယ်ရေး သတင်း မီဒီယာများ တိုးတက်ထွန်းကားနေသည်မှာ လိုက်မမီအောင်ပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာလူငယ်ပေအကြား အနောက်တိုင်းအနုပညာများ နည်းအမျိုးမျိုးဖြင့် ဝင် ရောက်လာသည်မှာ ဓမ္မတာဖြစ်သည်။ အပြန်အလှန်အားဖြင့် မြန်မာလူငယ်ထုက မြန်မာ့အနုပညာကို ကမ္ဘာကသိအောင်၊ ကမ္ဘာကလက်ခံနိုင် အောင် ဆောင်ရွက်နိုင်သည်အထိ အနုပညာဝမ်းတွင်းစာ၊ အနုပညာအခြေခံ၊ အနုပညာကိုယ်ခံအားကောင်းရန်လိုအပ်သည်။

"ဓားသွားထက် ကလောင်သွားကထက်" ဟု စကားပုံရှိသည်။ စာပေ အနုပညာဖြင့်စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း တိုက်ခိုက်ခြင်းက ပိုမိုထိရောက်ကြောင်း ဖော်ပြလိုရင်းဖြစ်သည်။ အနုပညာသည် ပြည်သူတို့၏ နှလုံးအိမ်ကို ဒုတ်ဒုတ်ထိ တိုက်ရိုက်ရောက်ရှိခံစားစေနိုင်ပါသည်။ ကိုလိုနီခေတ်တွင် ဒို့ဗမာအသင်းကြီး တည်ထောင်ကြကာ "ဒို့ဗမာ" သီချင်းဖြင့် လှုံ့ဆော်ခဲ့ရာ ဒို့ဗမာသီချင်းသံသည် တစ်နိုင်ငံလုံး ပျံ့နှံ့သွားလေသည်။ မျိုးချစ်စိတ်ဓာတ်တို့ကိုလည်း တဟုန်းဟုန်း ထတောက်စေခဲ့သည်အထိအောင်မြင်ခဲ့သည်။ နိုင်ငံတော်သီချင်းသံကြားရလျှင်မူ ဇာတိသွေး ဇာတိမာန်တို့ကို တဖွားဖွားထကြွစေပြန်ပါသည်။ အာဇာနည်နေ့တွင် ကြားရလေ့ရှိသော အဆိုတော်မေလှမြိုင်၏ အာဇာနည်နေ့ ဂုဏ်ပြုတေးသံကို ကြားရပြန်လေသော် ကျွန်တော်တို့လူငယ်များအဖို့ ရင်မချီအောင်ခံစားကြရပြီး မျက်ရည်များစို့၍



mgyoe.com

mgyoe.com


ပင် လာတတ်ပါသည်။ အနုပညာသည် ထိုမျှတန်ခိုးကြီးပါသည်။

ကမ္ဘာကြီးနှင့်အညီ အမီလိုက်ကာ တည်ဆောက်နေရသော မြန်မာနိုင်ငံတော်အဖို့ လူငယ်တို့၏အခန်းကဏ္ဍမှာ ရှေ့တန်းကပါဝင်ပါသည်။ လူငယ်တို့ကို ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်တတ်ရန်အတွက် လူငယ်ထုကို နားမျက်စိဖွင့်ပေးရန်၊ ပြုစုပျိုးထောင်ပေးရန် လိုပါသည်။ အနုပညာသည် လူငယ်ထု၏နှလုံးအိမ်ကို ယဉ်ကျေးရည်မွန် လိမ္မာစေနိုင်စွမ်းပါသည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်သန်စေမှု၊ ဇာတိမာန် တက်ကြွစေမှုတို့ကို အနုပညာက လှုံ့ဆော်ပေးနိုင်စွမ်းပါသည်။ ထို့ပြင် လူ၏စိတ်ကို သာယာအေးချမ်းစေသည်မှာ အနုပညာပင်ဖြစ်သည်။ စိတ်လက်အပန်းပြေရွှင်လန်းနေလျှင် ဉာဏ်ပညာလည်း ထက်မြက်၊ မှတ်ဉာဏ်လည်း ကောင်းစေပါသည်။ ထို့ကြောင့်ကျောင်းသားလူငယ်များကို ကျောင်းစာနှင့်ချည်းသာ အချိန်မကုန်ဆုံးစေသင့်ဘဲ အားကစားရော၊ အနုပညာကိုပါ အချိုးကျကျလေ့လာ လိုက်စားစေသင့်ပါသည်။ ။


mgyoe.com

mgyoe.com

## ဘုရားဖူးခရီးတစ်ခေါက်
## စိတ်ဝင်စားဖွယ်ခရီးတစ်ခေါက်

ပုံကြမ်း
- အားလပ်ရပ်တွင် ခရီးထွက်ပုံ၊ အတူလိုက်ပါသူများ
- ခရီးသွားညှိသည့် အစီအစဉ်
- သွားဖူးသည့် ဘုရားအကြောင်းကို လမ်းမှာတွေးမိပုံ
- လမ်းခရီးမြင်ကွင်းများ၊ ဘုရားသို့ရောက်ပုံ
- ဘုရားပတ်ဝန်းကျင်မြင်ကွင်းများ၊ အခြားဘုရားဖူးများ
- မိမိဘုရားဖူးပုံ၊ အမှတ်တရ အကြောင်းတစ်ခု
- ဘုရားဖူးပြီး ပျော်ရွှင်စွာပြန်လာပုံ


mgyoe.com

mgyoe.com

ထိုနေ့ကား ကျွန်တော် သတ္တမတန်းစာမေးပွဲဖြေဆိုအပြီး နောက်တစ်ရက်၊ ဖေဖော်ဝါရီလကုန်ရက် နွေကျောင်းပိတ်ရက်၏အစ ပထမနေ့ပေတည်း။ ကျောင်းသား ကျောင်းသူဘဝ ကျောင်းပိတ်ရက်ကာလသည်ကား ပျော်ရွှင်ဖွယ် နေ့များသာလျှင်တည်း။ ထိုနေ့မှာပင်လျှင် ဘုရားဖူးခရီးကို ထွက်ခွာရလေသောကြောင့် ပျော်ရွှင်လိုက်သည်မှာ ဇောင်းမှလွတ်သောမြင်း၊ ခြံမှလွတ်သောနွားသိုးငယ်သို့ လွတ်လပ်ပေါ့ပါးမြူးတူး၍ပင် နေပေတော့သည်။

သမိုင်းပြောင်မညှိုးသည့် စစ်ကိုင်းတောင်ပေါ် ရိုးသို့ ဘုရားဖူးခရီး ထွက်ခဲ့ကြခြင်းပေတည်း။ မေမေသည် ခရီးမထွက်မီ တစ်ရက်အလိုကတည်းက ဈေးသို့ပြေးကာ ဝယ်ခြမ်းကြော်လှော် ချက်ပြုတ်၍ အလုပ်ရှုပ်နေတော့၏။ ဖေဖေကား သူ့အချစ်တော် ဂျစ်ကားဘောနပ်ကိုဖွင့်ကာ ကလိလိုက်၊ ကားအောက်ဝင်ကာ စစ်ဆေးလိုက်နှင့်ရှိတော့၏။ ဤယနေ့မှာကား ဖေဖေသည် တူးစီ ဒီဇယ်အင်ဂျင် ဂျစ်ကားလေးကိုမောင်းလျက်၊ မေမေသည်ကားရှေ့ခန်းထိုင်ခုံမှာ အခန့်သားထိုင်လျက်၊ ညီလေး ညီမလေးတို့သည်ကား "မေမြို့ သို့မဟုတ် ပြင်ဦးလွင်၊ တိမ်ခိုးလေးများ ယှက်သန်းပါလို့အစဉ်" အော်ဟစ်သီဆိုလျက်၊ အနီးစခန်းရောက်လာသောအခါ "အနီးစခန်းမှာ မေမြို့ပန်းတွေစုံညီ" စသည် တွေကရာတွေ အော်ဆိုလျက်၊ ကျွန်တော်သည်ကား တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော စစ်ကိုင်းတောင်ကို စိတ်ကူးထဲမှာပုံဖော်လျက်။


mgyoe.com

mgyoe.com

ပြင်ဦးလွင်ကအထွက် အနီးစခန်း ကျော်လွန်လာသည်နှင့် သစ်ပင် တောတောင်တို့သည် စိမ်းရာမှဝါလာပြီဖြစ်ကြောင်း သတိထားမိလာပါသည်။ ၂၁ မိုင်ခြောက်ထပ်ကွေ့ကို ကျော်လွန်သက်ဆင်းမိသောအခါမှာကား ရော်ရွက်ဝါတို့ ကြွေလွင့်စပြုနေပါပြီ။ နွေဦးအဝင်မို့ လေရူးတို့လည်း နှင်စပြုနေကြပါပြီ။ ပင်ယံတို့ထက်မှ ဥသြတွန်သံကိုပင် ကြားရပါပြီ။ ကျွန်တော်တို့လည်း အနွေးထည်များကို ချွတ်ကြရပါပြီ။ ဂျစ်ကားကလေးသည်ကား တရိပ်ရိပ်ပြေးလျက်။

အုန်းကျောရွာ နားတောင်းကျ ချောင်းတံတားကိုလွန်သည်နှင့် မော်တော်ကားသည် မန္တလေးသို့သွားရာ ညာဘက်လမ်းသို့မလိုက်၊ ပြင်ဦးလွင်အဆင်းလမ်းမှ တစ်ဖြောင့်တည်း တည်ရှိသော ဘယ်ဘက်လမ်းသို့ ဦးတည်မောင်းနှင်ခဲ့သည်။ ထိုလမ်းသည် စစ်ကိုင်းတံတားထိပ်သို့ ဒုတ်ဒုတ်ထိရောက်နိုင်သော ဖြတ်လမ်းသစ်ပင်ဖြစ်သည်။ မန္တလေးမှ ကွေ့ဝိုက်သွားသည်ထက် ၁၄ မိုင်ခန့် ခရီးသက်သာသည်ဟု ဆိုပါသည်။

မော်တော်ကားလေးသည် တမျှော်တခေါ် ရှုမဆုံးနိုင်သော လယ်တောယာကွက် မြေပြန့်လွင်ပြင်ကြီးကို ဖြတ်သန်းမောင်းနှင်လျက်ရှိ၏။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ပွင့်ခြောက်ကယ် အနားလန် ဆက်ရက်ကယ်ညံ့နေသော လက်ပံပွင့်တို့ ရဲရဲနီလျက် ဝဲကာဝေ့ကာနှင့် မြေခလေသက် ဈာန်ဝိတက်ကဲ့သို့ ရှိတော့၏။ လတ်တလောကပင် ကျက်မှတ်ခဲ့ရသောကဗျာ "လာဟေ့ဒွါး သွားကောက်ချေစို့" ကို တိုးတိုးဖွဖွ ရွတ်ဆိုမိလေသေး၏။

မန္တလေးစက်မှုမြို့သစ်အစွန်းရှိ စွယ်တော်စေတီကြီးကို ဘွားခနဲဖူးတွေ့ရသည်နှင့် ရန်ကုန်၊ မန္တလေးကားလမ်းမကြီးသို့ ရောက်လေတော့၏။ ဂျစ်ကားလေးသည် ထိုကားလမ်းမကြီးပေါ် စဉ်းငယ်မျှဖြတ်သန်းကာ မြစ်ငယ် စစ်ကိုင်းဖြတ်လမ်းပေါ်သို့ မြားပြေးသကဲ့သို့ တစ်ဖြောင့်တည်းမောင်း၍ နိုင်ငံကျော် စစ်ကိုင်းတံတားကြီးပေါ်သို့ရောက်၏။ စစ်ကိုင်းတောင်ကြီးကိုလည်း ဘွားခနဲ ဖူးမျှော်လိုက်ရပြီး ကမ္ဘာကျော်မြစ်မဟာ ဧရာဝတီကိုလည်း အပေါ်စီးမှ မြင်တွေ့ရသည်။ ရေမမြင်ဖူးသောတောင်ပေါ်သား ကျွန်တော်တို့မောင်နှမမှာ ရင်သပ်ရှုမော အံ့သြဝမ်းသာဖြစ်ရလေတော့သည်။

မြစ်အတွင်းမှ မီးသင်္ဘောကြီး ခုတ်မောင်းလာသည်ကို အံ့သြမင်သက်ကြည့်ရှုမဝဖြစ်နေစဉ်မှာပင် မြစ်ကြီးနား၊ မန္တလေး အမြန်ရထားကြီးသည် တံတားကြီးပေါ်တွင် တဂျုံးဂျုံးတဂျိုင်းဂျိုင်းနှင့် မျက်နှာချင်းဆိုင်မှ ခုတ်မောင်း၍ လာလေနေ၏။ တံတား၏အလယ်တွင် မီးရထားသံလမ်း ဘေးတစ်ဖက်တစ်ချက်တွင် အသွားအပြန် မော်တော်ကားလမ်း ဖောက်လုပ်ထားသောကြောင့် အသည်းတယားယား ရင်တမမနှင့် ကြည့်၍ကောင်းပေသေး၏။ ကျွန်တော်တို့ မောင်နှမအဖို့ အရာ


mgyoe.com

mgyoe.com



ရာသည် အထူးအဆန်းပင်ဖြစ်၍နေကြပြီး ပျော်လိုက်ကြသည်မှာလည်း ဖော်မပြတတ်အောင်ပင် ဖြစ်ရပါသည်။

မီးရထားသံလမ်းကြီးသည် စစ်ကိုင်းမြို့ပေါ်မှ ဖြတ်သန်းသွားပြီး မီးရထားဘူတာရုံသည်ကား စစ်ကိုင်းမြို့ မြေညီပြင်မှာတည်ရှိ၏။ မီးရထားနှင့် မော်တော်ကားလမ်းဆုံရာ အလှဆုံးဟူသော မြို့တို့တွင် စစ်ကိုင်းတံတားကြီးမြို့အဝင်လမ်းသည် အလှတကာတို့ထက် သာလွန်လှပါပေသည်ဟု ဆိုစမှတ်ရှိကြ၏။ ထို့ထက် စစ်ကိုင်းတံတားပေါ်မှနေ၍ စစ်ကိုင်းတောင်ရိုးပေါ်ရှိ စေတီပုထိုး၊ ဂူကျောင်းပြာသာဒ်၊ တန်ဆောင်းဇရပ်တို့ကို ဖူးမြော်ရသည့်အရသာမှာ မည်သည့်အရသာ၊ မည်သည့်မြင်ကွင်းနှင့်မှ လဲ၍ရနိုင်မည်မဟုတ်တော့ပါ။ စစ်ကိုင်းတောင်၏အလှကို မီအောင်လည်း မည်သည့်ပန်းချီကျော်မှ ရေးဖွဲ့ချယ်မှုန်းနိုင်မည် မထင်တော့ပါ။

မော်တော်ကားသည် ကမ်းနားတစ်ဖက်မေးတင်၍ ဧရာဝတီမြစ်ပေါ် ခြေတံရှည် တည်ဆောက်ထားသော မည်စည်ပင်၊ သစ်ကြီးဝါးရိပ်တို့နှင့် စားသောက်ဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ ထိုးရပ်၏။ ပတ်ဝန်းကျင် ရှုမျှော်ခင်းအလှတို့ကြောင့် ဗိုက်ဆာနေသည်ကိုပင် သတိမရနိုင်။ စားသောက်ဆိုင်ပေါ်တွင်ကား ဧရာဝတီမြစ်ရေပြင်ကို ဖြတ်သန်း၍ တိုက်ခိုက်လာသော လေနုအေးကိုရှူရှိုက်ရင်း ထိုအရာကား အင်းဝနေပြည်တော်မြို့ကျုံး၊ ထိုအရာကား နန်းမတော်မယ်နု အုတ်ကျောင်းဟူ၍ ရှုမျှော်ရလေ၏။ ကြည်နူးလွမ်းမောစွတကား။

ထိုမှတစ်ဖန် ဂျစ်ကားလေးသည် စစ်ကိုင်းတောင်ပေါ်သို့ မောင်းလာခဲ့ကြပြန်၏။ ဆွမ်းဦးပုညရှင်စေတီ ယာဉ်ရပ်စခန်းတွင် ကားကိုအပ်နှံပြီး ခြေကျင်လျှောက်၍ ဖူးမျှော်ကြမည်ဖြစ်၏။ ဟိုမှာ ဧရာဝတီ၊ ထိုမှာလွမ်းစေတီ၊ အင်းဝတံတားကြီးနှင့် ရတနာပုံတံတားသစ်ကိုလည်း မြင်တွေ့ရလေ၏။ ရှမ်းရိုးမတောင်တန်းကြီးက မှိုင်းမှိုင်းညို့ညို့ ဆိုင်းဆိုင်းဆို့ဆို့ လွမ်းမောဖွယ်ကြီး လဲလျောင်းအိပ်စက်၍နေလေ၏။ ကျွန်တော်တို့၏ ဇာတိဌာနေမွေးရပ်မြေ ပြင်ဦးလွင်မြို့ကလေးသည်ကား အဘယ်အရပ်ဌာနေလောက်တွင် ရှိမည်နည်း။ ကျောင်းနေဘက် သူငယ်ချင်းတို့ကိုပင် သတိရလွမ်းဆွတ်မိလိုက်သေး၏။

ဥမင်သုံးဆယ်၊ ဥမင်ကိုးဆယ်တို့သို့ရောက်၏။ ဟိုးအနောက်မှာက ကောင်းမှုတော်စေတီ၊ ထိုရေဖွေးဖွေးကာ ကောင်းမှုတော်အင်း၊ ထိုအရာသည် ရွာထောင်ဘူတာ၊ ထိုရွေ့ရွေ့သွားနေသည်ကား မန္တလေး၊ မြစ်ကြီးနား မီးရထား စသည်တို့ကို မြူခိုးတို့ ယှက်ဆိုင်းနေသည့်အကြားမှ မထင်မရှား ဝိုးတဝါးမြင်နေရပေသည်။ စေတီအဆူဆူ ပုထိုးအမျိုးမျိုး၊ တောင်အသီးသီး၊ ချောင်အဝှမ်းဝှမ်း၊ ကျောင်းအဆောင်ဆောင်၊ တန်ဆောင်းပြာသာဒ်၊ ကျောင်းဇရပ်အဖုံဖုံတို့ကို ရှုမျှော်မဆုံး ပီတိဖုံး၍နေသော စစ်ကိုင်းတောင်တော်မြတ်ကြီးပါပေတည်း။



mgyoe.com

စစ်ကိုင်းတောင်မှ အဆင်းလမ်းသည် ဧရာဝတီမြစ်ကြီးကို ဘွားခနဲ ပက်ပင်းပါတွေ့ရပြန်ပါသည်။ တောင်ပေါ်မှအဆင်း တည့်တည့်ဖြစ်နေသောကြောင့် အသည်းယားစဖွယ်ပင် ကောင်းလိုက်ပါသေးသည်။ ကားသည် လက်ဝဲဘက်သို့ချိုး၍ မင်းကွန်းတောင်ရိုးသို့ ဆက်လက်မောင်းခဲ့ပြန်ပါသည်။ မြသိန်းတန်စေတီ၊ မင်းကွန်းခေါင်းလောင်းကြီး၊ လူအိုရုံနှင့် မပြီးပြတ်သော ဘိုးတော်ဘုရား၏ ပုထိုးတော်ကြီးတို့ကိုလည်း အံ့မခန်းဖွယ် ဖူးမျှော်မြင်တွေ့ရပါသည်။

မင်းကွန်းမှအပြန် ဖေဖေသည် စစ်ကိုင်းမြစ်ဆိပ် သရက်ပင်ရိပ်တွင် ကားကို ခေတ္တရပ်နားပါသည်။ ညနေစောင်းချိန် ရေချိုးချိန်ရောက်ပြီဖြစ်လေသောကြောင့် ရေချိုးဆိပ်သည်ကား စည်ကား၍နေပေသည်။ ရေချိုးဆိပ်သည်ကား လူယောက်ျား၊ လူမိန်းမတို့သာမက သီလရှင်များ၊ ကိုရင်များကိုပင် တွေ့ရပေသည်။ ကိုရင်အချို့က သောင်ပြင်ပေါ်တွင် ဘောလုံးကန်နေကြသေး၏။ စက်လှေများဖြတ်သန်းသွားသကဲ့သို့ ငှက်သမွန်တို့သည်လည်း "အိပွဲ့အိပွဲ့" ခတ်နေမြဲ။ ဆပ်ပြာကိုကား ဆဲသံမကြားရ။ လီမွန်ရှမ်ပူနှင့် ခေါင်လျှော်နေသော သီလရှင်ကိုပင် တွေ့၍ ပြုံးမိပါသေး၏။

စိတ်ကြည်နူးဖွယ် ဘုရားဖူးခရီးတစ်ခုပင်ဖြစ်ပါသည်။ ကျွန်တော့်အတွက် ဘယ်သောအခါ ဘယ်ကာလမှ မေ့မရနိုင်တော့ပြီဖြစ်သော ပျော်ရွှင်ဖွယ် ခရီးတစ်ခုပင်ဖြစ်ပါသည်။ ဒီဖခင် ဒီမိခင် ဒီညီအစ်ကို မောင်နှမ မိသားစုကလေးနှင့် ငြိမ်းငြိမ်းချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် လည်ပတ်လိုက်ချင်ပါသေးသည်။ အပြန်လမ်းခရီးတွင် အမှောင်ကျရောက်ပြီးဖြစ်သောကြောင့် ကားကိုမီးဖွင့်၍ မောင်းရပါသည်။ ညီလေးနှင့် ညီမလေးကား ပင်ပန်းခဲ့ပြီဖြစ်သောကြောင့် ကားပေါ်တွင်အိပ်လျက် လိုက်ပါလာကြသည်။ ကျွန်တော်သည် မျက်ဝန်းအစုံကိုကား ပိတ်ထားပါ၏။ ပျော်ရွှင်ဖွယ် ခရီးစဉ်ကိုကား အစီအစဉ်တကျ မြင်ယောင်လျက်သာ ရှိပေတော့သည်။ ။



mgyoe.com

mgyoe.com



## ကျွန်ုပ်နှစ်သက်သောအားကစားတစ်ခု

ပုံကြမ်း

- အားကစားနည်းအမျိုးမျိုးရှိပုံ
- ထိုအထဲမှ အားကစားတစ်ခုခုကို နှစ်သက်ပုံ
- ကြည့်ရှုအားပေးပုံ
- ကိုယ်တိုင်လည်း ပါဝင်ကစားပုံ
- ကစားစဉ်မြင်ကွင်း
- အမူအရာ၊ ကစားပုံ၊ ပရိသတ်အားပေးပုံ၊ တက်ကြွပျော်ရွှင်ပုံ
- နှစ်သက်ရသည့်အကြောင်း



mgyoe.com

မြတ်ဗုဒ္ဓက "အာရောဂျံ ပရမံ လာဘံ ကျန်းမာရေးနှင့်ပြည့်စုံခြင်းသည် အမြတ်ဆုံးဆုလာဘ်" ဟူ၍ မိန့်ကြားတော်မူပါသည်။ လူဟူ၍ ဖြစ်လာကြသမျှ မည်သူမဆို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ အသက်ရှည်ရှည် နေထိုင်လိုကြသည် ချည်းဖြစ်ကြပါသည်။ ကျန်းမာမှစိတ်ရွှင်မည်၊ ကျန်းမာစိတ်ရွှင်မှသာ ပထမအရွယ်တွင် ပညာ၊ ဒုတိယအရွယ်တွင်ဥစ္စာ၊ တတိယအရွယ်တွင် ဘာဝနာ သင်အံ့ရှာဖွေပွားများနိုင်ကြပေမည်။ ထို့ကြောင့် များစွာသောလူသားတို့သည် ကျန်းမာရေးပြည့်စုံလိုကြသဖြင့် အားကစားနည်းမျိုးစုံကို လေ့လာလိုက်စားကြသည်။

ကျွန်တော်တို့ ငယ်စဉ်ကလေးဘဝက ပြေးလွှားဆော့ကစားခြင်းကို ခုံမင်နှစ်သက်ကြပါသည်။ ကလေးတို့ဘဝတွင် ကစားစရာ နည်းမျိုးစုံ ပေါ်များလှပေသည်။ ငယ်စဉ်က ထိုသို့ပြေးလွှားဆော့ကစားလာရာမှ တဖြည်းဖြည်း အရွယ်ရောက်လာသောအခါ ကစားနည်းတစ်ခုခုကို စွဲလမ်းနှစ်ခြိုက်သွားစေတတ်ပါသည်။ ကလေးတို့သည် မိမိတို့နှင့်လက်လှမ်းမီရာ မြင်တွေ့ဖူးနေကျ အားကစားနည်း တစ်ခုမဟုတ်တစ်ခုကို စမ်းသပ်ကစားကြည့်တတ်သော သဘောရှိလေသည်။

ထိုကစားနည်းပေါင်း မြောက်မြားစွာထဲမှ ကျွန်တော်သည် ဘောလုံးကစားခြင်းကို နှစ်သက်ပါသည်။ ကျွန်တော်သည် ငယ်ငယ်ကတည်းက ကွင်းပြောင်ပြောင်ကိုတွေ့လျှင် အူမြူးနေတတ်သည်။ မြင်ခင်းစိမ်းစိမ်းနှင့် ဘောလုံးကွင်းကိုတွေ့လျှင်မူကား ပြေးလွှားကာ ကျွမ်းပစ်လူးလိမ့်ချင်စိတ်ပင် ပေါ်ပေါက်လာပါသည်။



mgyoe.com

mgyoe.com
ကျွန်တော်ငယ်ငယ်က ကစားဖော်မရှိလျှင် ဘောလုံးကို ခေါင်းဖြင့်တိုက်ကာ အုတ်နံရံကိုထိမှန်စေသည့် ကစားနည်းဖြင့် လေ့ကျင့်နေတတ်သည်။ ဘောလုံးကို အုတ်နံရံသို့တအုန်းအုန်း လေ့ကျင့်ကစားသဖြင့် မေမေ၏အဆူခံထိသည်ကိုလည်း ကျွန်တော်မှတ်မိနေပါသည်။ ကျွန်တော်သည် ဘောလုံးကစားခြင်းကို ထိုမျှအထိ နှစ်သက်စွဲလမ်းခဲ့ပါသည်။

ဘောလုံးပွဲကို ဝါသနာပါသည်နှင့်အမျှ ဘောလုံးပွဲကြည့်ရမည်ဆိုလျှင် ထမင်းမေ့ ဟင်းမေ့ဆိုသည်ထဲမှာ ကျွန်တော်လည်း ပါပါသည်။ ညနေကျောင်းဆင်းပြီ ဟော့ဆိုလျှင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ဘောလုံးကွင်းရှိရာသို့ ချီတက်ကြပါသည်။ ဘောလုံးပွဲကြည့်လျှင်လည်း တစ်ယောက်တည်းကြည့်၍ အရသာမရှိပါ။ ဝါသနာတူ မိတ်ဆွေများ၊ သို့မဟုတ် ဘောလုံးပွဲစည်းကမ်းကို ကျကျနန သိရှိနားလည်သူ၊ပြန်လည်ပြောပြတတ်သူ လူကြီးများနှင့်ကြည့်ရမှ အရသာရှိပါသည်။ ဘောလုံးပွဲမစမီ ဘောလုံးကွင်းကြီးနှင့် လူထုပရိသတ်များ လှုပ်ရှားနေပုံ၊ အလံတော်များ လေတွင်တဖျပ်ဖျပ်လူးလွန့် နေပုံကသည်ပင်လျှင်စိတ်ကို လွတ်လပ်ပေါ့ပါးလန်းဆန်းနေစေပါသည်။ မြက်ခင်း ပြင် စိမ်းစိမ်းကြီးကသည်ပင်လျှင် ဘဝင်နှလုံးကို ရွှင်ပြုံးမြူးကြွစေပါသည်။

ဘောလုံးပွဲကြည့်ရသည်မှာလည်း စွဲလှပေသည်။ မိုးရွာမရှောင်၊ နေပူမရှောင်ဟူသောစကားမှာ ဘောလုံးပွဲကြည့် ပရိသတ်အတွက် အမှန်ပင်ဖြစ်သည်။ ဘောလုံးပွဲကြည့်ရှု အားပေးကြသူတို့တွင် ခံယူချက်နှင့်စိတ်ဓာတ်အမျိုးမျိုး ရှိကြသည်။ အချို့ကမူ ဘောလုံး ပွဲအရသာကို ခံစားရုံသက်သက်ဖြင့် အရိုးခံအတိုင်း ကြည့်ရှုကြလေသည်။ အများစု မှာမူ မိမိတို့နှင့်ပတ်သက်သည့် မိမိတို့အားပေးသော အသင်းနိုင်စေလိုသောဆန္ဒ လွန်ကဲစွာဖြင့် ကြည့်ရှုကြသည်။ အချို့မှာမူ လောင်းကစားသမား စိတ်ဓာတ်အပြည့် အဝဖြင့် မိမိတို့လောင်းထားသောအသင်းကို နိုင်စေလိုကြပါသည်။ မည်သည့်ဆန္ဒဖြင့် ကြည့်ရှုအားပေးသည်မဟူ ကွင်းထဲတွင် လွတ်လွတ်လပ်လပ် အော်ဟစ်အားပေးပြီး အရသာခံကြသည်ကတော့ အမှန်ပင်ဖြစ်သည်။ အချို့စိတ်ကို မထိန်းသိမ်းနိုင်သူ၊ စိတ်ဓာတ်အောက်တန်းကျသူ တို့ကမူ ဆဲရေးတိုင်းထွာတတ်ကြပါသေးသည်။

ဘောလုံးပွဲကွင်းကြီးသို့ သွားကြည့်ခြင်းမျိုးမဟုတ်ဘဲ ဗီဒီယိုရုံကြီးများတွင် ကြည့်ရသည်မှာလည်း အရသာတစ်မျိုးထူးပါသည်။ အိမ်တွင်မိသားစုနှင့် ကြည့်ရသည်မှာ အငြိမ်ကြည့်ဖြစ်သည်။ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ဝန်းဝန်းနှင့် ထောင့်ကန်ဘော ရမရ၊ ဂိုးဝင်သွားပုံ၊ ကန်သွင်းပုံ စသည်တို့ကို နှစ်ကြိမ်ခန့် အနီးကပ် ထပ်မံဆွဲဆွဲပြသောကြောင့် တီဗွီမှ ဘောလုံးပွဲကြည့်ရသည်မှာလည်း အရသာတစ်မျိုးထူးလှပါသည်။ အားကစားသမားတို့၏ အယေအယူမှားယွင်းပုံ၊ ဒိုင်လူကြီး


mgyoe.com

mgyoe.com

အဆုံးအဖြတ်မတိကျပုံ စသည်တို့ကို ဖခင်၊ ဦးလေး၊ အစ်ကိုတို့က ဝင်ဝင်ထောက်ပြသောအခါ ဘောလုံးပွဲ၏အနက်အဓိပ္ပာယ်မှာ ပိုမိုနက်ရှိုင်းသွားတတ်သည်။

ကျွန်တော်သည် ဘောလုံးကစားရာတွင် ဖြစ်ဖြစ်မြောက်မြောက် ထွန်းထွန်းပေါက်ပေါက် မဟုတ်သည့်အတိုင်း ဝါသနာပါရာမှာ အလွန်အကျွံရှိလှသည်။ ကျွန်တော် ဘောလုံးကစားစဉ်က ရှေ့တန်းဘယ်စွန်းနေရာ၊ ညာစွန်းနေရာ တို့တွင် ကစားခဲ့ဖူးပါသည်။ ဆရာများက ကျွန်တော့်ကို အပြေးကောင်းသူ၊ တွန်းတွန်းတိုက်တိုက် ဝင်ရဲထွက်ရဲသူဟု သတ်မှတ်ကာ ထိုနေရာမျိုးကို ကစားခိုင်းခြင်းဖြစ်မည်ထင်ပါသည်။ သို့ရာတွင် ကျွန်တော့် အားနည်းချက်မှာ ဘယ်ခြေလုံးဝအသုံးမချတတ်ခြင်း၊ မကန်တတ်ခြင်းပင် ဖြစ်လေသည်။ ဘယ်ခြေညာခြေရွေးနေသည်နှင့် တစ်ဖက်အသင်းမှ ပြိုင်ဘက်ကစား သမားက ဖျက်ထုတ်သွားသဖြင့် အခွင့်အရေးကောင်းများ လက်လွတ် ဆုံးရှုံးသွားခဲ့ဖူးလှပါပြီ။ နောက်ပိုင်းတွင် ဆရာများက နောက်တန်းလူအဖြစ် ပြောင်းရွှေ့ကစားစေပါသည်။ ရှေ့မှပြေးထွက်လာသော ဘောလုံးကိုဘယ်ခြေနှင့်ပြေးကန်လိုက်လျှင် ဆန့်ကျင်ဘက်အားနှစ်ခုထိပ်တိုက်ထိုးမှုကြောင့် ဘောလုံးသည် အဝေးကိုရောက်ရှိကြောင်းတွေ့ရှိရသည်။ ဘယ်ညာ နှစ်ဖက်သုံး၍ရသောကြောင့် နောက်တန်းသည် ကျွန်တော်နှင့် အံဝင်ခွင်ကျဖြစ်နေသည်ကို တွေ့ရှိရလေသည်။

ဘောလုံး ဝါသနာအိုးတို့အဖို့ ဘောလုံးပွဲကောင်းတစ်ပွဲကို ကြည့်ခွင့်ရပြီဆိုလျှင် ထိုတစ်ရက်အတွက် ဘဝအမောများ ပြေပျောက်သောနေ့ဟု ဆိုရပေမည်။ ဘောလုံးပွဲပြီးသွားသည့်တိုင် ကစားသမားတို့ ကစားနေကြဟန်သည်ကား မျက်စိထဲကမထွက်နိုင်။ အားကစားဟူသည်နှင့်အညီ အင်နှင့်အားနှင့် တွန်းတွန်း တိုက်တိုက်ကစားရလေသောကြောင့် နှစ်ဖက်ဘောလုံးသမားများအကြား မကြာခဏ ပြဿနာကလေးများဖြစ်ပွားတတ်သည်။ အားကစားသမားစိတ်ဓာတ်မှာ သည်းခံစိတ်၊ မိမိစိတ်ကို ထိန်းချုပ်နိုင်စွမ်းမှာ အရေးကြီးလှသည်။ သည်းခံစိတ်နည်းပါးသော အားကစားသမား၊ ရှုံးလျှင်ညစ်တတ်၊ လူချတတ်သော သေးသိမ်သော စိတ်ထားရှိသည့် အားကစားသမားတို့ကြောင့် ဘောလုံးပွဲမှ ရန်ပွဲဖြစ်သွားသည်လည်း ကြုံရဖူးပါသည်။ ထိုပွဲမျိုးတွင် ဒိုင်လူကြီး၏ အကင်းပါးနပ်မှုကား အရေးကြီးလှပါသည်။

ဘောလုံးပွဲတစ်ပွဲ၏ အနုပညာအလှကိုဖန်တီးသူများမှာ ကွင်းလယ်ကစားသမားများဟုဆိုရပေမည်။ ကွင်းလယ်ဖန်တီးရှင်များ ကောင်းမွန်လျှင် ဘောလုံးတစ်သင်း၏ ရှေ့နောက်အတက်အဆင်း၊ အထက်အောက် အစုန်အဆန် အချိတ်အဆက်မိမိဖြင့် ကစားကွက်များ လှပနေတတ်သည်။ ရှေ့တန်းတိုက်စစ်မှူးများမှာ ဘောလုံးပွဲ၏အနိုင်အရှုံးကို အဆုံးအဖြတ်ပေးမည့် အရေးအကြီးဆုံး အား ကစားသမားများဟု ဆိုရပေမည်။ ဂိုးသွင်းကောင်းသော ကိုကိုများသည် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်များပင်ဖြစ်ကြသည်။ အုတ်တံတိုင်းကြီးများသဖွယ် တောင့်တင်းခိုင်မာသော နောက်


mgyoe.com

mgyoe.com


တန်းကစားသမားတို့သည် အားပေးနေသူပရိသတ်တို့၏ အားကိုးအားထားရာများ ဖြစ်နေတတ်ပေသည်။ တစ်ဖက်အသင်းတိုက်စစ်မှူးတို့၏ ကစားကွက်များကို ပြေးဆောင့်လာသော ရေလှိုင်းများသည် ကျောက်ဆောင်နှင့်တွေ့သောအခါ ဖရိုဖရဲ ပြိုလဲပျက်ကျေရသကဲ့သို့ ဖျက်ထုတ်နိုင်စွမ်းကြပေသည်။ ထောင့်ဖြတ်အမြင့်ဘောများကိုလေမှုပျံ့ဝဲပြီး ဖမ်းယူနိုင်စွမ်းသော၊ ပုတ်ထုတ်ကာကွယ်တတ်သော ဂိုးသမားသည်လည်း ပရိတ်သတ်ကို လက်ခုပ်သံတဖျောင်းဖျောင်းဖြင့် အားရကျေနပ် ရွှင်မြူးစေတတ်ပါသည်။

ဘောလုံးဝါသနာအိုးများ ဘောလုံးပွဲပေါ် ရူးသွပ်ကြပုံ၊ အားပေးကြပုံမှာ ကြောက်မက်ဖွယ်ကောင်းလှသည်။ အချို့က မိမိတို့အားပေးမည့် ဘောလုံးအသင်း၏ အားကစားအင်္ကျီကို မရအရ ဝယ်ယူဝတ်ဆင်အားပေးကြသည်။ အချို့က နဖူးစီးများ၊ တစ်ချို့က ဦးထုပ်များဆောင်း၍ အားပေးတတ်ကြသည်။ အိုးစည်၊ ဗိုးပတ်ဆောင်ယူခဲ့ရန်ပင် မမေ့ကြပါ။ အော်ဟစ်ကြ၊ အားပေးကြသည်မှာလည်း မမောနိုင်မပန်းနိုင် ရှိကြပေသည်။ ဘောလုံးပွဲ၏ အလှတစ်ပါးမှာ မိမိတို့အားပေးသော ဘောလုံးအသင်းမှ တစ်ဖက်ဂိုးပေါက်ထဲ ကန်သွင်းလိုက်သောအခါ လူသူထောင်သောင်းတို့သည် ဝေါခနဲ ကြွတက်သွားတတ်သော လူလှိုင်းလုံးကြီး၏ အလှပင်ဖြစ်သည်။ ဘောလုံးပွဲ၏ အနှစ်သာရမှာ မိမိတို့အားပေးသောအသင်းမှ တစ်ဖက်အသင်းဂိုးပေါက်ထဲသို့ ခဲရာခဲဆစ်ကန်သွင်းလိုက်သောအခါ အော်ကြရသော "ဂိုး" ဟူသော အရသာပေတည်း။ အော်ကြဟစ်ကြ၊ ခုန်ပေါက်ကြ၊ ကွမ်းပစ်ကြ၊ ဦးထုပ်များ ပစ်မြှောက်ကြဖြင့် ဘောလုံးပွဲ၏ စည်းစိမ်ကြီးလှသော ပျော်ရွှင်ကျေနပ်မှုများပေတည်း။

ဘောလုံးပွဲကို စွဲလမ်းနှစ်သက်ရခြင်း၏ အကြောင်းရင်းများမှာ ဘောလုံးကန်ခြင်းမှာ အားကစားဖြစ်သော်လည်း အနုပညာတစ်ရပ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဘောလုံးကစားရာတွင် အနက်ရှိသည်၊ အထာရှိသည်၊ ဘောလုံးတွင် ပရိယာယ်ရှိသည်၊ အလင်္ကာတန်ဆာဆင်မှုကလေးတွေလည်း ရှိပါသည်။ ဘောလုံးမင်းသားတစ်သီး၏ အတုံ့အဆိုင်းကလေးများ၊ အလိမ့်အဖိမ့်ကလေးများ၊ အလိမ်အခေါက်ကလေးများက ပရိသတ်ကို ဝေါခနဲ၊ ဟာခနဲ စွဲမက်ကျန်ရစ်စေခဲ့တတ်ပါသည်။ ဂိုးသွင်းဘုရင်တို့၏ မထင်မှတ်နိုင်သော အခက်အခဲကြားမှ အမှတ်မထင် သွင်းယူသွားပုံများ၊ ဂိုးသမားတို့၏ လေမှာပျံ့ဝဲကာ သက်စွန့်ဆံဖျား ကာကွယ်ပုတ်ထုတ်လိုက်ပုံများတို့မှာလည်း ပွဲကြည့်ပရိသတ်ကို စွဲမက်စေသည့် အကြောင်းများပင်ဖြစ်သည်။ ထို့အပြင် မွန်းကျပ်လှောင်ပိတ်နေသော ဤလောကတွင် ဘောလုံးပွဲကဲ့သို့ ကွင်းပြင်ကျယ်ကြီးထဲတွင် လူပေါင်းထောင်သောင်းချီကာ စိတ်လွတ်လက်လွတ် အော်ဟစ်အားပေးရခြင်းကသည်ပင်လျှင် စွဲမက်နှစ်သက်ရခြင်း၏ အကြောင်းအရင်း ဖြစ်ပါလိမ့်မည်။ ။


mgyoe.com

mgyoe.com


## ပျင်းရိခြင်း၏ ဆိုးကျိုးများ

ပုံကြမ်း
- ပျင်းရိခြင်းဟူသည်
- ပျင်းရိတတ်သောစိတ်
- ပျင်းရိစိတ်ကြောင့် အချိန်ဆွဲတတ်ပုံ
- အချိန်မီမလုပ်သည့်အတွက် အကျိုးယုတ်တတ်ပုံ သာဓကများ
- ပျင်းရိစိတ်ကို ဖယ်ရှားသင့်ပုံ
- ပျင်းရိခြင်းကင်းမှ အောင်မြင်နိုင်ပုံ


mgyoe.com

mgyoe.com



ပျင်းရိခြင်းသည် လေးလံထိုင်းမှိုင်းခြင်း၊ လေးကန်ဖင့်နွှဲခြင်း၊ အချိန်ကို အလဟဿ ကုန်ဆုံးစေခြင်းသဘောရှိပါသည်။ ပျင်းရိခြင်းဟူသည် လုပ်သင့်လုပ်ထိုက် ပြုသင့်ပြုထိုက်သည့် အမှုကိစ္စများတွင် ထက်သန်တက်ကြွမှု မရှိခြင်းကိုခေါ်ဆိုပါသည်။ ပျင်းရိနေသောသူတွင် စိတ်ဓာတ်မပွင့်လင်းခြင်း၊ စိတ်ဓာတ်တက်ကြွမှုမရှိခြင်း တို့ကြောင့် လူ့ခန္ဓာကိုယ်သည်လည်း လေးလံထိုင်းမှိုင်းနေပြီး စိတ်ဓာတ်တို့သည်လည်း မှေးမှိန်မွဲသွေ့နေတတ်သည်။ ပျင်းရိခြင်းသည် လူ့ခန္ဓာကိုယ်တွင် လူသား၏တိုးတက် ကြီးပွားချမ်းသာမှုကို အဆိုးရွားဆုံး ဟန့်တားနေသောစိတ်ပင်ဖြစ်သည်။

ပျင်းရိတတ်သော လူတို့၏ခန္ဓာကိုယ် ရုပ်ပိုင်းဆိုင်ရာ အပြုအမူတို့သည် လေးကန်ဖင့်နွှဲနှေးကွေး၍ နေတတ်ပေသည်။ သွက်လက်ဖျတ်လတ်မှု အမူအရာ အလျှင်းကင်းမဲ့၍နေတတ်ပေသည်။ လူတို့မှာသာ မဟုတ်တုံသေး။ ကျွဲ၊ နွား၊ ဆင်၊ မြင်းတို့တွင်လည်း လုပ်ငန်းခွင်တွင် နှေးကွေးနုံချာလှသော တိရစ္ဆာန်တို့မှာ လူပျင်းတို့နည်းတူ နှေးကွေးလေးကန် ဖင့်နွှဲနေတတ်ကြသော သဘောရှိပေသည်။ ထိုကဲ့သို့ မြင်းကပ်၊ နွားလေးများကို ပိုင်ရှင်တို့သည် လက်ဝယ်ကြာကြာမထားတတ်ကြ။ တစ်လက်ပြီးတစ်လက် ရောင်းထုတ်ပစ်ကြကာ အဆုံးသော်ကား သားသတ်ရုံသို့ ရောက်ရှိသွားရလေတော့သည်။ ပျင်းရိခြင်း၏ ဆိုးကျိုးပေတည်း။

ပျင်းရိခြင်းသည် ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်၍ ပျက်သည့်အလား



mgyoe.com

mgyoe.com
ဘဝတိုးတက်မှုအခွင့်အလမ်းများ ဆုံးရှုံးသွားတတ်ပေသည်။ လူချင်းအတူတူ ပညာမတတ်ခြင်း၊ ဆင်းရဲနိမ့်ကျခြင်း၊ လူမွေးလူတောင် မပြောင်လက်ခြင်းတို့မှာ ပျင်းရိခြင်းတည်းဟူသော အောက်တန်းစားစိတ်ဓာတ်ကြောင့်ပင်ဖြစ်သည်။ လူ့ဘဝ သက်တမ်းတွင် ကြီးပွားချမ်းသာစေတတ်သော အခွင့်အလမ်းကောင်းများ မကြာခဏဆိုသကဲ့သို့ ပေါ်ပေါက်ဆိုက်ရောက်လာတတ်ပေသည်။ သတိဝီရိယရှိသူ၊ ဥာဏ် လုံ့လရှိသူတို့မှာ ထိုအခွင့်အခါကောင်းကို လက်လွတ်မခံ စောင့်ကြိုလုပ်ကိုင်တတ်ကြသဖြင့် ကြီးပွားချမ်းသာသွားကြပေသည်။

ပျင်းရိနေသူမှာကား ပျင်းရိလေးကန်ဖင့်နွှဲနေသည်နှင့်ပင် ထိုကဲ့သို့အခွင့်ထူးကြီးကို လက်လွှတ်ဆုံးရှုံးခံလိုက်ကြရပေသည်။ "လူမတန်ကံချ" ဟူသောစကားရှိပေသည်။ လူဖျင်းလူညံ့ လူနှင့်မတန်သူတို့သည် ၎င်းတို့ဆင်းရဲနိမ့်ကျနေရသည်မှာ ကံကြောင့်ဟု ကံကိုအပြစ်ပုံချ၍နေတတ်ကြပေသည်။ အမှန်မှာမူ ကံဟူသည် မိမိကိုယ်တိုင်ပြုမူသော အရာသာလျှင်ဖြစ်သည်။ ကောင်းသောကံကြမ္မာသည် ပျင်းရိသူ၊ ဥာဏ်လုံ့လဝီရိယမရှိသူထံသို့ ဘယ်သောအခါမျှ မလာရောက်တတ်ကြပေ။

အလုပ်မှာစနစ်ရှိသည်။ ဥာဏ်လုံ့လ၊ ဝီရိယသမားတို့မှာဇယားရှိသည်။ ပျင်းရိသူမှာ မည်သည့်ဇယားမှ ရှိရန်မလိုချေ။ ပျင်းရိသူတွင် လူ့လောက၌အကျည်းတန်အရုပ်ဆိုးသော "ရေသာခိုစိတ်" ရှိလေသည်။ လူသူအများစုပေါင်း၍ လုပ်ကိုင်ကြရသော အများအကျိုးပြုအလုပ်မျိုးတွင် ရေသာခိုစိတ်ရှိသူ လူပျင်းသည် ချောင်ကပ်ခို၍ နေတတ်ကြပေသည်။ အမှန်မှာမူ ပျင်းရိခြင်းဟူသည်မှာ တစ်ကိုယ်ကောင်းဆန်စိတ်ဖြင့် မိမိသက်သာအောင် နေသောစိတ်ပင်ဖြစ်သည်။ "ဆန်ကုန်မြေလေး" ဟူသောလူမျိုးမှာ ပျင်းရိသူ၊ ရေသာခိုသူ၊ တစ်ကိုယ်ကောင်း ဆန်သူများကို ခေါ်ဆိုကြခြင်းပင်ဖြစ်သည်။

လူ့ဘဝခရီးရှည်ကြီးကို ဖြတ်သန်းလျှောက်လှမ်းကြရာတွင် ဥာဏ်၊ လုံ့လ၊ ဝီရိယတို့ကို အဖော်မွန်ပြု၍ လျှောက်လှမ်းမှသာ အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်ပေသည်။ ပျင်းရိသူတွင် လုံ့လ၊ ဝီရိယ၊ ဥာဏ်တို့မရှိနိုင်။ ထို့ကြောင့် ပျင်းရိသူသည် ပျင်းရိစိတ်တို့ ဖြစ်ပေါ်နေတတ်သဖြင့် တစ်စုံတစ်ရာ လုပ်ဆောင်ဖွယ်ရာများကို အချိန်ဆွဲ၍နေတတ်သည်။ အလုပ်လုပ်ဖို့အရေးကို အကြောင်းအမျိုးမျိုးပြ၍ အချိန်ကို ရွှေ့ဆိုင်းနေတတ်ကြသည်။ "အေးသည်၊ ပူသည်၊ မိုးချုပ်သည်နှင့် စောသည်၊ ဆာသည်၊ ပြည့်အင့်သည် ခြောက်မည်ပျင်းရိကြောင်း" ဟူ၍ရှိပေသည်။ ပျင်းရိစိတ်ရှိသူသည် ဤအပျင်းခြောက်မျိုးကို ရမယ်ရှာ၍ အလုပ်မလုပ်ဘဲ ခိုကပ်နေတတ်သည်။ သူတကာထက်နောက်ကျမှ အလုပ်ကိုလုပ်သဖြင့် သူတကာ၏ အောက်တန်းနောက်တန်းကို ကျရောက်နေမည်ပင်ဖြစ်သည်။

"လူပျင်းလုံ့လ တစ်ခဏ" ဟူသောစကားလည်းရှိပေသည်။ လူပျင်းတို့


mgyoe.com

mgyoe.com
သည် ရံဖန်ရံခါ လုံ့လထုတ်သည်ဆိုသော်လည်း ထိုလုံ့လသည် ဇွဲမပါသောကြောင့် ကောက်ရိုးမီးနှယ် ဟုန်းခနဲတောက်ပြီး ငြိမ်းခနဲ ငြိမ်းပျောက်သွားမြဲဖြစ်သည်။ ဖွဲမီးကဲ့သို့ တငွေ့ငွေ့ပူနေပါမှ ရှားမီးခဲကဲ့သို့ တရဲရဲလောင်နေပါမှ အလုပ်တစ်ခုကို အပြီးတိုင်သို့ ရောက်နိုင်ပေသည်။ စင်စစ်အားဖြင့် ပျင်းရိသူတို့သည် စိတ်ဓာတ်ညံ့ဖျင်းသူ၊ စိတ်ဓာတ်သိမ်ဖျင်းသူများဖြစ်သောကြောင့် ကျိုးကြောင်း ဆင်ခြင်ဉာဏ်မရှိ၊ အသိစိတ်မရှိ၊ တာဝန်ယူတတ်မှုမရှိ၊ မိမိကိုယ်တိုင်ပင် ရပ်တည်မှုရအောင် မဆောက်တည်နိုင်။ လွန်စွာယုတ်ညံ့သူများသာဖြစ်ကြသည်။

ပျင်းရိသူ၊ ငိုက်မျဉ်းတတ်သူ ရဲဘော်ကို ဥကင်းစောင့်ခိုင်းမိသဖြင့် ထိုပျင်းရိသော ရဲဘော်ကင်းသမား ငိုက်မျဉ်းနေစဉ် ရန်သူ၏အလစ် ဝင်တိုက်သည်ကို ခံရသည့် တပ်စခန်းလည်း ရှိဖူးလေသည်။ ပျင်းရိသူ ညမီးကင်းသမား၏ ပေါ့လျော့မှုကြောင့် မြို့ရွာမီးလောင်သည်ကို အချိန်လွန်မှ သိရသည်လည်း ဖြစ်ဖူးလေသည်။ ပျင်းရိသူ လူနံ့ကို ရေကင်းစောင့်ခိုင်းမိသဖြင့် ထိုရေကင်းသမား လူပျင်းအိပ်ပျော်နေခိုက် တာရိုးကျိုးပေါက်ပြီး မြို့ပြပြည်ရွာ ရေဘေးဒုက္ခသည်တို့လည်း ဖြစ်ဖူးခဲ့လှပြီ။ လူပျင်းလူဖျင်းတို့သည်ကား မကြာမတင် မွဲတေသွားတတ်ကြပေသည်။ ကုဋေရှစ်ဆယ်သူဌေးသားလည်း လူပျင်း လူဖျင်းဖြစ်လေသောကြောင့် ခွက်လက်ဆွဲ၍ တောင်းစားခဲ့ရသော သာဓကရှိဖူးလေသည်။

ထို့ကြောင့် လောကနီတိဆရာက "ပျင်းရိသူမှာ ပညာမရနိုင်၊ ပညာမရှိသူမှာ ဥစ္စာမရှိနိုင်၊ ဥစ္စာမရှိသူမှာ မိတ်ဆွေမရှိနိုင်၊ မိတ်ဆွေမရှိသူမှာ အေးချမ်းသာယာမှု မရှိနိုင်" ဟူ၍ဆိုခဲ့ပေသည်။ ပျင်းရိခြင်းကြောင့် အဆင့်ဆင့်နုံဖျင်းကာ လူ့ဘဝ အချည်းနှီး အလဟဿဖြစ်ရပုံကို ညွှန်ပြခဲ့ပေသည်။ "ဝီရိယ၏ ရန်သူကြီးမှာ ပျင်းရိရွှေ့ဆိုင်းထားတတ်ခြင်း ဖြစ်လေသည်။ ဝီရိယသည် အောင်မြင်ရာ အောင်မြင်ကြောင်းတို့၏ ပဓာနအချက်ကြီးဖြစ်သကဲ့သို့ ပျင်းရိရွှေ့ဆိုင်းထားတတ်ခြင်းသည် ဆုံးရှုံးရာ ဆုံးရှုံးကြောင်း ပျက်စီးရာ ပျက်စီးကြောင်းဖြစ်လေသည်" ဟူ၍ ဦးဗဂျိုငိုက ဆိုဖူးပါသည်။ ဤလောကတွင် ပျင်းရိသူနှင့် ကြောက်တတ်သူနှစ်ဦးအတွက် ကုရာနတ္ထိ ဆေးမရှိဟုဆိုကြပေသည်။

ပျင်းရိသောလူသားတို့နှင့်ပတ်သက်၍ စကားပုံတို့လည်း မြောက်မြားစွာရှိပါသည်။ "မိုးလွန်မှထွန်ချ၊ သူခိုးပြေးမှထိုးကွင်းထ၊ စစ်ရောက်မှမြားချွန်၊ မိုးသောက်မှကြက်တင်၊ နေဝင်မှစပါးလှန်း၊ လူမိုက်နောင်တနောင်မှရ" စသည့် စကားပုံများမှာ ဝီရိယမရှိသူလူပျင်းတို့၏ အချည်းနှီးဖြစ်စေသော အပြုအမူများပင် ဖြစ်ကြပါသည်။ ထို့ပြင် ပျင်းရိသူများသည် အစားကြီး၊ အအိပ်ကြီးကြပါသည်။ ထိုအတွက် တန်ဖိုးရှိသောအချိန်တို့ ပေးဆပ်လိုက်ကြရပေသည်။ ပျင်းရိခြင်းဟူသော စကားလုံးသည် အချိန်ဖြုန်းခြင်းဟူသော အဓိပ္ပာယ်ကိုလည်း ရရှိစေပါသည်။ တန်ဖိုးရှိသော


mgyoe.com

mgyoe.com
အချိန်ကို မဖြုန်းတီးသင့်သကဲ့သို့ လူ့အောက်တန်း နောက်တန်းကို ကျရောက်စေတတ်သော ပျင်းရိခြင်းစိတ်ကိုလည်း ပြုပြင်သင့်လှပေသည်။

ကျောင်းသား၊ ကျောင်းသူလောကတွင် ပျင်းရိသူသည် စာညံ့ပြီး စာမေးပွဲကျရှုံးတတ်မြဲဖြစ်သည်။ ဝီရိယဇွဲကောင်းသော ကျောင်းသား၊ ကျောင်းသူတို့ကား ဂုဏ်ထူးများ တသီတတန်းကြီးဖြင့် စာမေးပွဲအောင်မြင်ကြကာ ဘဝအထက်တန်းတက်လှမ်းနိုင်ကြပေသည်။ ကျောင်းစာသင်ခန်းကို ကျော်လွန်၍ လူ့လောက ဥစ္စာဓနရှာကြရာတွင်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယသမားတို့သာ လူ့အထက်တန်းလွှာသို့ ရောက်ရှိကာ ကြီးပွားချမ်းသာသွားကြပေသည်။ ထိုအခါ ၄င်းပျင်းရိနုံချာသူသည် သားသမီးတို့ကို အဝတ်လည်းမဆင်နိုင်၊ အစားလည်းမကျွေးနိုင်၊ ပညာလည်း သင်မပေးနိုင်ဖြစ်ကုန်ကြတော့သည်။ သားမယားတို့၏ ဘဝများပါ ဆင်းရဲဒုက္ခနွံ့အတွင်းသို့ ဆင်းသက်သွားရလေတော့သည်။ ပျင်းရိခြင်း၏ ဆိုးကျိုးသည်ကား ကြောက်မက်ဖွယ်ကောင်းလှပေတော့သည်။ ။


mgyoe.com

mgyoe.com

## မမေ့နိုင်သောနေ့တစ်နေ့

ပုံကြမ်း

- နေ့ပေါင်းများစွာထဲမှ နေ့တစ်နေ့ကို မမေ့နိုင်ပုံ
- ထိုနေ့တွင် ကြုံတွေ့ရသော ဖြစ်ရပ်များ
- ပြန်လည်မြင်ယောင်သော သွင်ပြင်များ
- အထူးမမေ့နိုင်သော ဖြစ်ရပ်တစ်ခု
- ထိုအချိန်က မိမိ၏ စိတ်ခံစားမှုနှင့်အတွေးများ


mgyoe.com

ဤအကြောင်းကို ရေးရမည်ဆိုလျှင် ကျွန်တော်နေထိုင်ရာဒေသနှင့် ကျွန်တော်တို့၏ နေအိမ်ကလေးအကြောင်းကို ဦးစွာရေးပြမှ ပိုအဆင်ပြေမည်ထင်ပါသည်။ ကျွန်တော်သည် မိုးခြောက်လရွာသွန်းသော ပြင်ဦးလွင်တွင် မွေးဖွားနေထိုင်ပါသည်။ ကျွန်တော်တို့၏ နေအိမ်ကလေးသည်ကား ပြင်ဦးလွင်ပဒေသာမြို့သစ်၏ ကုန်းမြင့်ပေါ်တွင် နှစ်ထပ်ဆောက်လုပ်ထားသည်မှာ အဝေးကပင် အထင်းသားမြင်နိုင်သော ချစ်စဖွယ် လှပသောအိမ်ကလေးဖြစ်ပါသည်။ ကုန်းမြင့်ပေါ်မှ အိမ်ကလေးကို အဝေးကမြင်နိုင်သကဲ့သို့ အိမ်ကလေးပေါ်မှ ကြည့်လိုက်လျှင်လည်း တမျှော်တခေါ် ရှုလို့မဆုံးနိုင်သော ပြင်ဦးလွင်၏ တောအလျှိုလျှို တောင်အထပ်ထပ် မြင်ကွင်းများကို တစ်နေ့တစ်မျိုး မရိုးရအောင် မြင်တွေ့နေရမြဲဖြစ်ပါသည်။

မရွေ့လျားသော မြင်ကွင်းဖြစ်ပါလျက် ရပ်ကြည့်နေသော နေရာသည်လည်း တစ်နေရာတည်းဖြစ်ပါလျက် အဘယ့်ကြောင့် တစ်နေ့တစ်မျိုး မရိုးနိုင်ရပါသနည်း။ ရှင်းပါမည်။ ပြင်ဦးလွင်မိုးသည် "အတိုင်နွား မိုးစွတ်၍ အလှည့်နွား မိုးမစို" ဟူသကဲ့သို့ တစ်နေရာတွင်သာ ကွက်၍ရွာပြီး ကျန်နေရာတွင် နေသာနေသည်လည်း ရှိတတ်၏။ တစ်နေရာတွင် မိုးအုံ့၍ တစ်နေရာတွင်မူ နေပူနေသည်ကိုလည်း မြင်ရလေ့ရှိ၏။ မည်းမှောင်နေသော တိမ်တိုက်တို့၏အကြားမှ ကွဲအက်ယိုဖိတ်ကျနေသောနေမင်း၏ ရောင်စဉ်တန်းများကိုလည်း ဟိုမှာတစ်ပိုင်း သည်မှတစ်စ အကွက်လိုက် အကွင်းလိုက်မြင်ရတတ်ပါသည်။ သည်မှာ မိုးသည်းသည်း ရွာသွန်းနေလျက်



mgyoe.com

mgyoe.com


အထေတစ်နေရာမှာ နေချစ်ချစ်တောက်ပနေသည့် မြင်ကွင်းမျိုးကာ မရိုးနိုင်သော မြင်ကွင်းပင်ဖြစ်၏။ ရဲခါတွင်မူ မိုးကုပ်စက်ဝိုင်းအောက်မှ ရောင်စုံသက်တံကြွေးကြွေး ကြီးကို မြင်ရသည်မှာ ကလေးဘဝတွင်ကား ပျော်ရွှင်ဖွယ် ကောင်းလှပါသည်။

ထို့နောက်တစ်ဖန်မူ ကျွန်တော်တို့အိမ်၏ အခင်းအကျင်းနှင့် ဖေဖေ့ အကြောင်းကိုလည်း အနည်းငယ်ရေးပြီးမှ သင့်လျော်မည်ဟုထင်ပါသည်။ ညှေ့ ခန်း၏ထိပ်တည့်တည့်နံရံတွင် အဘိုးသခင်ကိုယ်တော်မှိုင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း တို့၏ပုံကြီးများကို တခမ်းတနား ချိတ်ဆွဲထားပါသည်။ ကျွန်တော် ငယ်ငယ်စကား ပြောတတ်စအရွယ်က ဒါ ဘယ်သူ့ပုံလဲဟုမေးလျှင် ဆရာကီး သခင်ကိုယ်တော်မှိုင်း ပုံကို "ဘိုးဘိုး"၊ ဗိုလ်ချုပ်အောင်ဆန်း၏ပုံကို "ဘဘ" ဟုဖြေလေ့ရှိသဖြင့် ညှေ့ သည်များထံမှ မုန့်ဖိုးခဏခဏရသည်ဟု ဆိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံ အောက်တွင် မြန်မာ့စောင်းကောက်ကြီးရှိပါသည်။ ထိုစောင်းကောက်ကြီးကို ဖေဖေ တီးသည်မှာ တစ်ခါမျှ ကျွန်တော်မမြင်ဖူးပါ။ ပြတင်းပေါက် အလင်းရောင်ကို ရယူ ၍ အခန့်သားတည်ရှိနေသော သပြေသီးမှည့်ရောင် စန္ဒရားကြီးတစ်လုံးလည်းရှိပါ သည်။ ဤလောကကြီးတစ်ခုလုံးတွင် ဖေဖေအချစ်ဆုံးအရာကြီး ဖြစ်ပေလိမ့်မည်။

ကျောင်းပိတ်ရက်နှင့်တိုက်ဆိုင်သော တစ်ခုသောမိုးရာသီ၏ နေ့တစ်နေ့ တွင်ဖြစ်ပါသည်။ သူငယ်ချင်း မိန်းကလေးတစ်ဦး၏ မွေးနေ့ပွဲသို့ သူငယ်ချင်းတွေ စုဆုံကြမည်။ လူကြီးတွေက နံနက်ခင်းတွင် ဘုန်းကြီးဆွမ်းကပ်မည်။ ပြီးလျှင် ကျွန်တော်တို့ မွေးနေ့ရှင်၏ သူငယ်ချင်းတစ်သိုက်ကို ကန်တော်ကြီးလိုက်ပို့မည်။ ရက္ခဗေဒဉယျာဉ်ထဲတွင် ပျော်ပွဲစားထွက်ရင်း မွေးနေ့ပွဲကျင်းပမည်။ ထိုပွဲမှာ "မွန်မွန်" လည်း ပါမည်။ မွန်မွန်သည် ကျွန်တော်၏ မိန်းကလေးသူငယ်ချင်းများထဲ တွင် အသားအရေအလှဆုံး၊ အတည်ငြိမ်ဆုံးနှင့် မျက်လုံးအရောင်တောက်တောက် ကလေး ဖြစ်ပါသည်။ မွန်မွန် မိန်းကလေးသူငယ်ချင်းတစ်သိုက်နှင့် ကျွန်တော် အိမ်သို့ရောယောင်ပြီး ရောက်ခဲ့ဖူးပါသည်။ သားတွေချည်း မွေးထားသော မေမေက "ဟယ်ချစ်စရာလေး၊ အန်တီ့သမီးလေး ဖြစ်လိုက်ပါတော့ဟယ်" ဟူ၍ မွန်မွန့် ပါး ကလေးတွေဖွဲ့ကာ သမီးရူးရူးရှာသည်။ ကျွန်တော်လည်းလူလည်လုပ်ကာ "မေမေ့ သမီး ဖြစ်လိုက်ပါလားဟင်" ဟု နားနားကပ်ပြီး တိုးတိုးပြောမိသဖြင့် လက်သီးနှင့် ရင်ဝထုသည်ကို ခံစားရဖူးပါသည်။

ချစ်သောမိတ်ဆွေ သင်သည်မိုးချစ်သူဟူပါက ပြင်ဦးလွင် မိုးရာသီကို လာခံစားလှည့်ပါဟု ဖိတ်ခေါ်စမ်းပါရစေ။ ပြင်ဦးလွင်မိုးသည် ကျောင်းသွားရမည့် နံနက်ရှစ်နာရီခန့်တွင် တစ်ကြိမ်၊ နေ့လယ်ထမင်းစား ကျောင်းဆင်းချိန် ဆယ့်တစ် နာရီခန့်တွင်တစ်ကြိမ်၊ ပြီးနောက် ညနေကျောင်းဆင်းချိန် သုံးနာရီခန့်တွင်တစ်ကြိမ် မုန်းတီးစက်ဆုပ်ဖွယ် ရွာသွန်းလေ့ရှိတတ်ပါသည်။ မိုးကာအကျီလည်းဝတ်ရ၊ ထီး


mgyoe.com

mgyoe.com
ကိုလည်း လက်မလွတ်ရ။ ပြင်ဦးလွင်သည် အေးချမ်းပါ၏ဟူ၍ ပြင်ဦးလွင်နေကိုလည်း လျှော့မတွက်လိုက်ပါနှင့်ဦး။ နေပူထဲထွက်လျှင် ပူသည်ပါပဲ။

ယနေ့သော်တစ်မူ နံနက်မလင်းမီကပင် မိုးမင်းက အတင်းဆော်၍နေလေပြီ။ ရေစီးရေဆင်းကောင်းသော ကုန်းစောင်းကမူရပ်ကွက်မို့သာ တော်ပေ့ရော့။ လမ်းမပေါ် ရေတွေဖွေးဖွေးလှုပ် စီးဆင်းလျက်နေလေတော့သည်။ ခါတိုင်းကြားနေကျ ကျေးငှက်ကလေးတို့အသံကိုလည်း မကြားရ။ နံနက်ပိုင်း ကြားနေရမြဲဖြစ်သော တီဗွီ၊ ကတ်ဆက်တို့မှ ဖွင့်လှစ့်သည့် တရားဓမ္မသံ၊ ပရိတ်ရွတ်သံ တို့ကိုလည်းမကြားနိုင်။ သစ်ပင်သစ်ရွက်များအပေါ်၊ အိမ်ခေါင်မိုးတို့အပေါ် ကျရောက်နေသောမိုးသီးမိုးပေါက်တို့၏အသံများကိုသာ တအုန်းအုန်း၊ တဗျောဗျော၊ တဖြောင်းဖြောင်း ကြားရပေတော့သည်။ ခါတိုင်း မနက်မိုးလင်းလျှင် တွေ့မြင်နေရမြဲဖြစ်သော ထော်လာဂျီ၊ သုံးဘီး၊ ဆိုင်ကယ်နှင့် လူသွားလူလာတို့လည်း ပါးကျဲ၍နေလေသည်။ ရေဒီယိုတစ်ဖက်၊ ထီးကောက်တစ်ဖက်နှင့် လမ်းလျှောက်လေ့ရှိသူများကိုလည်း မတွေ့နိုင်တော့ပြီ။

အိမ်ဖော်မမလေး ပြေးဝယ်ပေးသော အီကြာကွေးပျော့ဖတ်နှင့် လက်ဖက်ရည်အေးစက်ကို ရေခဲစိမ်နံနက်စာဟု အမည်ပေးကာ အေးအေးလူလူ စားသောက်ရ၏။ ပြင်ဦးလွင်သည် မိုးခြိမ်းသံပေး၍ မိုးရွာသွန်းနေလျှင် တီဗွီမဖွင့်ရ၊ ဖုန်းကြိုးတွေဖြုတ်ထားရသည်။ မိုးကြိုးလျှပ်စီးတွေဝင်သောကြောင့် မကြာခဏ လောင်ကျွမ်းပျက်စီးလေ့ရှိသည်။ ပြင်ဦးလွင်ဝန်းကျင် ကျောက်တောင်တို့သည် သံဓာတ်သတ္တုပါဝင်မှုများလွန်းသောကြောင့် လျှပ်စစ်ဆွဲအားကို ဖြစ်ပေါ်စေသောကြောင့် မိုးကြိုးပစ်မှု၊ မိုးကြိုးလျှပ်စီးများ စီးဝင်မှု ဖြစ်ပေါ်သည်ဟု အဆိုရှိပါသည်။ သက်ဆိုင်မှုရှိလေသည် မရှိလေသည်ကား မဆိုသာ။ မိုးကြိုးပစ်ဟူသော ရွာကြီးပင်ရှိလေသေး၏တမုံ့။

ဆယ်နာရီထိုးလေပြီ။ မိုးကားအနည်းငယ်မျှပင်မလျော့။ အာကာတစ်ခိုဝယ် ခဲသားရောင်မိုးတိမ်ထုသည် အိပြိုကျတော့မည်ကဲ့သို့ ရှိတော့၏။ ကျွန်တော်နေမထိပြီ။ ဂျင်းဘောင်းဘီလည်း ဝတ်ပြီးပြီ၊ ရှူးဖိနပ်လည်း စွပ်ပြီးပြီ။ ဆိုင်ကယ်ကိုလည်း စက်နှိုးကြည့်ပြီးပြီ။ မိုးကြိုးပစ်ကာမှဝင်ရော တယ်လီဖုန်းကြိုးကို ဆက်သွယ်၍ မွေးနေ့ရှင်သူငယ်ချင်းအိမ်သို့ အရဲစွန့်ပြီးဖုန်းဆက်ကြည့်၏။ တစ်ဖက်က ဖုန်းကလည်း အဆက်အသွယ်တွေ ဖြုတ်တောက်ထားသည်။ ထိုစဉ်က လက်ကိုင် ဖုန်းများပေါပေါများများ ကိုင်တွယ်နိုင်သည့်ခေတ်အခါလည်း မဟုတ်တုံသေး။ မိုးသည်မည်မျှ မုန်းတီးစရာ ကောင်းလိုက်ပါသနည်း။

သူငယ်ချင်း၏ မွေးနေ့သွားမည့်အစီအစဉ်ကို ကြိုတင်ခွင့်ပန်ထားသောကြောင့် ဖေဖေက ကျွန်တော့်အဖြစ်ကို မသိကျိုးကျွံပြုကာ ပြုံးနေ၏။ မေမေကားပြုံးစိစိနှင့် ခေါင်းတညိတ်ညိတ်။ ညီလေးကာ ဘွားဘွား၏ခုတင်ပေါ်မှာ ရင်ခွင်ထဲ


mgyoe.com

mgyoe.com


တိုးခွေကာ ပုံပြင်နားထောင်နေပေပြီ။ အလတ်ကောင်ကား မပြီးဆုံးသေးသော သူ့အိမ်စာများကို ဆက်လုပ်နေဟန်ရှိ၏။ ကျွန်တော်ကား ဘာစာမျှလည်းမကြည့်ချင်တော့။ ကြည့်၍လည်းရတော့မည်မဟုတ်။ မိုးကာအင်္ကျီကို ချွတ်ရပြီ။ ရှူးဖိနပ်ကိုလည်းချွတ်ရပြီ။ အိပ်ခန်းထဲဝင်ကာ ဂွမ်းစောင်ကို ခေါင်းမြီးခြုံ၍သာ အိပ်နေလိုက်တော့၏။

အချို့သောနေသာသည့် တနင်္ဂနွေရက်များတွင်မူ ဖေဖေ့အိမ်၊ ဖေဖေ့ဧည့်ခန်းကို ရန်ကုန်မှရောက်ရှိနေတတ်သော ရုပ်ရှင်အဖွဲ့များ၊ ဗွီဒီယိုအဖွဲ့များ မကြာခဏ လာလာရိုက်လေ့ရှိကြ၏။ ဖေဖေ့စန္ဒရားကြီးကို တောင်နှိပ်မြောက်နှိပ်ဖြင့် ခပ်တည်တည်ကြီး သရုပ်ဆောင်နေသောမင်းသား ခေါင်းခေါက်တာကိုလည်း ခံရဖူး၏။ ရုပ်ရှင်ဗွီဒီယိုသည် ပိတ်ကားပေါ်၊ ဖန်သားမျက်နှာပြင်ပေါ် ကြည့်ကောင်းသော်လည်း ရိုက်ကွင်းအတွင်းကာ ရယ်စရာကြီးဖြစ်၍နေ၏။ ရှုတင်ထမင်းလည်း ဝင်တွယ်ဖူးပြီ။ အနုပညာသမားတို့သည် ပျော်ပျော်ရွှင်ရွှင်နေတတ်ကြ၏။ ယခု ကျွန်တော် အပြင်မထွက်ရချေသော် ၄င်းအဖွဲ့တွေတက်လာသော် ကောင်းအံ့ဟု ဆန္ဒဖြစ်ပေါ် မိသေး၏။

ဟော. . . စန္ဒရားသံ။ ကျွန်တော် ခေါင်းမြီးခြုံကို လှစ်လိုက်မိ၏။ ဖေဖေပိုးဝင်ပြီ။ စန္ဒရားချစ်ဆွေ၏ "တိမ်တမန်" ကို တို့ခတ်နေခြင်းဖြစ်၏။ တေးသွားပီပြင်လာ၏။ စန္ဒရားသည် လျှပ်စစ်တူရိယာ အော်ဂင်တို့နှင့်မတူ၊ အလူးအလိမ့်အဖိအဖော့ကလေးတွေနှင့် ဆွေးဆွေးမြေ့မြေ့ ကြေကြေကွဲကွဲရှိလှ၏။ ကျွန်တော် ထထိုင်မိပြီ။ တိမ်တမန်ပြီးသော် တီးကွက်ပြောင်းသွား၏။ ကိုမြကြီး၏ "မိုး" ပေပဲ။ အဆိုမပါ အတီးသက်သက်မျှဖြင့် ဖေဖေ့လက်သံကား နားထဲသို့စိမ့်၍စိမ့်၍ ဝင်လေတော့သည်။ ထို့နောက်သော် ဂီတနက်သန် ကိုစောညိမ်း၏ "မိုးသက်လေနှင်"၊ ပြီးတစ်ပုဒ်သော်ကား သန်းထွန်းလေး၏ "ဗုံကြီးသံ"။ သည်သီချင်းမှာတော့ ဖေဖေ့အသံထွက်လာပြီ။ ဖေဖေသည် အညာသားလယ်သမားမိသားစုမှ ဆင်းသက်လာသူ။ မိုး၏စေ့ဆော်မှုကြောင့် ဖေဖေသည် မွေးရပ်မြေသူ့ဒေသကို လွမ်းရေးငင်ပြီထင့်။

ဟော. . . စည်းသံ။ ဖေဖေ့ပိုးတွေ မေမေ့ထဲ ကူးဝင်လေပြီ။ အိမ်မှာ ဖေဖေ့ စန္ဒရားတီးလျှင် စည်းဝါးလိုက်သူမှာ မေမေပဲပေ့ါ။ ကျွန်တော် အိပ်ရာထက်မှ ထကာ အခန်းတံခါးဝမှ အသာအယာရပ်ကာ နားထောင်နေမိ၏။ ကျွန်တော်သည်သာ မဟုတ်တုံသေး၊ ညီငယ်နှစ်ယောက်လည်း ဧည့်ခန်းထဲသို့ရောက်နေကြပြီ။ အတီးသံစဉ်က တစ်မျိုးပြောင်းသွားပြန်၏။ ထိုအဝင်သံစဉ်ကို ကျွန်တော်မကျက်မိ၊ ဖြန်းခနဲ သီချင်းသံစဉ်ကိုမဖော်နိုင်။ မေမေ့အသံ ဝါဝါချိုချိုကလေးဝင်လာ၏။ မလှရွှေ၏ "မိုးဒေဝါ" ပါတကား။ ကျွန်တော့်ခြေလှမ်းများ ဧည့်ခန်းအတွင်းသို့ ရွေ့မှန်းမသိရွေ့နေပေပြီ။ ဖေဖေ့လက်သံနှင့် မေမေ့အသံချိုချိုကလေးကား နားဝင်ပီယံ



mgyoe.com

ရှိလှပါပေသည်။ သည်မေမေ့သီချင်းသံကလေးဖြင့် သည်မေမေ့ရင်ခွင်မှာ ကျွန်တော်တို့ညီအစ်ကိုတွေ မွေးစက်ခဲ့ရသည်မဟုတ်ပါလား။

ဂီတအနုပညာ၏ စွမ်းပကားသည်ကား ကြီးမားလှပါဘိသည်။ မိုးရွာ၍ စိတ်ညစ်စရာကောင်းသည်ဟူသော အတွေးတို့သည် လွင့်စင်ပျောက်သွားချေပြီ။ မိုးဒေဝါသီချင်းလည်း ပြီးဆုံးခြင်းသို့ ရောက်လေပြီ။ ကြည်နူးပီတိမျက်ရည်စတို့ ဖုံးလွှမ်းသော မျက်ဝန်းအစုံဖြင့် ဖေဖေသူ့သားတွေကို တစ်လှည့်စီကြည့်သည်။ ပြီးနောက် လက်ချောင်းကလေးများသည်ကား စန္ဒရားခလုတ်တွေပေါ် ခုန်ပေါက် ပြေးလွှား၍နေပြန်သည်။ သိပြီ၊ ဒါ "မြနန္ဒာ" သကြ်န်သီချင်းပေါ့။ ညီငယ်လေးက မေမေ့နားပြေးသွားပြီး လက်တို့ကိုကိုင်မြှောက်၍ အကခိုင်းနေပြီ။ မေမေကပြီ။ ဟန်လုပ်၍ ခြေမြှောက်လက်မြှောက် ကခြင်းမျိုးမဟုတ်။ ခြေပစ်လက်ပစ် နွဲ့နွဲ့နှောင်းနှောင်းဖြင့် တစ်ကိုယ်လုံးပါအောင် စိတ်ရောကိုယ်ပါ ကနေခြင်းဖြစ်သည်။

နောက်ထပ်သီချင်းတစ်ပုဒ်၊ ထို့နောက် နောက်ထပ်သကြ်န်သီချင်းတစ်ပုဒ်ဖြင့် လုပ်ခုပ်သံစည်းချက်တို့ကား မြိုင်သည်ထက် မြိုင်၍လာတော့သည်။ မြိုင်ချေမပေါ့၊ ဘွားဘွားလည်း အိပ်ရာထဲမှထွက်ကာ သူ့သမီးကသည်ကို လက်ခုပ်တီး၍ အားပေးနေပြီ။ မီးဖိုချောင်မှ ချက်ပြုတ်ကြော်လှော်နေကြသော မေမေ့အစ်မကြီးကြီး၊ အိမ်ဖော်မမ၊ အဝတ်လျှော်သော အန်တီတို့အဖွဲ့ပါ ဧည့်ခန်းကြီး ပြည့်၍နေပေပြီ။ မည်မျှကြည်နူးရွှင်မြူးစရာ ကောင်းလိုက်သည့် မိသားစုကလေးပါနည်း။ မည်မျှပျော်ရွှင်ဖွယ်ကောင်းလိုက်သည့် မိုးရွာသောနေ့တစ်နေ့ပါပေနည်း။

မိုးသည်း၍ စိတ်ညစ်ရလေခြင်းဟူသော အဖြစ်လည်းမရှိတော့ပြီ။ သူငယ်ချင်းတစ်သိုက်နှင့် ကန်တော်ကြီးပန်းခြံအတွင်း မွေးနေ့ပွဲကျင်းပ ပျော်ရွှင်ရန်ဆိုသည်ကိုလည်း မေ့ပျောက်ခဲ့ပြီ။ မျက်လုံးတောက်ထောက်ကလေးနှင့် ကောင်မလေးကိုလည်း သတိမရနိုင်တော့ပြီ။ တီးဆိုကပွဲကလေးလည်း ပြီးဆုံးသွားပြီ။ သို့ရာတွင် ဖေဖေ့လက်ကွက် သံစဉ်တို့နှင့် မေမေ့သီချင်းသံတို့က ကြားယောင်နေရဆဲ။ ပျော့ပျောင်းညင်းသွဲ့စွာ ကခုန်နေသော မေမေ့ပုံရိပ်က မျက်ဝန်းထဲတွင် မြင်ယောင်နေရဆဲ။

ထိုအရာတို့ကို မိုးရွာသွန်းသောနေ့တစ်နေ့ သို့မဟုတ် မမေ့နိုင်သောနေ့တစ်နေ့ဟု စာစီစာကုံးတစ်ပုဒ်ရေးရန် ကျွန်တော်တွေးတော၍ နေမိပေတော့သည်။



mgyoe.com